# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၄ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၅၆]


**ဒေါသပယ်ရှင်း နှလုံးသွင်း**

✻ ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု မသိသူများက ခိုက်ရန် ဖြစ်ပွားနေကြ၏။

✻ ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု သိသူများက အသင့်အတင့်နှလုံးသွင်းပြီး ရန်ငြိမ်းအောင် ကျင့်ဆောင်ကြ၏။

(ဓမ္မပဒ)

# မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များဆွေးနွေး

စာမျက်နှာ-၃

## ပျူခေတ်နှင့်အပြိုင် မြို့ဟောင်းတစ်ခုဖြစ်မည်ဟု သုတေသနဆန်းစစ်ထားသော ပေါရိသတ်မြို့ဟောင်း အင်းလေးဒေသ၏ ပြည်ပခရီးသွားများကို ဆွဲဆောင်လာနိုင်

သတင်းဆောင်းပါး-မြင့်မြတ်သစ္စာ

ဓာတ်ပုံ-ဇွဲမာန်

ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားကြသည့် အင်းလေးကန်တည်ရှိရာ ရှမ်းပြည်နယ်မြောက်ပိုင်း ညောင်ရွှေ မြို့နယ်အတွင်း အေဒီ ၁ ရာစုခန့်က ပျူခေတ်နှင့်ခေတ်ပြိုင်တည်ရှိခဲ့သည်ဟု ယူဆရသော ရှေး မြို့ဟောင်းတစ်မြို့ကို တူးဖော်သုတေသနပြုလျက်ရှိရာ ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများ တွေ့ရှိရကြောင်း သိရသည်။

အဆိုပါ ပေါရိသတ် (ခ) ကောသမ္ဘီမြို့ဟောင်းသည် မှန်ကူကွက်ပုံသဏ္ဌာန်၊ အနားပြိုင်စတုဂံပုံမြို့ဟောင်းဖြစ်ပြီး မြောက်ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုး၏အလျားမှာ မီတာ ၂၁၅၀၊ အရှေ့ဘက်နှင့်အနောက်ဘက်မြို့ရိုးတို့မှာ မီတာ ၁၅၅၀ ခန့်စီရှိသည်။ မြို့ရိုးတို့မှာ လေးဖက်စလုံးဖြောင့်တန်းလျက် ကွေ့ဝိုက်သောအပိုင်းနေရာမရှိဘဲ မြို့ဟောင်းမှာ ထောင့်မှန်စတုဂံပုံထက် မှန်ကူကွက်ပုံ သဏ္ဌာန် မြို့ဟောင်းဖြစ်သည်။ အကျယ်အဝန်းမှာ ၁ ဒသမ ၇ စတုရန်းမိုင်၊ ဧရိယာအားဖြင့် ၉၂၄ ဧက ကျယ်ဝန်းသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ပေါရိသတ်မြို့ဟောင်း၏ အနောက်ဘက် မြို့ဝင်ပေါက်ကို *စာမျက်နှာ ၅ ကော်လံ ၁* ◆



ပျူမြို့ဟောင်းရှိ အုတ်ရိုးနေရာတစ်နေရာကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

**သဘာဝဘေး စိန်ခေါ်မှု ပူးပေါင်းအန်တုတုံ့ပြန်ကြလျှင် . . .**

ဆောင်းပါး စာမျက်နှာ-၆

**အပူရှိန်ပြင်းထန်မှုကြောင့် ငါး၊ ပုစွန်မွေးမြူကန်များ မပြတ်စောင့်ကြည့်ရန်လို**

စာမျက်နှာ-၁၁



## လမ်း၊ တံတားနှင့် ချောင်းဟောင်းများ တူးဖော်ပေးမှုကြောင့် လှပလာသည့် မြို့ပိန်းဇလုပ်

သတင်းဆောင်းပါး-ပိန်းဇလုပ်သိန်းညွန့်၊ ဓာတ်ပုံ-ရန်အောင်ထွန်း(ပိန်းဇလုပ်)

ပိန်းဇလုပ် မတ် ၃

ပိန်းဇလုပ်မြို့သည် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း ညောင်လေးပင်မြို့နယ်အပိုင်ဖြစ်၍ ညောင်လေးပင်မြို့၏ မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းမကြီးအတိုင်း ကိုးမိုင်ခန့်သွားလျှင် ပိန်းဇလုပ်သို့ ရောက်သည်။ ရန်ကုန်-မန္တလေး မီးရထားလမ်းဖြတ်သန်းရာတွင် ကျရောက်မှုရှိပြီး မြန်မာ့မီးရထား ဘူတာရုံတည်ရှိသော မြို့တစ်မြို့ဖြစ်သည်။

ပိန်းဇလုပ်ဆိုသည်မှာ မွန်ဘာသာစကားမှ ဆင်းသက်လာသော အခေါ်အဝေါ်ဖြစ်ပြီး မွန်ဘာသာဖြင့် “ပါင်ဇာလောင်”ဟုရေး၍ ပါင်( Pain) ပိန်း=ပါးစပ်၊ ဇာလောင်=(Celeko)ဇလက်တို (n-a water course) ရေထွက်ဖြစ်ပြီး ပိန်းဇလက်(ကို) -ရေထွက်ပေါက်ဟူ၍ အဓိပ္ပာယ်ရပြီး စမ်းပေါက်အားကောင်းရာဒေသဟု ဆိုလိုသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❐


ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၁၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

RE GD.

ဝမ်းပျက်ဝမ်းလျှောနှင့် အိပ်မပျော်နေ့တွင်ဖြေရှင်း ကွမ်းရွက်ပုံ ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD

ဒူးနာ၊ ခါးနာ၊ ကိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း

မူးမော၊ ရင်တုန်၊ ဂဏ်ကြောတက်လျှင် ရှူ

ကမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

အဖြို့ဖြို့ ဆေးဆိုင်းမှာ ရရှိနိုင်ပါသည်။

ကမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်သည်

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## သတိပြုရဦးမည့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်

နွေရာသီရောက်ပြီဆိုလျှင် သတိပြုရမည့်သဘာဝဘေးအန္တရာယ်တစ်ခုမှာ ခရမ်းလွန်ရောင်ခြည် အန္တရာယ်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း ကမ္ဘာမြေပြင်အထက်ရှိအိုဇုန်းလွှာမှာ လူတို့၏ ပယောဂဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ ဓာတ်ငွေ့များလေထု အတွင်းအလွန်အကျွံထုတ်လွှတ်လာ၍ တဖြည်းဖြည်းပါးလွှာလာပြီး ကမ္ဘာမြေသို့ နေ၏အပူရှိန်နှင့်အတူပါလာသော ခရမ်းလွန်ရောင်ခြည်ကျရောက်မှုမှာလည်း တိုးလာလျက်ရှိသည်။

အထူးသဖြင့် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နေ၏အပူပြင်းဆုံးအချိန်ဖြစ်သည့် နွေရာသီကာလအတွင်း ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအညွှန်းကိန်းသည် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာသည်။ မတ်လမှစပြီ၊ မေလအထိတိုင်အောင် ပူပြင်းသောနွေရာသီနှင့်အတူ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုရင်ဆိုင်ရဖွယ်ရှိနေပါသည်။ ခရမ်းလွန်ရောင်ခြည်ကျရောက်ခြင်းကြောင့် နေလောင်ခြင်း၊ အသားညိုမည်းခြင်း၊ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်းနှင့် အရေပြားကင်ဆာဖြစ်နိုင်ခြင်းစသော ရောဂါများဖြစ်ပွားနိုင်ပါသည်။

ယခုရက်ပိုင်းအတွင်း ခရမ်းလွန်ရောင်ခြည်အမြင့်ဆုံးအနေအထားသို့ ကျရောက်တော့မည်ဖြစ်ကြောင်း ပညာရှင်များက သတိပေးနေပြီဖြစ်ပါသည်။ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို သတိပြုသွားလာရန်လိုအပ်ပါသည်။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားနေသူများ၊ အလုပ်လုပ်ကိုင်သူများနှင့် ကလေးသူငယ်များ အထူးသတိပြုရန် လိုအပ်ပါသည်။ နေရောင်ခြည်အောက်တွင် မဖြစ်မနေသွားလာနေကြသူများအနေဖြင့် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ကိုပါ လုံခြုံအောင် ဦးထုပ်၊ ထီး၊ အင်္ကျီလက်ရှည်များ ဝတ်ဆင်သွားလာသင့်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လူကြီးများထက် အသားအရေနုနယ်သေးသောကလေးများကို ပိုမိုထိခိုက်မှုရှိနိုင်ကြောင်း သိရပါသည်။ ကလေးမိခင်များ နေပူကျဲကျဲတွင် အကာအကွယ်မပါဘဲ သွားလာခြင်းမပြုသင့်ပေ။

ယခုနှစ်နွေရာသီသည် ယခင်နှစ်များနှင့်မတူဘဲ အပူချိန်မြင့်မားသည့် အယ်နီညိုရာသီဥတု ကျရောက်နိုင်ကြောင်း စောစောပိုင်းကပင် ပညာရှင်များက သတိပေးလျက်ရှိပါသည်။ ပူပြင်းသောရာသီဥတုကြောင့် ကျန်းမာရေးပြဿနာများ ပိုမိုဖြစ်ပွားလာနိုင်ပါသည်။ အပူလျှပ်ခြင်း၊ ဖျားနာခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းစသော ကျန်းမာရေးပြဿနာများလည်း ကြုံတွေ့ရဖွယ်ရှိပါသည်။

သို့ဖြစ်၍ ပူပြင်းသောနွေရာသီ ကာလအတွင်း လူတိုင်းလူတိုင်းနေပူထဲတွင် သတိပြုသွားလာရန်အရေးကြီးပေသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များ သတိပြုသင့်ပါသည်။ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကြောင့် ကျန်းမာရေးပြဿနာများ မဖြစ်ပွားစေရန် နေပူထဲတွင်သတိပြုသွားလာကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းအဆင့်(၁)စတင်ခြင်း အခမ်းအနားကျင်းပ



**ဘားအံ မတ် ၃**

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ရန်ပုံငွေဖြင့် နီပွန်ဖောင်ဒေးရှင်းမှ တာဝန်ယူ အကောင်အထည်ဖော်မည့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများ အဆင့်(၁) စတင်ခြင်းကို မတ် ၂ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ဂျပန်သံရုံးမှ ဒုတိယသံအမတ်ကြီး မစ္စတာမာဂူရာမနှင့် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်တို့က အမှာစကားပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်က ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို အကျဉ်းချုပ်တင်ပြသည်။

ထို့နောက် ပူးတွဲသဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်ကာ KNU၊ KNLA / KNLA -Peace Council, DKBA ပြန်လည်ထူထောင်ရေးပူးတွဲကော်မတီ ၊ နီပွန်ဖောင်ဒေးရှင်း၊ ကရင်ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြန်လည်ထူထောင်ရေးစီမံကိန်းလုပ်ငန်းအဆင့်(၁)တွင် KNU သထုံခရိုင်၌ ငွေကျပ် ၁၆၆၇၈၄၅၀၀၀ တန်ဖိုးရှိ နေအိမ် အလုံး ၁၅၀၊ ကျောင်းခုနစ်ကျောင်း၊ ဆေးပေးခန်းသုံးခန်း၊ ရေတွင်းငါးတွင်း၊ ဆိုလာပြား ၁၃၇၀၊ ရွာ ၁၀ ရွာရှိ ကျောင်းနှင့်ဆေးခန်းများအတွက် ပရိဘောဂများကိုလည်းကောင်း၊ KNU မြိတ်/ထားဝယ်ခရိုင်၌ ငွေကျပ် ၂၆၄၀၀၀၀၀၀ တန်ဖိုးရှိ နေအိမ်အလုံး ၄၀၀ ကိုလည်းကောင်း၊ KNUဒူးပလာယာခရိုင်(ဒေါနအရှေ့ခြမ်း၌) ငွေကျပ် ၁၉၈၀၀၀၀၀၀ တန်ဖိုးရှိ နေအိမ်အလုံး ၃၀၀ ကိုလည်းကောင်း၊ KNU ဒူးပလာယာခရိုင်(ဒေါနအနောက်ခြမ်း၌) ငွေကျပ် ၂၅၆၃၉၉၃၁၉၅ တန်ဖိုးရှိ နေအိမ်အလုံး၃၅၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုနှင့် ဆက်စပ်လုပ်ငန်းများကိုလည်းကောင်း၊ KNU/ KNLA-PC (မဲလဒေသ)၌ ငွေကျပ် ၂၄၈၆၇၈၈၅၀ တန်ဖိုးရှိ နေအိမ်အလုံး ၅၀ကိုလည်းကောင်း စုစုပေါင်းငွေကျပ် ၉၀၉၈ သန်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ သန်း တန်ဖိုးရှိ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် စီမံကိန်းလုပ်ငန်းအဆင့်(၂)နှင့် (၃)များကို ဆက်လက်ဆောင်ရွက်နိုင်ရန် အဆိုပြုလွှာများပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**မောင်စော(ဘားအံ)**

## ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေး ညှိနှိုင်းဆွေးနွေး

**မတ္တရာ မတ် ၃**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်စေရေးနှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေးတို့အတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီလ စတုတ္ထပတ်က မတ္တရာမြို့ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လက်ထောက်အထွေထွေမန်နေဂျာအင်ဂျင်နီယာ ဦးစိန်ဝင်းမြင့်က ပြည်သူများအားပိုမိုကောင်းမွန်စွာ ဓာတ်အားဖြန့်ဖြူးနိုင်ရန်နှင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသို့ ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများအဆင်ပြေချောမွေ့ပြီး ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ အမြန်ဆုံးဆောင်ရွက်နိုင်ရွက်အတွက် New Ever Light Co.,Ltd ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များက မြို့နယ်အတွင်း လိုအပ်သည့် လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ၊ ဓာတ်အားလိုင်းတိုးချဲ့ခြင်း စသည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## ရွှေပါရမီ သွေးလှူဒါန်းပွဲ

**ရန်ကုန် မတ် ၃**

ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ၃၃ ကြိမ်မြောက် ရွှေပါရမီသွေးလှူဒါန်းပွဲကို မတ် ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပမည်ဖြစ်သည်။ မည်သူမဆိုလာရောက် စုပေါင်းသွေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုချစ်**

## စာမေးပွဲကာလအတွင်း အသံချဲ့စက်၊ ဆောင်းဘောက်ဖွင့်မှု တားမြစ်ပေးရေး တရားဝင်အကြောင်းကြားစာပို့ထား

**မုဒုံ မတ် ၃**

၂၀၁၆ ခုနှစ် မတ်လ ၉ ရက်နေ့မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရတော့မည်ဖြစ်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ကာရာအိုကေဆိုင်၊ အသံချဲ့စက်၊ ဆောင်းဘောက်ဖွင့်လျက်ရှိသော ပိုင်ရှင်များ၊ အရက်ဆိုင်၊ ဘီယာဆိုင်များအား အသံကြောင့် အနှောင့်အယှက်မဖြစ်စေရေး မတ် ၁ ရက်မှ ၁၈ ရက်အထိ တရားဝင်အကြောင်းကြားစာပေးပို့ထားကြောင်း သိရသည်။

စာမေးပွဲဖြေဆိုသည့် မတ် ၉ ရက်မှစ၍ ပြီးဆုံးသည်အထိ အသံချဲ့စက်အသံ၊ ဆောင်းဘောက်အသံနည်းတူ ညအချိန်မတော် ဝုန်းဒိုင်းကြအသံကျယ်လောင်စွာဖြင့် ဆိုင်ကယ်အိတ်ဇောဖြုတ်ပြီး အိတ်ဇောပြင်၍ အသံမြင့် မောင်းသည့် ဆိုင်ကယ်များကိုလည်း အလေးထားဆောင်ရွက်သင့်ကြောင်း တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများက မျှော်လင့်တောင့်တလျက်ရှိကြောင်း သိရသည်။ **မုဒုံမောင်မောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၃-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၁.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၆.၉၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၉၉၆ |
| တရုတ် | တစ်ယွမ် | ၁၈၉.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၂ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မတ် ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol အား ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုတို့တွင် တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးအခြေအနေ၊ ကိုရီးယားကျွန်းဆွယ်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol အား လက်ခံတွေ့ဆုံစဉ်။** (မြဝတီ)

# မြန်မာ-တရုတ် နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နေမှုဆွေးနွေး

**နေပြည်တော် မတ် ၃**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ဥပဒေရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နေမှု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဥပဒေအကျိုးဆောင်အဖွဲ့တို့အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ၊ နှစ်နိုင်ငံဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငပလီဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**သံတွဲ မတ် ၃**

သံတွဲခရိုင် သံတွဲမြို့နယ် ငပလီမြို့ ၂၅ ခုတင်ဆံ့ ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကို မတ် ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ငပလီဆေးရုံသစ် အဆောက်အအုံအား ပြည်နယ်ဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ရွှေသိန်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆေးရုံအဆောက်အအုံသစ် ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရက္ခိုတသီဟ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးမြင့်လှိုင်က ဆေးရုံသစ်ဆောက်လုပ်ခြင်းဆိုင်ရာ မှတ်တမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ကုသရေးဦးစီးဌာနမှူးက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဆေးရုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေကျပ်သန်းပေါင်း ၇၅၀၀ ဖြင့် ရက္ခိုတသီဟဆောက်လုပ်ရေးကုမ္ပဏီက ၂၇-၇-၂၀၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်က ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ရန်ကုန်မြို့နေပြည်သူများ ခေတ္တရေပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးကြေညာထား

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့နေပြည်သူများ ရေလုံလောက်စွာရရှိနိုင်ရေးအတွက် အစီအမံများချမှတ်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအနက် ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်ရှိ ရေယိုစိမ့်မှုများပြားသည့် ဟောင်းနွမ်းသက်တမ်းရင့် ရေပိုက်လိုင်းများအား အသစ်လဲလှယ်ရန် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အချင်း ၁၀၀၀ မီလီမီတာ၊ အချင်း ၃၀၀ မီလီမီတာ၊ အချင်း ၂၀၀ မီလီမီတာ ရေပို့ပိုက်လိုင်း ၁ ဒသမ ၈၆ မိုင် ဆက်သွယ်ခြင်းလုပ်ငန်းပြီးစီးတော့မည်ဖြစ်၍ ရေပေးဝေရန် ပိုက်လိုင်းပေါင်း ဆက်သွယ်ခြင်းလုပ်ငန်းကို ယနေ့နံနက် ၈ နာရီမှ စတင်ဆောင်ရွက်လျက်ရှိပြီး မတ် ၇ ရက် နံနက် ၈ နာရီတွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း မရမ်းကုန်းမြို့နယ် အမှတ်(၉) နှင့် အမှတ်(၁၀)ရပ်ကွက်များ၊ ရန်ကင်းမြို့နယ် အမှတ်(၅)၊ (၆)၊ (၇)နှင့်(၈)ရပ်ကွက်များ၊ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်နှင့် ဆရာစံရပ်ကွက်များ၊ ကမာရွတ်မြို့နယ် အမှတ်(၉)နှင့် အမှတ်(၁၀)ရပ်ကွက်များတွင် ခေတ္တရေပြတ်တောက်မည်ဖြစ်သဖြင့် ရေကြိုတင်စုဆောင်းသုံးစွဲနိုင်ရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)က အသိပေးကြေညာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မစ္စတာ ဝေါ်တာ ရောဘတ် မာရီ ဂျာဂန် အား နယ်သာလန် သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် မတ် ၄**

မစ္စတာ ဝေါ်တာ ရောဘတ် မာရီ ဂျာဂန် အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဝေါ်တာ ရောဘတ် မာရီ ဂျာဂန်ကို ၁၉၇၁ ခုနှစ် ဇွန် ၁၈ ရက်တွင် နယ်သာလန်နိုင်ငံ ဒိုတင်ဆမ်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် စီးပွားရေးစီမံခန့်ခွဲမှုဝိဇ္ဇာဘွဲ့၊ ၁၉၉၇ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံမဟာဘွဲ့နှင့် စီးပွားရေးသိပ္ပံမဟာဘွဲ့များရရှိခဲ့သည်။ ၎င်းသည် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၁၉၉၇ ခုနှစ်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့နှင့် တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့တို့ရှိ နယ်သာလန်သံရုံးအသီးသီးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှ ဇွန်လအထိ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်တွဲဖက်၍ အကြီးတန်းမူဝါဒရေးရာလေ့လာသူအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဆိုက်ဘာရေးရာ၊ ပြစ်မှုရေးရာနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဦးစီးဌာန အကြီးအကဲအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ယနေ့အထိ နိုင်ငံတကာဆိုက်ဘာရေးရာမူဝါဒလုပ်ငန်းအဖွဲ့ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သံအမတ်ကြီးမစ္စတာ ဝေါ်တာ ရောဘတ် မာရီ ဂျာဂန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦး ရှိသည်။ **(သတင်းစဉ်)**

# ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို လာမည့်ဧပြီ ၂ ရက်(စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့တွင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက သွေးလိုအပ်နေသည့်လူနာများအား ဇီဝိတဒါနအသက်ကယ်နိုင်ရန် ရည်မှန်း၍ စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လာရောက်လက်ခံကြမည်ဖြစ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန(ဖုန်း-၀၉-၇၃၀၀၆၄၄၆)၊ သီလရှင်များ ပြင်ပလူနာဌာန (ဖုန်း-၀၁-၅၄၂၇၀၆)၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန (ဖုန်း-၀၁-၅၅၂၅၄၂)၊ ဆေးရုံအုပ်ကြီးရုံး(ဖုန်း-၀၁-၅၅၈၄၃၄)၊ လူမှုဆက်ဆံရေးဌာနစု (ဖုန်း-၀၁-၅၄၁၇၉၅) တို့သို့ လူကိုယ်တိုင်သို့မဟုတ် တယ်လီဖုန်းဖြင့် မတ် ၃၁ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွားနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လေယာဉ်ပျက်အပိုင်းအစတစ်ခု မိုဇမ်ဘစ်၌ ရှာဖွေတွေ့ရှိ၊ စုံစမ်းစစ်ဆေးရန်အတွက် မလေးရှားကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်မည်

**ကွာလာလမ်ပူ မတ် ၃**


အာဖရိက ပင်လယ်ကမ်းရိုးတန်းဒေသ၌ လေယာဉ်ပျက်အစိတ်အပိုင်းအဖြစ် ယူဆရသော အရာဝတ္ထုတစ်ခုကို ရှာဖွေတွေ့ရှိရပြီးနောက် မလေးရှားအမ်အိပ်ချ်-၃၇၀ လေယာဉ်ပျက်မှ အရာဝတ္ထု ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီး လီယိုကိုင်လေက မတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် မြို့ပြလေကြောင်းဌာန၊ မလေးရှားလေကြောင်းဌာနတို့မှ ကျွမ်းကျင်သူပညာရှင်များနှင့် စုံစမ်းစစ်ဆေးရေးမှူးများပါဝင်မည်ဖြစ်ကြောင်း ဝန်ကြီးလီယိုက ပြောကြားသည်။

အဆိုပါ လေယာဉ်ပျက်အပိုင်းအစမှာ စင်တီမီတာ ၉၀ အရှည်ရှိပြီး အကျယ် ၅၇ စင်တီမီတာ ရှိသည်ဆို၏။ မိုဇမ်ဘစ်နိုင်ငံ၏ အလယ်ပိုင်းပင်လယ်ကမ်းရိုးတန်းဒေသတွင် လွန်ခဲ့သည့်သုံးရက်က လေယာဉ်အပျက်အစီးအပိုင်းအစကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ယင်းနိုင်ငံ၏ မြို့ပြလေကြောင်းအာဏာပိုင်များက မတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအပျက်အစီးအပိုင်းအစကို နိုင်ငံတကာအဖွဲ့အစည်းမှ ကျွမ်းကျင်သူပညာရှင်များက ပူးပေါင်းစစ်ဆေး၍ အတည်ပြုပေးရန် မိုဇမ်ဘစ်နိုင်ငံက ကမ်းလှမ်းခဲ့သည်။

မိုဇမ်ဘစ်ရေလုပ်သားများသည် နိုင်ငံအလယ်ပိုင်းအင်ဟမ်ဘန်းပြည်နယ် ဗီလန်ကူလို့စ်မြို့အနီး သဲသောင်ခုံတစ်နေရာတွင် လေယာဉ်ပျက်အပိုင်းအစတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ရှာဖွေတွေ့ရှိရသော လေယာဉ်ပျက်အပိုင်းအစကို မိုဇမ်ဘစ်မြို့ပြလေကြောင်းတက္ကသိုလ်သို့ ပေးပို့ခဲ့သည်။

**(ဆင်ဟွာ)**


**မိုဇမ်ဘစ်၌တွေ့ရှိရသော ပျောက်ဆုံးမလေးရှားလေကြောင်းလိုင်း MH-370 လေယာဉ်၏ အပိုင်းအစဟုယူဆရသော ပစ္စည်းကို တွေ့ရစဉ်။**

# အီရတ်တပ်ဖွဲ့ စစ်ဆင်ရေးကြောင့် အိုင်အက်စ်တို့လက်မှ ကျေးရွာငါးရွာလွတ်မြောက်

**ဘဂ္ဂဒက် မတ် ၃**

ဆာလာဟူဒင် မြောက်ပိုင်းပြည်နယ်ရှိ ကျေးလက်ဒေသများကို မတ် ၃ ရက်က အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆင်ရေးပြုလုပ်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွများလက်မှ ကျေးရွာငါးရွာ လွတ်မြောက်သွားကြောင်း ပြည်နယ်လုံခြုံရေးဌာန၏ ပြောကြားချက်အရ သိရသည်။

အီရတ်တပ်ဖွဲ့ဝင်များ၊ လက်နက်ကိုင်မဟာမိတ် ဟာရှ်ရှာဘီများနှင့် ဒေသခံမျိုးနွယ်စုတိုက်ခိုက်ရေးသမားများသည် ဂျဇီရာဒေသအနှံ့အပြား၌ စုဖွဲ့လာကြပြီး ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၁၇၀ ခန့်အကွာရှိ ပြည်နယ်မြို့တော်တီအာကစ်နှင့် ဆာမာရာအနောက်ဘက်ပိုင်း ဒေသများအထိ ပျံ့နှံ့လာခဲ့သည်ဟု အမည်မဖော်လိုသူ အရင်းအမြစ်တစ်ခုက ဆင်ဟွာသို့ပြောသည်။

အီရတ်တပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့ဝင်များသည် အိုင်အက်စ်စစ်သွေးကြွများ၏ နေရာဒေသအတော်များများကို လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး ကျေးရွာငါးရွာကို လွတ်မြောက်အောင် စီစဉ်ပေးခဲ့သည်ဟု အဆိုပါအရင်းအမြစ်ထံမှ သိရသည်။ **(ဆင်ဟွာ)**

# နာမည်ပျက်စာရင်းသစ်တွင် မြောက်ကိုရီးယားခေါင်းဆောင်၏ ညာလက်ရုံးပါဝင်

**ဆိုးလ် မတ် ၃**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက နျူကလီးယားလက်နက်အစီအစဉ်နှင့်ပတ်သက်၍ သီးခြားဖြစ်နေသော မြောက်ကိုရီးယားအပေါ် အရေးယူမှုအသစ်ပြုလုပ်ရန် မဲပေးဆုံးဖြတ်ပြီးနောက် အမေရိကန်က အသစ်ထုတ်ပြန်လိုက်သော နာမည်ပျက်စာရင်းတွင် မြောက်ကိုရီးယားခေါင်းဆောင်၏ ညာလက်ရုံးကို အဓိကပစ်မှတ်ထားလျက်ရှိသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင် ဦးဆောင်သော အမျိုးသားကာကွယ်ရေးကော်မရှင်၏ ဒုတိယဥက္ကဋ္ဌဟွမ်ပြုံဆိုသည် U.S. Treasury's Office of Foreign Assets Control မှ ထုတ်ပြန်သော နာမည်ပျက်စာရင်းတွင် ထည့်သွင်းခြင်းခံရသူတစ်ဦးဖြစ်သည်။

မြောက်ကိုရီးယားစစ်တပ်၏ ဒုတိယအဆင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သော General Political Bureau တွင် ဦးဆောင်သောဟွမ်သည် မြောက်ကိုရီးယားစစ်တပ်တွင် ခေါင်းဆောင်ကင်ပြီးလျှင် ဒုတိယအာဏာအရှိဆုံးဖြစ်သည်။

မြောက်ကိုရီးယားအနေနှင့် အမေရိကန်အစိုးရက မူကြမ်းရေးဆွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သော အရေးယူမှုအသစ်များနှင့် ရင်ဆိုင်နေရသည်။ အသက်ခြောက်ဆယ်အရွယ်ရှိဟွမ်သည် ခေါင်းဆောင်ကင်၏ အယုံကြည်ရဆုံးလူယုံဖြစ်ပြီး နှစ်အနည်းငယ်အတွင်း အမြင့်ဆုံးခေါင်းဆောင်နေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**

# ပြုံယမ်း နျူကလီးယားဒုံးကျည်အစီအစဉ် အဆုံးသတ်ရန် ကုလလုံခြုံရေးကောင်စီ တောင်းဆို

**နယူးယောက် မတ် ၃**

မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများ တင်းတင်းကျပ်ကျပ် ထပ်မံပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဗုဒ္ဓဟူးနေ့တွင် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ အစောပိုင်းက ပြုလုပ်သော ခြောက်နိုင်ငံဆွေးနွေးပွဲတွင် ကောင်စီအဖွဲ့ဝင်များက ပြုံယမ်း၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်ကို ရုပ်သိမ်းပေးရန်ကိုလည်း တောင်းဆိုခဲ့ကြသည်။

ဆွေးနွေးမှု အဖြေရလဒ်သစ်မှာ မြောက်ကိုရီးယားက ၎င်း၏နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်ထပ်မံ တိုးချဲ့ပြုလုပ်ရန်အားထုတ်မှုကို ဟန့်တားရန် ရည်ရွယ်ထားကြောင်းသိရသည်။ ပြုံယမ်း၏ ဒုံးကျည်ပစ်လွှတ်မှုနှင့် နျူကလီးယား စမ်းသပ်မှုများကိုတားမြစ်ရန် ယခင်အစည်းအဝေးမှ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။ **(ဆင်ဟွာ)**


**ကုလသမဂ္ဂဌာနချုပ်၌ မတ် ၂ ရက်က မြောက်ကိုရီးယားကို ပိတ်ဆို့မှုများပြုလုပ်ရန် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ စည်းဝေးနေသည်ကို တွေ့ရစဉ်။**

# အင်ဒိုနီးရှားအင်အားပြင်း ငလျင်လှုပ်ပြီးနောက် ငလျင်ငယ်များ ဆက်လက်လှုပ်ခတ်မှုဖြစ်ပွား

**ပါဒန်း(အင်ဒိုနီးရှား) မတ် ၃**

လူပေါင်း ၂၀၀၀၀၀ ကျော် သေဆုံးခဲ့ရသည့် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ၌ ဖြစ်ပွားခဲ့သော ဆူနာမီငလျင်ကဲ့သို့ အင်အားပြင်းထန်သော ရေအောက်ငလျင်လှုပ်ခဲ့ပြီးနောက် ကြာသပတေးနေ့အစောပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ အင်အားပြင်းငလျင်ငယ်များ ဆက်တိုက်လှုပ်ခတ်လျက်ရှိသည်။

ဆူမတြားကျွန်း ပန်ဒန်းဆိပ်ကမ်း၌ ဗုဒ္ဓဟူးနေ့ညပိုင်းက ရစ်ချ်တာစကေး ၇ ဒသမ ၈ ရှိ ငလျင်လှုပ်ခဲ့မှုကြောင့် သေဆုံးသူနှင့် အဆောက်အအုံများ ပျက်စီးမှုမရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

လူပေါင်းတစ်သန်းခန့် နေထိုင်သည့် ပန်ဒန်းဆိပ်ကမ်း၌ နေ့စဉ်ပုံမှန်လုပ်ငန်းများ ပြန်စနေပြီဖြစ်ကြောင်း ငလျင်ငယ်ခြောက်ကြိမ်လှုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ခြင်းမရှိကြောင်း ကမ်းရိုးတန်းတစ်လျှောက် အိမ်အဆောက်အအုံများပျက်စီးခြင်းမရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ **(ရိုက်တာ)**

# တောင်ဆူဒန်၌ နိုင်ငံရေးအငြင်းပွားမှုကြောင့် အပြစ်မဲ့ပြည်သူ ငါးသောင်းကျော် သေဆုံးခဲ့ရ

**ဂျီနီဗာ မတ် ၃**

တောင်ဆူဒန်နိုင်ငံ၏ နှစ်နှစ်ကြာပြည်တွင်းစစ်ပွဲအတွင်း အနည်းဆုံး လူပေါင်း ၅၀၀၀၀ သေဆုံးခဲ့ကြောင်း၊ ပဋိပက္ခဖြစ်ပွားနေသော အစောပိုင်းလများအတွင်း သေဆုံးသူ ငါးဆရှိခဲ့ကြောင်း ကုလသမဂ္ဂထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

သမ္မတဆဲလ်ဗာကီယာနှင့် ၎င်း၏ဒုတိယသမ္မတဟောင်း ရိ(ခ်)မာချာတို့အကြား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက နိုင်ငံရေးအငြင်းပွားမှုကြောင့် နိုင်ငံတစ်ဝန်း မီးတောက်လောင်ခဲ့ကာ အပြစ်မဲ့ပြည်သူထောင်သောင်းချီ၍ သေဆုံးခဲ့ရကြောင်း ၎င်းကပြောသည်။ ပြည်တွင်းစစ်ကြောင့် လူပေါင်းငါးသောင်းကျော်သေဆုံးပြီး ၂ ဒသမ ၂ သန်း ဒုက္ခသည်ဘဝ ရောက်ခဲ့ရကြောင်း၊ လာမည့်လများအတွင်း အငတ်ဘေးနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက သတင်းထောက်များအား ပြောသည်။

တောင်ဆူဒန်စစ်ပါတီများကြောင့် အရပ်သားများ သေဆုံးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ စည်းစိမ်ဥစ္စာများ ဖျက်ဆီးခံရခြင်းများ ဖြစ်ပွားလျက်ရှိကြောင်းလည်း ၎င်းကပြောသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးဆောင်ရွက်သူများက တောင်ဆူဒန်နေရာခြောက်ခုတွင် လူပေါင်း ၂၀၀၀၀၀ နီးပါးကို အကာအကွယ်ပေးထားသည်ဟု ဆိုသည်။ **(ရိုက်တာ)**

# တရုတ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ၁၀၀၀၀ ကျော် တွေ့ရှိ

**ပေကျင်း မတ် ၃**

မြင်းခွာပုံ ရွှေထည်များကို တရုတ်နိုင်ငံမြို့တော် ပေကျင်းရှိ ပြတိုက်တွင် မတ် ၂ ရက်က ပြသခဲ့သည်။ ယင်းရွှေထည်ပစ္စည်းများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ သက်တမ်းရှိ ဟန်မင်းဆက် (၂၀၆ ဘီစီ- ၂၄အေဒီ) တွင် နန်းစံသက် ၂၇ ရက်သာ စိုးစံခဲ့ရသော ဟိုင်ဟွန်ဘုရင် အုတ်ဂူဟောင်းတစ်ခုမှ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကျောက်စိမ်းတံဆိပ်တုံးကို အုတ်ဂူ၏အတွင်းပိုင်းနေရာမှ တူးဖော်တွေ့ရှိခဲ့သည်။ ငါးနှစ်ကြာ တူးဖော်မှုအတွင်း ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းပေါင်း ၁၀၀၀၀ ကျော် ရှာဖွေတွေ့ရှိခဲ့သည်။ **(ဆင်ဟွာ)**

# တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု ကျေးလက်မီးလင်းရေးဖွင့်ပွဲကျင်းပ

**အိမ်မဲ မတ် ၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် လူကောင်းကျွန်းကျေးရွာ ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ပြီးစီးခဲ့သော လူကောင်းကျွန်း ကျေးလက်မီးလင်းရေးဖွင့်ပွဲကို မတ် ၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမန်းငြိမ်းရွှေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျေးလက်မီးလင်းရေးလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ငွေ၊ ပြည်သူများထည့်ဝင်ငွေ စုစုပေါင်း ၇၉ ဒသမ ၇၆၃၈၂ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး တို့တွင် အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

# (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

◆ **ရှေ့ဖုံးမှ**

စမ်းသပ်တူးဖော်ခဲ့ကြပြီး မြို့ရိုးသည် အဝန်းအဝိုင်းမဟုတ်ဘဲ အနားပြိုင်စတုဂံ(သို့)မှန်ကူကွက်ပုံ မြို့ဟောင်းတစ်ခုဖြစ်သည်။

မြို့ဟောင်း၏ အနောက်မြောက်ထောင့်မှ သီရိဝစ္ဆပုံနှင့်တစ်ဖက်တွင် တက်နေဝန်းပုံ ငွေဒင်္ဂါးတစ်ချပ်နှင့် ညာလက်မှ အဘယမုဒြာငယ်လက်ကို ပေါင်ပေါ်တင်နေဟန် ကြေးဆင်းတုတစ်ဆူတွေ့ရှိခဲ့၍ ဆင်းတုတော်သည် သရေခေတ္တရာဆင်းတုများနှင့် ခေတ်ပြိုင်ဟု သုတေသီတို့က သုံးသပ်ထားသည်။ ထို့အပြင် အုတ်ခဲများတွင် လက်စင်းရာများပါရှိပြီး အရွယ်အစားမှာ (၁၉×၉×၃)၊ (၁၈×၉×၃)နှင့် (၁၉×၉×၃ ဒသမ ၅) လက်မရှိသော အုတ်များဖြစ်ခြင်း၊ ပျူဂဏန်းသင်္ချာဟုယူဆရသော (၂၀၊ ၈၀) ဂဏန်းများပါရှိခြင်း၊ ရေစင်တော်သွန်းအိုး၊ ချက်ပြုတ်အိုး၊ ရေလှောင်အိုး၊ ရေသယ်အိုး၊ သပိတ်ပုံစံအိုးနှင့် ချက်ပြုတ်အိုးတို့၏ အနီရောင်အိုးခြမ်းကွဲများတွေ့ရှိရခြင်း၊ သံမယ်နုများနှင့် ရုပ်ပုံပါသော ဗိသုကာဆိုင်ရာ အုတ်များကိုတွေ့ရှိရသောကြောင့် ပင်လယ်(မိုင်းမော)မြို့ဟောင်းမှတူးဖော်တွေ့ရှိချက်တို့နှင့် တူညီနေကြောင်း သုတေသနပညာရှင်တို့က မှတ်ချက်ပြုထားသည်။

မြေပေါ်တွေ့ရှိချက်အချို့ဖြစ်သော နန်းဦးစေတီဟု ယူဆရသည့်နေရာတွင် မြေသားညှိရာမှ ဆင်ရုပ်၊ မြင်းရုပ်၊ လူမတ်ရုပ်ရုပ်၊ ဘီလူးရုပ်နှင့် ကလသာအိုးပုံ စသည့်အုတ်တို့ကို တွေ့ရှိရခြင်း၊ စတင်စမ်းသပ်တူးဖော်ခဲ့သော အနောက်မြို့ရိုးဝင်ပေါက်၏ မြို့ရိုးလက်တံမှာ တန်းမတ်စွာရှိသော မြို့ဝင်ပေါက်သည် မြို့ရိုးဖြက်အကျယ် ၁၇၀ စင်တီမီတာနှင့် မြို့ဝင်ပေါက်လက်တံ၏အကျယ်သည် ၁၆၃ စင်တီမီတာရှိသောကြောင့် ပင်လယ်(မိုင်းမော) မြို့ဟောင်း၏ မြို့ဝင်ပေါက်နှင့်တူညီနေသည်ဟု ဆိုသည်။

ပေါရိသတ်မြို့ဟောင်းအနောက်ဘက်ဝင်ပေါက်၏ စမ်းသပ်တူးဖော်သောနေရာကို ပျက်စီးမှုမရှိစေရန် အုတ်တန်းနှစ်ဖက်ကို အကာအရံဖြင့် ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ မြို့ဝင်ပေါက်လေးပေါက်ရှိပြီး မြောက်ဘက်ပေါက်နှင့် အနောက်ဘက်ပေါက်သည် မြို့ရိုးဝင်ပေါက်အဖြစ် ထင်ရှားစွာ တည်ရှိနေသည်။

ပေါရိသတ်မြို့ဟောင်းသည် ဘုရားနီရွာနှင့် အနီးဆုံး၌တည်ရှိပြီး ရွာမှ လူကြီးများက နန်းတော်နေရာသစ်တောအုပ်တွင်ရှိသော နတ်နန်း၌ နှစ်စဉ် ဝါဆိုလဆန်း ၈ ရက်တွင် သက်သတ်လွတ်ဟင်းလျာများ၊ မုန့်နှင့် သစ်သီးတို့ဖြင့် ယနေ့တိုင်ပူဇော်ကျင်းပလေ့ရှိကြောင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ တောခုတ်ခြင်းတို့ကြောင့် မြို့ဟောင်းဝန်းကျင်သစ်တောပျောက်သွားပြီဖြစ်၍ နန်းတော်နေရာသစ်တောအုပ် လေးသာသစ်ပင်ကျန်ရှိတော့၍ မြေယာတိုးချဲ့မှုနှင့် သစ်ပင်ခုတ်ခြင်းကို ဝိုင်းဝန်းတားဆီးလျက်ရှိကြောင်း၊ ရှည်လျားသောလူရိုးများကို လယ်ထွန်ချိန်တွင်တွေ့ရှိခဲ့ပြီး လက်ဖျံရိုးတစ်ချောင်းလျှင် တစ်တောင်နှင့် လက်လေးလုံးရှိကြောင်း ရွှေငွေနှင့် မြင်းခြေနင်းကွင်းကိုလည်း ရရှိတတ်ကြောင်း၊ တစ်နေ့တွင် ဤမြို့ဟောင်းနေရာသည် မြို့ကြီးတစ်ခုအဖြစ် ပြန်လည်စည်ကားလာမည်ဟု ယုံကြည်ထားကြသည့်အတွက် မြို့ဟောင်းဟုမခေါ်ဘဲ မြို့ကြီးဟုသာ ဒေသခံတို့ ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ အိမ်ခြေ ၆၀ ကျော်ရှိပြီး လျှပ်စစ်မီးရရှိနေပြီဖြစ်၍ စိုက်ပျိုးရေးဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုသောရွာဖြစ်သည့်အတွက် မြို့ဟောင်းကို ပြန်လည်တူးဖော်ခြင်းဖြင့် သမိုင်းတစ်ခုကို ပြန်လည်ဖော်ထုတ်နိုင်သည့်နည်းတူ ရွာ၏ဖွံ့ဖြိုးတိုးတက်မှုမှာလည်း သိသာစွာပြောင်းလဲသွားနိုင်ကြောင်း အသက် ၇၆ နှစ်ရှိသော တိုင်းလုံ့ရှမ်းတိုင်းရင်းသား အဘစိုင်းလိတ်က ဆိုသည်။

စတင်တူးဖော်၍ သုတေသနပြုခဲ့သောနေရာသည် မြို့ဟောင်း၏ အနောက်ဘက်မြို့ဝင်ပေါက်နေရာဖြစ်ပြီး တူးဖော်မှုကုန်းအမှတ် (PRT-1) အဖြစ် သတ်မှတ်ကာ ထိုနေရာသည် တောင်လေးလုံးကျေးရွာအုပ်စု ဘုရားနီကျေးရွာ၏ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၃ မိနစ် ၅၂ ဒသမ ၈ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၄ မိနစ် ၅၅ ဒသမ ၄ စက္ကန့်တွင်တည်ရှိကာElevation ၂၉၅၇ ပေအမြင့်တွင် ရှိနေသည်။

အဆိုပါမြို့ဟောင်း၏ မြောက်ဘက်တွင် ရဲနွယ်ရွာ၊ တာယောရွာ၊ အရှေ့ဘက်တွင် စခန်းကြီးရွာ၊ ကန်ထောင့်ရွာ၊ ဥယျာဉ်ရွာ၊ တောင်ဘက်တွင် လင်းဇင်းကုန်းရွာ၊ အုတ်ဖိုရွာ၊ ပေါရိသတ်ရွာနှင့် အနောက်ဘက်တွင် ဘုရားနီကျေးရွာတို့ရှိသည်။

လက်ရှိအခြေအနေတွင် နန်းတော်ဟုသောနေရာ၌ နတ်နန်းနှင့် တောအုပ်တစ်ခုရှိနေပြီး မြို့ရိုးသင်္ကေတအဖြစ် အရပ်လေးမျက်နှာတွင် မြေသားများဖုံးနေသော အုတ်ရိုးများမှာ တစ်ချိန်ကစည်ကားလှပခဲ့မှုကို ပြသနေသည်။ ရေရရှိပြီး ပြန့်ပြူးသောမြေပြန့်လွင်ပြင်ဖြစ်သောကြောင့် စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်သောနေရာဖြစ်ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ မြို့ဟောင်းသည် တောင်လေးလုံးကျေးရွာအုပ်စုတွင်ပါဝင်ပြီး ထိုအုပ်စုတွင် ကျေးရွာပေါင်း ၁၂ ရွာရှိကာ မြို့ဟောင်း၏အနောက်ဘက်တွင်ရှိသော ဘုရားနီရွာနှင့် အရှေ့ဘက်တွင်ရှိသော ပေါရိသတ်ရွာအပါအဝင် အခြား ၁၀ ရွာသည် ရှေးဟောင်းပစ္စည်းများကို ခြံဝင်းအတွင်း တူးဆွရင်းဖြစ်စေ၊ လယ်ထွန်လျှင်ဖြစ်စေ၊ ပေါင်းရှင်းလျှင်ဖြစ်စေ ယနေ့တိုင် တွေ့တွေ့နေရဆဲဖြစ်သည်။

မြို့ရိုး၏ အနောက်တောင်ဘက် လယ်ကွက်ပိုင်ရှင် ဘုရားနီရွာသား ဦးဝင်းထွန်း(၅၃ နှစ်) ၏ လယ်ကွက်အတွင်းမှ ပျူခေတ်နှောင်းပိုင်းဟုယူဆထားသော နှစ်လက်မကျော်ရှိသည့် ဆင်းတုတော်တစ်ဆူနှင့် ပျူခေတ်ဒင်္ဂါးများနှင့်ဆင်တူသည်ဟု ခန့်မှန်းထားသောဒင်္ဂါးပြားတစ်ပြားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အပ်နှံခဲ့၍ ပင်လယ်(မိုင်းမော) မြို့ဟောင်းနှင့် ဆက်စပ်မှုရှိနိုင်သည်ဟု ပညာရှင်တို့က ယူဆထားသည်။

အဆိုပါ ပေါရိသတ်မြို့ဟောင်း (ခ) ကောသမ္ဗီမြို့ဟောင်း(ဒေသအခေါ်မြို့ကြီးကွင်း) သည် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်အတွင်း၌တည်ရှိပြီး GPS Location အရ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၆ မိနစ်တွင် တည်ရှိသည်။ ပေါရိသတ်မြို့ဟောင်းသည် ရွှေညောင်မြို့တောင်ဘက် (၁ ဒသမ ၃၄)မိုင်အကွာ ညောင်ရွှေမြို့မှမြောက်ဘက်လေးမိုင်ခန့်အကွာတွင် တည်ရှိသော မြို့ဟောင်းတစ်ခုဖြစ်သည်။

ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များစာအုပ်တွင် ပေါရိသတ်မြို့ဟောင်းနှင့်ပတ်သက်၍ ထိုပေါရိသတ်မြို့ (ပထမရွှေညောင်မြို့ဟောင်း)ကို မည်သူတည်သည်၊ မည်သည့်ခုနှစ် သက္ကရာဇ်တွင်တည်သည်ဟု တိကျစွာပြောဆိုနိုင်ခြင်း မရှိခဲ့ချေ။ အင်းလေးဖောင်တော်ဦးဘုရားသမိုင်းတွင် ပါဝင်သောအချက်အလက်အချို့နှင့် လက်ဆင့်ကမ်းအရပ်သမိုင်းတို့သာ ကျန်ရှိခဲ့ပြီး မျက်မှောက်ခေတ်တွင် တစ်ချိန်က ကြီးကျယ်ခမ်းနားမှုနှင့် ရှေးကျခဲ့မှုမှာ ယနေ့မြင်တွေ့နေရသော ရှေးဟောင်းပစ္စည်းများက အတိတ်၏ပုံရိပ်များကို ထောက်ပြလျက်ရှိသည်။

မြို့ဟောင်းတစ်ခုအဖြစ် တူးဖော်နိုင်ခဲ့သည့် ဘိန္နကမြို့သည် မန္တလေးတိုင်း မိတ္ထီလာခရိုင် ပျော်ဘွယ်မြို့၏ အရှေ့ ၁၂ မိုင်ခန့်အကွာ ရှမ်းရိုးမတောင်ခြေရင်း၌ ရွှေညောင်ဖူး၊ ကျောက်ချပ်၊ ပုတီးကုန်း၊ မြောက်မီးကုန်း၊ ပင်သောက်စသော ကျေးရွာများ ခြံရံလျက်တည်ရှိပြီး ထိုရှေးမြို့ဟောင်းကို ဆရာကြီးမောင်မောင်တင်နှင့် တပည့်များအဖွဲ့က ၁၉၈၀ ပြည့်နှစ်တွင် စတင်တွေ့ရှိ တူးဖော်နိုင်ခဲ့သည်။ ယနေ့ထက်တိုင်ပင် မြို့ဟောင်းတစ်ဝိုက်၌ ပျူငွေဒင်္ဂါး၊ ပျူပုတီးစေ့မျိုးစုံနှင့် အရိုးအိုးများကို မကြာခဏတွေ့ရှိနေရလျက်ပင်ဖြစ်သည်။

ပေါရိသတ်(ခ) ကောသမ္ဗီမြို့ဟောင်းတွင် ပျူယဉ်ကျေးမှုအထောက်အထားများကို တွေ့ရှိနေရပြီးဖြစ်သည်။ မြို့ဝင်ပေါက်၏ လက်တံ အဆုံးသတ်ကို သိရှိနိုင်ရန် ကျန်ရှိသောအပိုင်းတို့ကို ဆက်လက်တူးဖော်သုတေသနပြုခြင်း၊ မြို့ဝင်ပေါက်တောင်ဘက်အခြမ်းကိုဆက်လက်တူးဖော်ခြင်း၊ ထူးခြားသောမြို့ဝင်ပေါက်များဖြစ်သည့်အတွက် ပျူယဉ်ကျေးမှုပျံ့နှံ့လျက်ရှိကြောင်း ပို၍ခိုင်မာစေရန် ဆက်လက်သုတေသနပြုခြင်း၊ လက်ရှိတူးဖော်မှုကြောင့် ရုပ်လုံးပေါ်စပြုနေသော အနောက်ဘက်မြို့ဝင်ပေါက်မှ အုတ်တန်းများအားထိန်းသိမ်းထားခြင်းနှင့် နန်းတော်ရာကုန်းဟုယူဆရသော နေရာနှင့် အရုပ်အုတ်များတွေ့ရှိသော ဘုရားကုန်းနေရာကို ဆက်လက်တူးဖော်သုတေသနပြုခြင်းဖြင့် မိမိနိုင်ငံ၏လူမျိုးနှင့်ယဉ်ကျေးမှုကို ကမ္ဘာက အသိအမှတ်ပြုမှုထက် ပို၍စိတ်ဝင်စားအာရုံပြုမှုကို ရရှိလာမည်မှာ အမှန်ပင်ဖြစ်သည်။

ဘိန္နကမြို့၏ မိုင် ၂၀ ခန့်အကွာရှိ ဒေသတစ်ဝိုက်မှ ရွာထင်းကုန်း၊ ထုံးဘို၊ ဧသောယာ၊ ကြို့ကုန်းကျေးရွာတို့တွင် ကြေးခေတ်နှောင်းနှင့် သံခေတ်ဦး အထောက်အထားများကို တွေ့ရှိရကာ ပျော်ဘွယ်မြို့၏အရှေ့တည့်တည့်တွင် ထိုဘိန္နကမြို့ဟောင်း တည်ရှိခဲ့သည်။ ဘိန္နကရာဇာအနွယ်တော်များ မြို့တည်ခဲ့ကြဟန်ရှိပြီး အချို့ကား ရှမ်းကုန်းပြင်မြင့်ပေါ်သို့တက်ကာ ရပ်စောက်အနီးမှ ‘လောက်ဆောက်’ မြို့ဟောင်း၊ ညောင်ရွှေမြို့အနီးမှ ‘ဗောရိသတ်’ မြို့ဟောင်း၊ အင်းလေးကန်အရှေ့ဘက်ကမ်းမှ ‘ရမ္မာဝတီ’ မြို့ဟောင်း စသော ၁၉ ခရိုင်အပါအဝင် မြို့များကို တည်ထောင်ခဲ့ကြောင်း ပေါရိသတ်မြို့ဟောင်းနှင့်ပတ်သက်၍ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

ပျူခေတ်နှင့်အပြိုင်ဖြစ်စေ၊ ခေတ်နှောင်းဖြစ်စေ၊ ပျူခေတ်တွင်ဖြစ်စေ တွေ့ရတတ်သော လက်အစင်းရာပါရှိသောအုတ်များတွေ့ရှိရခြင်း၊ ရရှိခဲ့သောဆင်းတုတော်နှင့် အုတ်အရွယ်အစားတို့သည် ပျူခေတ်မှဆင်းတုတော်၊ အုတ်အရွယ်အစားတို့နှင့်တူညီနေခြင်း၊ ကျောက်ဆည်မြို့အနီးရှိ ပင်လယ်(မိုင်းမော) မြို့ဟောင်းမှ ပစ္စည်းတို့နှင့် တူညီနေသည့်အတွက် ပျူခေတ်နှင့်အပြိုင် မြို့ဟောင်းတစ်ခုဖြစ်မည်ဟု သုတေသနပြုသူတို့က ခန့်မှန်းထားခြင်းဖြစ်သည်။ ရှေးဟောင်းမြို့သည် မည်သည့်ခေတ်တွင် တည်ဆောက်ခဲ့သည်ကိုသိရှိရန် မြို့ဝင်ပေါက်တို့ကို စတင်တူးဖော်စမ်းသပ်လေ့ရှိသောကြောင့် ယခု ပေါရိသတ်မြို့ဟောင်း အနောက်ဘက်ဝင်ပေါက်ကို စမ်းသပ်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မြို့ဟောင်းအနောက်ဘက်ဝင်ပေါက်၏ စမ်းသပ်တူးဖော်နေသောတစ်နေရာကို တွေ့ရစဉ်။

❀ **ကျောဖုံးမှ**

ဧရာဝတီမြစ်အလယ်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်အတွင်း ပြည်မြို့တွင် ပေဝက်ခန့်၊ နောက်တစ်ရက်မှ နှစ်ရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# သဘာဝဘေးစိန်ခေါ်မှု ပူးပေါင်းအန်တု တုံ့ပြန်ကြလျှင် . . .

စံရွှေတိုး(သုတေသန)

**ကမ္ဘာကြီးပူနွေးလာမှုကို ပညာရှင်များက ၁၈၀၀ ပြည့်လွန်နှစ်များမှစတင်၍ သတိပြုပြောဆိုခဲ့ကြသည်။**

**ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ရာသီဥတုများ ပြောင်းလဲဖောက်ပြန်၍ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာကြရသည်။ နောက်ဆက်တွဲအကျိုးဆက်များအဖြစ် လေပြင်းမုန်တိုင်းကျရောက်ခြင်း၊ အပူချိန်ပြင်းထန်ခြင်း၊ တောမီးလောင်ခြင်း၊ မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ မြေလျှောင်လှုပ်ခြင်း၊ ရေခဲပြင်အရည်ပျော်ခြင်း၊ ပင်လယ်ရေပြင် မြင့်တက်ခြင်း၊ ရောဂါဆန်းများ ကျရောက်ခြင်းတို့ ဖြစ်ပေါ်လာသည်။**



ရေရှားပါးရာဒေသများ၌ သောက်သုံးရေဖြန့်ဝေပေးနေစဉ်။ ဓာတ်ပုံ-လင်းလက်ကြယ်

၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက နှစ်စဉ်အောက်တိုဘာလ ၁၃ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့"အဖြစ် သတ်မှတ်ခဲ့သည်။

ထို့အပြင် ကမ္ဘာ့လူသား သန်း ၇၀၀၀ ကျော်အတွက် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ "ယိုဂို မူဘောင်" ၂၀၀၅ ခုနှစ်-၂၀၁၅ ခုနှစ်နှင့် "ဆန်းဒိုင်း မူဘောင်" ၂၀၁၅ ခုနှစ်-၂၀၃၀ ခုနှစ်တို့ချမှတ်၍ သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခု ၂၀၁၆ ခုနှစ်သည် သဘာဝဘေးအန္တရာယ်၏ အယ်နီညိုနှစ်ဖြစ်ခြင်းကြောင့် ဒီဇင်ဘာလ၏ ရှေ့ပိုင်းခြောက်လနှင့် နောက်ပိုင်းခြောက်လတွင် အယ်နီညို၏ အကျိုးဆက်များအား ခံစားကြရသဖြင့် ပြန်လည်တုံ့ပြန်နိုင်ရေး ပြင်ဆင်စီမံထားရှိကြရပါသည်။

**အယ်နီညို၏ အကျိုးဆက်များ**

ပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေပူစီးကြောင်းများ ဖြစ်ပေါ်သည့် အကြောင်းတရားကို အခြေပြု၍ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံစားကြရာတွင် မြန်မာနိုင်ငံသည်လည်း ကြုံတွေ့ခံစားရပါသည်။

အားကောင်းသည့် အယ်နီညို၏ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် ဇူလိုင်လလယ်မှစတင်ကာ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည်။

ရေကြီးရေလွှမ်းမှုကြောင့် ရေဘေးသင့်ပြည်သူ ၁၆၃၁၆၇၂ ဦးနှင့် သေဆုံးသူ ၁၂၂ ဦး ရှိခဲ့ကာ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုတို့တွင် သီးနှံရေမြုပ်ခဲ့မှုဧရိယာ ၁၄၄၆၆၈၉ ဧကရှိပြီး သီးနှံများ ထိခိုက်မှုဧရိယာ ၁၁၀၇၈၁၄ ဧက ရှိသည်။

သီးနှံများပျက်စီးခဲ့မှုဧရိယာမှာ ၈၃၆၉၃၄ ဧက ဖြစ်ပါသည်။ ဤသည်မှာ အယ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ ပထမခြောက်လ၏ ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများ၏ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုဖြစ်ပါသည်။ ဒီဇင်ဘာလ၏ နောက်ဒုတိယခြောက်လတွင် မုတ်သုံအဝင်နောက်ကျခြင်း၊ မုတ်သုံအထွက်စောခြင်းတို့ဖြစ်ပေါ်တတ်သဖြင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ ရာသီဥတုပူပြင်းခြင်းတို့ကြောင့် ရေရှားပါးခြင်း၊ ရောဂါဘယထူပြောခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ပညာရှင်များက သုံးသပ်ထောက်ပြထားကြပါသည်။

အယ်လ်နီညိုရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များကို ကြိုတင်စုဖွဲ့စီမံထားမှုအရ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်၊ မြို့တော်များတွင် အင်အား ၁၁၆ ဦးပါ တပ်ခွဲတစ်ခွဲ၊ မြို့နယ်များတွင် အင်အား ၃၅ ဦးပါ တပ်စုတစ်စုဖြင့် ဖွဲ့စည်းခဲ့ပါသည်။

တပ်ခွဲ ၁၇ ခွဲတွင် အင်အား ၁၉၇၂ ဦး၊ တပ်စု ၃၃၃ စုတွင် အင်အား ၁၁၆၅၅ ဦး စုစုပေါင်းအင်အား ၁၃၆၂၇ ဦးအား သန္နေမီးသတ်တပ်ဖွဲ့ဝင်များ ဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပွားခဲ့သည့်ဘေးအန္တရာယ် ၁၁၇၂ ကြိမ်၊ အခြားရုတ်တရက်ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ် ၈၇၇ ကြိမ်နှင့် မတော်တဆမှုဘေးအန္တရာယ် ၁၈၅ ကြိမ် စုစုပေါင်း ၂၂၃၄ ကြိမ်ကို တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ပါသည်။



အပူချိန်မြင့်မားမှုကြောင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပွားရာမှ မီးလောင်မှုတစ်ခုဖြစ်ပွားစဉ်။ ဓာတ်ပုံ-MFSD

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံးနှင့်ပူးပေါင်း၍ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခြင်း၊ မီးလောင်ခြင်း (Single Casualty Management)၊ အဆောက်အအုံပြိုကျခြင်း၊ မြို့ပြဘေးအန္တရာယ်တုံ့ပြန်ရေး စီမံဆောင်ရွက်မှု ( Mass Casualty Management)၊ အမျိုးသားအဆင့်ဘေးအန္တရာယ်တုံ့ပြန်နိုင်ရေး ဆောင်ရွက်မှု (ဥပမာ- မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း) တို့ကို တပ်ဖွဲ့ဝင်များ၏အသက်ခန္ဓာတို့ကို အရင်းတည်ကာ ကြိုးပမ်းခဲ့ကြောင်း သမိုင်းမှတ်တမ်းများရှိခဲ့ပြီး ဖြစ်ပါသည်။

**အယ်နီညိုနှင့် မီးဘေးအန္တရာယ် တုံ့ပြန်ရေးဆောင်ရွက်မှု**

အယ်နီညိုရာသီဥတု၏ ပြင်းထန်သော ဖောက်ပြန်မှုကြောင့် ဒီဇင်ဘာလ၏ နောက်ဒုတိယခြောက်လမှာ ပုံမှန်နေ့အပူချိန်များထက် စံချိန်တင်ပူပြင်းမည်ဖြစ်ပါကြောင်း ပညာရှင်များက ခန့်မှန်းထားကြပါသည်။

ရာသီဥတုပူပြင်းမှုကြောင့် မီးဘေးအန္တရာယ် ဖြစ်ပွားပေါ်ပေါက်လာနိုင်ပါသည်။ အရာဝတ္ထုတစ်ခု မီးလောင်မှုဖြစ်ပေါ်ရန် အပူချိန်အဆင့်များရှိပါသည်။ အရာဝတ္ထုတစ်ခုအား အပူဓာတ်ဖြစ်ပေါ်စေသော အကြောင်းတရားတစ်ခုခုကြောင့် အပူချိန်ကို စတင်ရရှိပါက သာမန်အပူချိန်မှ လျှပ်တစ်ပြက် မီးစွဲညှိနိုင်သော အပူချိန်အမှတ်၊ မီးစွဲတောက်လောင်နိုင်သော အပူချိန်အမှတ်၊ အလိုအလျောက် မီးစွဲတောက်လောင်နိုင်သော အပူချိန်တို့ အဆင့်ဆင့်ဖြစ်ပေါ်ကာ မီးလောင်ကျွမ်းမှု ဖြစ်ပေါ်စေပါသည်။

မီးငြိမ်းသတ်ရေးကြိုးပမ်းရာတွင်လည်း အလိုအလျောက် မီးစွဲတောက်လောင်သော အပူချိန်မှ သာမန်အပူချိန်အထိ ရောက်အောင် လျှော့ချရပေသည်။ ရာသီဥတုပူပြင်းမှုကြောင့် အရာဝတ္ထုပစ္စည်းများသည် သာမန်အပူချိန်ထက်ပိုမိုမြင့်မားလာမည်မှာ သေချာပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အယ်နီညိုရာသီဥတုတုံ့ပြန်နိုင်ရေး လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး မီးဘေးလုံခြုံမှု လွှမ်းခြုံရရှိစေရေး လုပ်ငန်းများအား အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်မှစတင်၍ အဆင့်(၃)ဆင့်ဖြင့် အဆင့်လိုက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်နေပါသည်။

မြို့နယ်အလိုက် ပြည်သူလူထု မီးဘေးလုံခြုံရေးဆိုင်ရာ သတိပြုနိုင်စေရေးအတွက် သတိပေးမြေစိုက်ပိုစတာများကို လမ်းဆုံများ၌ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ ရပ်ရွာအခြေပြု အသိပညာပေးခြင်း၊ စာသင်ကျောင်း အခြေပြုအသိပညာပေးခြင်း၊ အသံချဲ့စက်များဖြင့် ကြေညာသတိပေးမှုတို့ကို ရပ်ရွာအတွင်း ဆောင်ရွက်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် ရုံး၊ ဌာန၊ ဈေး စသည့်နေရာများ၌ ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးဆွေးနွေးခြင်းတို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေပါသည်။

မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပေါင်းစပ်ကာ တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း(Door to Door Inspection) ဆောင်ရွက်ခြင်း၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်အရာရှိများ၊ တပ်ဖွဲ့ဝင်များက လုပ်ငန်းဌာန၊ ဈေး၊ စုပေါင်းပိုင်အိမ်ရာများ၊ ရုံး/ဌာနများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အကြံပြုပေးခြင်း၊ ကြီးကြပ်ခြင်း၊ နေရာဒေသလုပ်ငန်းဌာနများအလိုက် သင့်လျော်သည့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ မီးထောက်လှမ်းမှုကိရိယာများ တပ်ဆင်ထားရှိစေခြင်း၊ မီးဘေးလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုများအား စစ်ဆေးခြင်း၊ ကြီးကြပ်လမ်းညွှန်ခြင်း၊ ရပ်ရွာအလိုက်၊ မြို့နယ်အလိုက် မီးငြိမ်းသတ်ရန် ရေလုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်ယူရသည့် မြို့နယ်၊ နယ်မြေအလိုက် မြေပုံလေ့ကျင့်ခန်းဆောင်ရွက်ခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးဆောင်ရွက်မှုမှ လုပ်ငန်းဌာနအလိုက် စစ်ဆေးတွေ့ရှိချက်များမှ ဘေးအန္တရာယ်ဖြစ်ပွားနိုင်မှုအပေါ် မူတည်၍ ဘေးအန္တရာယ် အနိမ့်ဆုံးလုပ်ငန်း၊ ဘေးအန္တရာယ် အလယ်အလတ်ဆင့်လုပ်ငန်း၊ ဘေးအန္တရာယ်အမြင့်ဆုံးလုပ်ငန်းတို့အား မြေပုံလေ့ကျင့်ခန်း ဆောင်ရွက်စဉ် လုပ်ငန်းဌာနများ၏ အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများပေါ်မူတည်၍ ဆွေးနွေးခြင်းစသည့်လုပ်ငန်းများကို တတိယအဆင့်အနေဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

၂၀၁၅ ခုနှစ် နွေရာသီ ရေရှားပါးဒေသများ၌ ၂၉-၃-၂၀၁၅ ရက်နေ့မှစတင်၍ မြို့နယ်ပေါင်း ၄၈၁ မြို့နယ်တွင် သောက်သုံးရေဂါလန်ပေါင်း ၈၉၄၇၄၀ ကို ပေးပို့လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် အားကောင်းသော အယ်နီညိုကြောင့် ရေရှားပါးဒေသများကို မီးသတ်ယာဉ်များဖြင့် သောက်သုံးရေပေးဝေလှူဒါန်းခြင်းအား စတင်ဆောင်ရွက်နေပါသည်။

၂၀၁၆ ခုနှစ် အားကောင်းသော အယ်နီညိုရာသီဥတုဖောက်ပြန်မှုနှင့် ယှဉ်ပြိုင်ရန် စိန်ခေါ်မှုတိုင်းအတွက် တုံ့ပြန်ရင်ဆိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

## မြစ်ကြီးနားမြို့၌ နမ့်ဆန်မီးဘေးအတွက် အလှူငွေပေးအပ်

**မြစ်ကြီးနား မတ် ၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ မြတ်စေတနာလူမှုကူညီရေးအသင်းက နမ့်ဆန်မီးဘေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၃ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားပြီး ပမ္မတီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်က အလှူငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြတ်စေတနာလူမှုကူညီရေးအသင်းက နမ့်ဆန်မီးဘေးအတွက် အလှူငွေကျပ် ၁၇ သိန်းကျော်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြတ်စေတနာလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်ရှိန်တို့က ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ **စိန်ဝင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**



# ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ(ပုပ္ပားစခန်း)မှ ကင်းထောက်လူငယ်များအား တွေ့ဆုံအားပေး

**ပုပ္ပား မတ် ၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်သည် တာဝန်ရှိသူများနှင့်အတူ အခြေခံပညာအထက်တန်းကျောင်း(ပုပ္ပား)တွင် ဖွင့်လှစ်ထားသည့် ကင်းထောက် လူငယ်များစခန်းချတွေ့ဆုံပွဲ(ပုပ္ပားစခန်း)သို့ ယနေ့မွန်းလွဲက ရောက်ရှိပြီး ကင်းထောက်လူငယ်များအား တွေ့ဆုံအားပေးစကား ပြောကြားကာ စခန်းချကာလအတွင်း လိုအပ်ချက်ရှိသည်များကို သက်ဆိုင်ရာစခန်းတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ကင်းထောက်လူငယ်များသည် ကြီးကြပ်အုပ်ချုပ်သူဆရာ ဆရာမများနှင့် ပုပ္ပားတောင်မကြီးနှင့် ပုပ္ပားတောင်ကလပ်များသို့ ခြေလျင်စခန်းချလေ့လာရေးခရီးထွက်ခွာကြသည်။

ထိုသို့လေ့လာရေးခရီး ထွက်ခွာရာတွင် အမျိုးသားကင်းထောက်အဖွဲ့အင်အား ၂၇၁ ဦးသည် ပုပ္ပားတောင်မကြီးပေါ်ရှိ ထူပါရုံစေတီကို ဖူးမြော်ကြည်ညိုကြပြီး ကင်းထောက်စခန်းချပညာများကို ကင်းထောက်ကြီးများက သင်ကြားပေးကြသည်။

အလားတူ အမျိုးသမီးကင်းထောက်အဖွဲ့အင်အား ၂၄၉ ဦးသည် ပုပ္ပားတောင်ကလပ်ပေါ်ရှိ စေတီပုထိုးများကို ဖူးမြော်ကြပြီးနောက် ကင်းထောက်လုပ်ငန်းများကို လေ့လာသင်ကြားသည်။

ညပိုင်းတွင် ကင်းထောက်လူငယ်မောင်မယ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍ မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဒေသထွက်ကုန်များကို အမှတ်တရလဲလှယ်ကြသည်။

**ကိုလတ်(သတင်းစဉ်)**

# ရှမ်းပြည်ညီညွတ်ရေးကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၃**

ရှမ်းပြည်ညီညွတ်ရေးကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မီကာဆာဟိုတယ်၌ ကျင်းပခဲ့သည်။

ယနေ့ကျင်းပသည့် ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) အစည်းအဝေးတွင် ဖက်ဒရယ် ပြည်ထောင်စုတည်ထောင်ရေးဆိုင်ရာ သဘောထားရပ်တည်မှုအချက် ၂၃ ချက်ကို ဆွေးနွေးခြင်း၊ ရှမ်းပြည်နိုင်ငံရေးအခြေခံမူ ၁၂ ချက်ကို ဆွေးနွေးခြင်း၊ ရှမ်းပြည်ညီညွတ်ရေးအတွက် စည်းရုံးရေးအဖွဲ့ ဖွဲ့စည်းရန် ဆွေးနွေးခြင်း၊ CSSU ဥက္ကဋ္ဌဟောင်း နုတ်ထွက်ခြင်းနှင့် ဥက္ကဋ္ဌသစ် ရွေးချယ်ခြင်း၊ CSSU ၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

CSSU ၏ နှစ်ပတ်လည်အစည်းအဝေး ပထမနေ့ကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ပြီး ဒုတိယနေ့ အစည်းအဝေးအား မတ် ၄ ရက် နံနက် ၉ နာရီမှ စတင်ကာ Summit Park View ဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်ခဲ့သည် ရှမ်းပြည်ညီညွတ်ရေးကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးသို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(SNLD)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA)၊ ဌာနေပြည်သူ့စစ်အဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် SSJAC၊ ရှမ်းပြည်ထူထောင်ရေးကောင်စီ RCSS/ SSA အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်း CSOs များ၊ လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ ပြည်ပရောက် ရှမ်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်မြို့၌ မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ပြည် မတ် ၃**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)နှင့် ပဲခူးတိုင်းဒေသကြီးသတင်းစာဆရာအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် အခြေခံသတင်းပညာမိတ်ဆက်သင်တန်းကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရန်အောင်မင်္ဂလာကင်းဘုရားစေတီတော်မြတ်ကြီး ဓမ္မာရုံ၌ မတ် ၂ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မျိုးဆက်သစ်သတင်းသမား ၅၀ ကျော် တက်ရောက်ဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ ခေတ်/မိုး)က အမှာစကားပြောကြား၍ သတင်းနှင့်စာနယ်ဇင်းသမိုင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင်ပုသိမ်လှကြည်က သတင်းသမားများ လိုက်နာရမည့်ကျင့်ဝတ်များကိုရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသော နယ်ခံသတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်သော ဆရာမ လွတ်လပ်စိုး၊ ဆရာမ ဒေါ်အိအိတင်၊ ဆရာမ ဒေါ်ခင်သန်းနွဲ့(မမ-လားရှိုး)တို့က မီဒီယာလောကတိုးတက်ရေးဆွေးနွေးခဲ့ကြပြီး ပြည်မြို့တွင် ပထမဆုံးအကြိမ်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲဖြစ်၍ နယ်ခံသတင်းမီဒီယာသမားများ အထူးစိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများပြုပြင်

**နေပြည်တော် မတ် ၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် ပြည်ခရိုင်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရွှေဦးစွာ လက်ပံတန်း-ဟင်္သာတလမ်းပေါ်ရှိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ မိုင်(၆/၁နှင့် ၆/၂) ကြားတံတားအမှတ်( ၆/၇) ပေ ၂၀ အားရေတိုက်စားခံရမှုကြောင့် ပေ၂၀၀ ခန့် လမ်းတာပေါင်ပြတ်ပါခဲ့သောနေရာတွင် ယခုအခါမြေသားတာပေါင်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့မှ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်နဝင်း-ဇရစ်ချောင်- ကျောက်အိုးလေး လမ်းပေါ်ရှိ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)နှင့် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) က တာဝန်ယူတည်ဆောက်သည့် တံတား အရှည်ပေ ၂၄၀၊ နဝင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့် တည်ဆောက်မှု လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

အဆိုပါ နဝင်းချောင်းတံတားသည် အရှည်ပေ ၂၄၀ ရှည်လျား၍ အောက်ထည် 0.8 m Ø Bored Pile သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ရေလယ်တိုင်ဖြစ်ပြီး အပေါ်ထည် 60'R.C Girder( 2 Span)နှင့် 120' Plate Girder (1 Span) သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် နှစ်ပေ ခြောက်လက်မစီပါရှိသော တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရန်ကုန်-ပြည်-မန္တလေး လမ်းပေါ်ရှိ အရှည်ပေ ၂၀၀ ရှိ တံတားအမှတ်(၁/၁၈၅)နတ်တလင်း တံတား အောက်ထည် 0.8 m Ø Bored Pile သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ရေလယ်တိုင်ဖြစ်ပြီး အပေါ်ထည် 50' R.C Girder (2 Span)နှင့် 100' Plate Girder (1 Span) သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသော တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# မြန်မာနိုင်ငံကင်းထောက်လူငယ်များ ပုပ္ပားတောင်မကြီးသို့ ခရီးကြမ်းလေ့လာရေးသွားရောက်

**ကျောက်ပန်းတောင်း မတ် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်(ပုပ္ပား)၌ ဖွင့်လှစ်လျက်ရှိသော ၂၀၁၆ ခုနှစ် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲတွင် ဒုတိယမြောက်နေ့အဖြစ် မတ် ၃ ရက်က ဒေသန္တရလေ့လာရေးခရီးစဉ်အဖြစ် ပုပ္ပားတောင်မကြီးသို့ ခြေလျင်တောင်တက်ခရီးစဉ်နှင့် တောင်ကလပ်လေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်များတွင် ကြီးကြပ်သူဆရာ ဆရာမများနှင့် သက်ကြီးကင်းထောက်များအပါအဝင် အမျိုးသားကင်းထောက် ၃၀၆ ဦးတို့သည် အမြင့်ပေ ၄၉၈၁ ပေရှိ ပုပ္ပားတောင်မကြီးသို့ လည်းကောင်း၊ အမျိုးသမီးကြီးကြပ်ဆရာ ဆရာမများနှင့် သက်ကြီး၊ သက်ငယ်အမျိုးသမီးအဖွဲ့သည် အမြင့်ပေ ၂၁၄၇ ပေရှိ တောင်ကလပ်တောင်သို့လည်းကောင်း တက်ရောက်ခဲ့ကြပြီး ဒေသန္တရဗဟုသုတများ လေ့လာခဲ့ကြကြောင်း သိရသည်။

**နေအောင်**

# ဆီးချိုရောဂါဆိုင်ရာကုထုံးနည်းများ ဟောပြောပို့ချမည်

**မန္တလေး မတ် ၃**

ဆီးချိုရောဂါရှင်များတွင် ဖြစ်လေ့ရှိသော ခြေထောက်အနာများ၊ အသားမာများ၊ ခြေသည်းများနှင့် ပတ်သက်သော ရောဂါဆိုင်ရာများ၊ ကုထုံးနည်းများ စာတွေ့လက်တွေ့ ဟောပြောပို့ချပွဲကို မတ် ၅ ရက် နံနက်ပိုင်းမှ ညနေ ၅ နာရီအထိ မတ် ၆ ရက် နံနက် ၈ နာရီခွဲမှ ၁၁ နာရီအထိ မန္တလေးမြို့ ၃၁ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) ပိတောက်ခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပို့ချပွဲတွင် အိန္ဒိယနိုင်ငံမှ ပါမောက္ခဒေါက်တာ Arun Bal က ရောဂါဆိုင်ရာ ကုထုံးနည်းများကို စာတွေ့လက်တွေ့ ဟောပြောပို့ချမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဆီးချိုရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအေးအေးအောင်နှင့် အရိုးရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ မောင်မောင်ထွေးတို့ကလည်း ပါဝင်ပို့ချပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ မည်သူမဆို ဖုန်း ၀၉-၂၅၃၀၈၇၆၅၈၊ ၀၉-၂၅၇၀၂၁၁၆၁ နှင့် ၀၉-၇၉၇၃၃၃၄-၉၄ တို့ထံသို့ ရုံးချိန်အတွင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်းနှင့် M.SEM Orthopaedic Society နှင့် Diabetic Foot Society of INDIA မှ Certificate ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ(ပုပ္ပားစခန်း)တွင် ကင်းထောက်လူငယ်များ ကင်းထောက်သီချင်း သီဆိုစဉ်။

● ကျောဖုံးမှ

စတင်ခဲ့ခြင်းဖြစ်ပြီး တူညီသောဝတ်စုံများဖြင့် လူမှုရေးလုပ်ငန်းများအား ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၁၉၁၃ ခုနှစ် နောက်ပိုင်းတွင်မူ ကင်းထောက်အသင်းပေါ်ထွက်လာခဲ့ရာ သာသနာပြုကျောင်းများ၊ မြို့မကျောင်းနှင့် ပညာရေးကောလိပ်တို့တွင် ကင်းထောက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး နောက်ပိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကင်းထောက်အဖွဲ့များ တွင်ကျယ်စွာဖွဲ့စည်းလာကြသည်။

အတိတ်ကာလက မြို့မကျောင်းသားများနှင့် ဖွဲ့စည်းထားသည့် ကင်းထောက် အသင်းကြီးသည် အအောင်မြင်ဆုံး ကင်းထောက်အသင်းကြီးအဖြစ် သမိုင်းမှတ်တမ်းရှိခဲ့ပြီး မြန်မာလူမျိုးတို့ မျိုးချစ်စိတ်ပိုမိုရင့်သန်လာစေရန် ရည်ရွယ်ကာ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူငယ်များ၏ အရည်အသွေးကို ထုတ်ဖော်ပြသခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ တို့တွင်လည်း ကင်းထောက်အဖွဲ့ဝင်များသည် လူသားအရင်းအမြစ်များ ပိုမိုခိုင်မာ ဖွံ့ဖြိုးတိုးတက်မှုကို ပြသနိုင်ခဲ့ကြပြီး ကင်းထောက်လူငယ်များထဲမှ နိုင်ငံ့ခေါင်းဆောင်များ၊ အဆင့်မြင့်ပညာရှင်များ၊ လူမှုရေးစွမ်းဆောင်သူများစွာ ပေါ်ထွက်လာခဲ့သည်။ ကင်းထောက် လူငယ်များသည် အများအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည့် စိတ်ဓာတ်နှင့် အချင်းချင်း ပူးပေါင်းညှိနှိုင်းအဖြေရှာ ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများရရှိကာအောင်မြင်မှုများကို ရရှိအောင် ပိုမိုစွမ်းဆောင်လာနိုင်သည်ကို တွေ့ရသည်။

“အနာဂတ်နိုင်ငံအတွက် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေကို ဘက်စုံထူးချွန်ထက်မြက်ဖို့ မွေးထုတ် ကြိုးပမ်းကြတဲ့နေရာမှာ စုပေါင်းဆောင်ရွက်တဲ့ အလေ့အထတွေနဲ့ ကလေးတွေရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဗလ စတာတွေရော တစ်ပြိုင်နက်တည်း ရလာအောင် လုပ်ဆောင်ပေးဖို့ ကင်းထောက် သင်ခန်းစာတွေက အထောက်အကူ ပေးတယ်လို့ ယုံကြည်ပါတယ်။ ဒီနှစ်မှာတော့ ပုပ္ပားမှာ စခန်းချတွေ့ဆုံခဲ့ကြတယ်။ ဒီနှစ်ရဲ့ထူးခြားချက်က

## ကင်းထောက်လူငယ်များသည် အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်စိတ်ဓာတ်နှင့် အချင်းချင်း ပူးပေါင်းညှိနှိုင်းအဖြေရှာ ဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများရရှိကာ အောင်မြင်မှုများကို ရရှိအောင် ပိုမိုစွမ်းဆောင်လာနိုင်သည်ကို တွေ့ရ

စခန်းအတွင်းမှာ အမျိုးသမီးတွေက အဆောင်တွေမှာနေကြပြီး အမျိုးသားလူငယ်တွေက Camp တွေထိုးပြီး နေကြတယ်။ မိသားစုမောင်နှမတွေလို အချင်းချင်း ပိုပြီး စုစုစည်းစည်း နေထိုင်ခွင့်ရတဲ့အပြင် အနယ်နယ်အရပ်ရပ်က ကလေးတွေအတွက် ဓလေ့ထုံးစံတွေ ဖလှယ်တဲ့ပွဲနဲ့ ညဘက်မှာ ဒေသထွက်ကုန်တွေ ရောင်းချတဲ့ ဈေးပွဲတော်လေးတွေ၊ ကလေးတွေအားလုံးပါဝင်တဲ့ ပျော်ရွှင်စရာ ဂိမ်းကစားနည်းတွေပါ ထည့်သွင်းထားတဲ့အတွက် အားလုံး ဝမ်းသာ ပျော်ရွှင်ကြပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၏ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုရီက ပြောကြားသည်။

မြန်မာနိုင်ငံ၌ အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြား လူငယ်ငါးသန်းခွဲခန့်နှင့် ၂၀ နှစ်မှ ၂၄ နှစ်အထိ လူငယ် ငါးသန်းခွဲ၊ အသက် ၂၅ နှစ်မှ ၃၀ အောက် လူငယ် ငါးသန်းကျော်ရှိသည့်အတွက် လူငယ်ဦးရေမှာ ၁၆ သန်းနီးပါး ရှိသည်။ နှစ်ပေါင်း ၅၀ ခန့် ပျောက်ကွယ်နေခဲ့သည့် ကင်းထောက်အဖွဲ့ကြီးကို ပြန်လည် ပေါ်ပေါက်လာစေရန် အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်တွင် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခဲ့ပြီး လူငယ်များကို စခန်းသွင်း လေ့ကျင့်စေကာ လူ့ဘဝကြုံတွေ့ရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများ ရင်ဆိုင်ကျော်လွှားနိုင်စွမ်းကို တစ်ဦးချင်းနှင့် အဖွဲ့လိုက်လုပ်ဆောင်စေရန် ရည်ရွယ်ခဲ့သည်။

လူငယ်များအနေဖြင့် ကျောင်းစာတွင်သာမက ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များတွင်လည်း နားလည်တတ်ကျွမ်းစေခြင်း၊ ထူးချွန်လူငယ်များအဖြစ် မိမိတို့ဒေသ၏ လူမှုစီးပွားဘဝများ၊ နေထိုင်မှုဓလေ့စရိုက်အခြေအနေများကို နားလည်သဘောပေါက်ကာ စာနာကူညီတတ်စေရန်လည်း ရည်ရွယ်ကြောင်း၊ တစ်နိုင်ငံလုံး၌ ကင်းထောက် မောင်မယ် ၃၀၀၀ ကျော်အထိ များပြားလာကြောင်း ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ စခန်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ကင်းထောက်ရဲ့ ဆောင်ပုဒ်က အစဉ်အသင့်ဖြစ်ပါတယ်။ ကင်းထောက်ဟာ မည်သည့်အခြေအနေမှာမဆို မိမိလေ့လာသင်ယူထားတဲ့ ပညာနဲ့ စိတ်ဓာတ်ကိုအခြေခံပြီး အမြဲအစဉ်အသင့်ရှိနေရမယ်လို့ ဆိုလိုတာပါ။ ကင်းထောက်ရဲ့ ကြွေးကြော်သံက ကောင်းမှုတစ်ခု နေ့စဉ်ပြုဖြစ်ပါတယ်။ ကမ္ဘာလောကကြီးမှာ နေ့စဉ်မိမိအိမ်၊ မိမိကျောင်း၊ မိမိမြို့၊ မိမိနိုင်ငံ၊ မိမိကမ္ဘာကြီးအတွက် ကောင်းမှုတစ်ခုခုကို ရှာဖွေလုပ်ဆောင်ကြရမယ်ဆိုတဲ့ အသိကို ဖော်ထုတ်ပေးတာပါ။ သမီးက စခန်းချတွေ့ဆုံပွဲကို လိုက်ချင်တော့ မိဘတွေကလည်း အားပေးပါတယ်။ သမီးကိုယ်တိုင်လည်း စိတ်ဝင်စားပါတယ်။ ကျောင်းက ဆရာ ဆရာမတွေကလည်း ကူညီပေးပါတယ်။ စခန်းချတဲ့ရက်တွေက သမီးဘဝရဲ့ မမေ့နိုင်တဲ့နေ့ရက်တွေပါ။ ဖွင့်ပွဲနေ့ အလံတင်အခမ်းအနားမှာ သမီးတာဝန်က အလံတင်ရတော့ စိတ်အလွန်လှုပ်ရှားမိပါတယ်။ ဒါပေမယ့် ကင်းထောက်တစ်ယောက်ဖြစ်တယ်ဆိုတဲ့ အသိနဲ့ အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့တယ်။ သမီးတို့ကျောင်းက စုစုပေါင်း ခြောက်ယောက် ပါပါတယ်။ နောင်နှစ်မှာ အားလုံးကိုလည်း ပါဝင်စေချင်ပါတယ်” ဟု မသီရိရည်မွန်က ပြောကြားသည်။

မတ် ၁ ရက်မှ ၆ ရက်အထိ ကျင်းပနေသည့် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲကို သာယာလှပသည့် သဘာဝပတ်ဝန်းကျင်ဝန်းရံထားသော ပုပ္ပားစခန်း၌ ကျင်းပနေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်နှင့် ပခုက္ကူတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူ ကင်းထောက်မောင် ၂၉၇ ဦးနှင့် ကင်းထောက်မယ် ၂၉၁ ဦးတို့နှင့်အတူ အုပ်ချုပ်သူ ၃၁ ဦး လိုက်ပါကြီးကြပ်ကာ စခန်းချနေကြခြင်းဖြစ်သည်ဟု သိရသည်။

စခန်းချ ရက်များအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး သိကောင်းစရာများ ဆွေးနွေးပြောကြားခြင်း၊ ကင်းထောက် ကင်းစိတ်များအလိုက် စွမ်းရည်ပြသခြင်း၊ ကင်းထောက်စခန်းချ အခြေခံအသိပညာများ ဆွေးနွေးခြင်း၊ ပုပ္ပားတောင်မကြီးသို့ ခြေကျင်တက်ရောက်ကာ တောင်တက်စခန်းချခြင်း၊ အမျိုးသားကင်းထောက်ဆိုင်ရာလုပ်ငန်းစဉ်များ သင်ကြားခြင်း၊ ပုပ္ပားတောင်ကလပ်သို့ စုပေါင်းတက်ရောက်ခြင်း၊ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်ခြင်း၊ ကင်းထောက်အရည်အသွေးအသီးသီးကို ဆန်းစစ်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

“ဆရာမက အစကတည်းက လူမှုရေးလုပ်ဆောင်ရတာ ဝါသနာပါတယ်။ ကင်းထောက်တွေ ပြန်လည်ဖွဲ့စည်းတဲ့အခါ တက်တက်ကြွကြွနဲ့ ပါဝင်ဖြစ်တယ်။ ကင်းထောက်ဆိုင်ရာ သင်တန်းတွေလည်း တက်ခဲ့ပြီး ကျောင်းမှာလည်း ကလေးတွေကို ကင်းထောက်ရဲ့ အဓိပ္ပာယ် အနှစ်သာရနဲ့ ရလာတဲ့ အကျိုးကျေးဇူးတွေကို ရှင်းပြပေးတယ်။ ကင်းထောက်တစ်ဦးအတွက် ဘဝဟာ အလွန်အဓိပ္ပာယ်ရှိပါတယ်။ ကင်းထောက်ကို SCOUT လို့ခေါ်ပြီး အဓိပ္ပာယ်ကိုပြောရရင် Smart ၊ Confident၊ Obedient၊ Unity နဲ့ Trust တို့ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးကို ပါဝင်စေချင်တယ်။ ဆရာမက ကျောင်းရဲ့ မိန်းကလေးဇေကရီဆောင် အဆောင်မှူးလည်း ဖြစ်တာကြောင့် အဆောင်က ကလေး ၂၀၀ စလုံး ကင်းထောက်မယ်တွေဖြစ်ဖို့ စိတ်အားထက်သန်လာအောင် ကြိုးပမ်းနေပါတယ်” ဟု ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခ ဒေါက်တာစန်းစန်းဝင်းက ပြောကြားသည်။

ယခုကျင်းပသည့် ကင်းထောက် မောင်မယ်များ တောတွင်းစခန်းချ တွေ့ဆုံပွဲသည် စတုတ္ထအကြိမ်ဖြစ်ပြီး ပထမအကြိမ် တွေ့ဆုံမှုကို ၂၀၁၃ ခုနှစ်တွင် နေပြည်တော်ရှိ အမှတ်(၇) ရွာတော်တည်းခိုရေးစခန်း၌ လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၄ ခုနှစ်က ပြင်ဦးလွင် အမျိုးသား သဘာဝဥယျာဉ်၌ လည်းကောင်း၊ တတိယအကြိမ် တွေ့ဆုံမှုကို ပြင်ဦးလွင်မြို့နယ် ထင်းရှူးတော၌ လည်းကောင်း ပြုလုပ်ခဲ့ပြီး ယခုစခန်းချသည့် ပုပ္ပားတောင်ခြေရင်းမှ ပုပ္ပားစခန်းမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ကင်းထောက်စခန်းအဖြစ် အသုံးပြုခဲ့သည့် နေရာပင်ဖြစ်ကြောင်း သိရသည်။



ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်မှ မလဲ့ယမင်းဦး။

“မနေ့က သင်ခန်းစာတွေထဲမှာ ဆရာက ပြောသွားတယ်။ ကင်းထောက်ဆိုတာ ကင်းထောက်ဝတ်စုံ ဝတ်ဆင်ထားရုံနဲ့ မပြီးပါဘူးတဲ့။ ကင်းထောက်စိတ်ဓာတ်ကို အဓိကတည်ဆောက်ပြီး ထည့်သွင်းမွေးမြူရမယ်လို့ ပြောပါတယ်။ အဲဒီစကားလေးက သမီးရဲ့ကင်းထောက်ဘဝကို ပိုပြီး အဓိပ္ပာယ်ရှိသွားစေပါတယ်။ ဒီနေ့လိုခေတ်ကြီးမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး သမီးတို့ သင်ယူစရာရှိတာတွေ သင်ယူခွင့်ရနေပါပြီ။ ဒါပေမယ့် သမီးတို့ လူငယ်တွေ လူ့ဘဝတစ်လျှောက်မှာ နေနည်း၊ ထိုင်နည်းတွေနဲ့ မွေးမြူထားရမယ့် စိတ်ဓာတ် အခြေခံကောင်းလေးတွေ စုပေါင်းတည်ဆောက်တတ်ဖို့ဆိုတာ အမြဲတွေ့ဆုံညှိနှိုင်းပြီး လှုပ်ရှားဆောင်ရွက်မှသာရမယ်လို့ ထင်ပါတယ်။ ဒါကြောင့် အခု ဒုတိယအကြိမ်အဖြစ် စခန်းချတွေ့ဆုံပွဲကို လိုက်ပါဖြစ်တာပါ။ အလွန်လည်း ပျော်ရွှင်ရပါတယ်။ မနက်က ပုပ္ပားတောင်တက်တာ အားလုံးတစ်စုတစ်စည်းတည်း ပျော်ပျော်ပါးပါးရှိပြီး တစ်လမ်းလုံးမှာလည်း ကင်းထောက်သီချင်းတွေဖြစ်တဲ့ ပြည်သူ့အတွက် အစဉ်အသင့်၊ World Song ၊ Messenger of Peace စတဲ့ သီချင်းတွေကို ဆိုသွားကြတော့ မောတယ်လို့တောင် မထင်ပါဘူး။ အခုလို တစ်နိုင်ငံလုံးက မောင်နှမတွေကို စုစည်းပေးတာဟာ နှစ်စဉ်နှစ်တိုင်း အခွန့်ရှည်ပြီး သမီးတို့ရဲ့ ကင်းထောက်အဖွဲ့ကြီးလည်း ပိုမိုအားကောင်းလာဖို့ ကြိုးပမ်းသွားပါမယ်”ဟု ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်မှ တတိယနှစ် ရုရှားဘာသာ သင်ယူနေသူ ၂၀၁၄ ခုနှစ် MISS ASEAN MYANMAR အလှမယ် မလဲ့ယမင်းဦးက ပြောကြားသည်။

ကင်းထောက် မောင်မယ်များသည် ပြည်တွင်း၌သာမက ၂၀၁၃ ခုနှစ် ဂျပန်နှင့် ထိုင်းနိုင်ငံတို့၌ ကျင်းပသည့် ကင်းထောက်လူငယ်များ တွေ့ဆုံပွဲ၊ ၂၀၁၄ ခုနှစ် ကိုရီးယားနိုင်ငံနှင့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့များမှ ဖိတ်ကြားသည့် ခရီးစဉ်များကိုလည်း တက်ရောက်ကာ ကင်းထောက်အချင်းချင်း အတွေ့အကြုံများ နှီးနှောဖလှယ်ခဲ့ကြကြောင်း သိရသည်။

“နောင်နှစ်တွေမှာလည်း သမီးအနေနဲ့ ကင်းထောက်စခန်းချတွေ့ဆုံပွဲကို လိုက်ခွင့်ရချင်ပါတယ်။ ညဘက်လည်း စောစောအိပ်ရပြီး မနက်စောစောထလို့ တစ်နေကုန်မောရမှန်းမသိတဲ့ နေ့ရက်တွေပါ။ သမီးအတွက် အမှတ်တရဖြစ်စရာ သူငယ်ချင်းအသစ်တွေလည်း အများကြီးရပြီး ပေါင်းသင်းဆက်ဆံရေးနယ်ပယ်လည်း ပိုကျယ်ပြန့်လာတယ်လို့ ခံစားရပါတယ်။ မှတ်မှတ်ရရအနေနဲ့ ဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်တဲ့နေ့က စင်ပေါ်က ဆရာတွေရော၊ သမီးတို့တွေရော၊ ယောကျ်ားလေးတွေရော လေ့ကျင့်အပြီးမှာ အားလုံးပျော်ပျော်ရွှင်ရွှင်နဲ့ ကကြတယ်။ မထင်မှတ်ထားဘူး။ အားလုံးက စခန်းချတွေ့တဲ့အခါ တန်းတူပါပဲ။ သမီးတို့ကို အခုသင်ကြားပေးနေတဲ့ ကင်းထောက်ကြီးတွေလိုပဲ တစ်ချိန်ကျရင် သမီးတို့လည်း ကျရာတာဝန်ကနေ ကင်းထောက် လုပ်ငန်းတွေကို တစ်သက်လုံး လုပ်သွားမယ်လို့ စဉ်းစားထားတယ်”ဟု သတ္တမတန်းဖြေဆိုထားသည့် ကျောင်းသူတစ်ဖြစ်လဲ ကင်းထောက်မယ် မသီရိရည်မွန်က ဖြေကြားပြီး တောင်တက်ခရီးစဉ်ကြောင့် ပင်ပန်းသမျှကို ညည်းညူဟန်မပြဘဲ စခန်းချရာဆီသို့ သူငယ်ချင်းများနှင့် ပျော်ရွှင်စွာ ထွက်ခွာသွားလေတော့သည်။

**(မြန်မာ့အလင်း)**

**နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်**

**နေပြည်တော် မတ် ၃** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

(မိုး/ဇလ)

# ရာရှင်းသံမဏိ၊ သံရည်ကျိုစက်ရုံအလုပ်သမားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာက ကွင်းဆင်းစစ်ဆေးညှိနှိုင်းပေးခဲ့သဖြင့် ပြေလည်မှုရရှိ

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာ စက်မှုဇုန်ရှိ ရာရှင်းသံမဏိ၊ သံရည်ကျိုစက်ရုံ အလုပ်သမားများ၏အခွင့်အရေးနှင့်ပတ်သက်၍ ယနေ့ နံနက်ပိုင်းတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးညှိနှိုင်းပေးခဲ့သဖြင့် ပြေလည်မှုရရှိသွားပြီဖြစ်သည်။

အလုပ်သမား ၁၀၀ ဖြင့် လုပ်ကိုင်လျက်ရှိသည့် အဆိုပါစက်ရုံမှ စက်ရုံအခြေခံအလုပ်သမားအဖွဲ့ အစည်းက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ ၎င်းတို့၏ အချိန်ပိုလုပ်အားခများ ပြည့်ဝစွာမရရှိကြောင်း တိုင်ကြားမှုအပေါ် ကော်မရှင်က စက်ရုံသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီးနောက် ယနေ့ နံနက်ပိုင်းတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စစ်ဆေးရေးမှူးနှင့်အဖွဲ့က သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ အလုပ်သမားများ၏ တောင်းဆိုမှုနှင့် အခက်အခဲများကို စက်ရုံသို့ သွားရောက်၍ စစ်ဆေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ပြေလည်မှု ရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ပြေလည်မှုရရှိခဲ့သဖြင့် အလုပ်သမားများ အချိန်ပို အလုပ်လုပ်ကိုင်ခဲ့ရသည့် နာရီများအတွက် အချိန်ပို လုပ်ခလိုငွေများကို မတ် ၅ ရက်တွင် အလုပ်ရှင်က အပြီးပေးချေသွားမည်ကြောင်း သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့်အပြင် အလုပ်ရှင်၊ အလုပ်သမား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၍ လုပ်ငန်းခွင်၌ အေးချမ်းစွာ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**




# မြန်မာ့ရေပြင်ပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုလျော့နည်းသွားကြောင်း သုတေသနပြုတွေ့ရှိ

**ရန်ကုန် မတ် ၃**

မြန်မာ့ရေပြင်ပိုင်နက်အတွင်း ငါးသယံဇာတတည်ရှိမှုနှင့် ရေငန်ဂေဟဆိုင်ရာ သုတေသနလုပ်ငန်းများကို Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် အတည်ပြုဖော်ထုတ်ခြင်း ရလဒ်များထုတ်ပြန်သည့် အခမ်းအနားကို မတ် ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Summit Park View Hotel ၌ ကျင်းပခဲ့ကြောင်း သိရသည်။

နော်ဝေနိုင်ငံ၏ ကူညီမှုဖြင့် Dr. Fridtjof Nansen သုတေသနရေယာဉ်ဖြင့် ငါးသယံဇာတများ တည်ရှိမှုထုထည်ပမာဏ၊ ငါးများ၏ အလေ့အထနှင့် ၎င်းတို့ ပေါက်ဖွားချိန်နှင့်နေရာ၊ သန္တာကျောက်တန်းများ တည်ရှိမှုအခြေအနေ၊ ရေပြင်ဒေသအလိုက် ရေအာဟာရဓာတ် ပါဝင်မှုနှုန်း စသည့် ရေငန်ဂေဟဆိုင်ရာ အချက်အလက်များကို ဖော်ထုတ်နိုင်ရန်နှင့် နှစ်စဉ်မှန်မှန် မျိုးမသုဉ်းစေနိုင်ဘဲ ဖမ်းဆီးနိုင်သော ပမာဏတွက်ချက်ပြီး ရေရှည်တည်တံ့စေနိုင်သော ငါးလုပ်ငန်းစီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရန်အတွက် မိုးဦးကာလဖြစ်သော ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်မှ ဇွန် ၁၈ ရက်အထိ ၅၅ ရက်ကြာ မြန်မာ့ကမ်းရိုးတန်း ရေပြင်တစ်လျှောက် သုတေသနပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်ဖြင့် ငါးသယံဇာတ ကြည့်ရှုတိုင်းတာမှုကို ၁၉၇၉ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ တစ်ကြိမ်၊ ၁၉၈၀ ပြည့်နှစ် မတ်လမှ ဧပြီလအထိ တစ်ကြိမ်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ တစ်ကြိမ်၊ ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်မှ ဇွန် ၁၈ ရက်အထိ တစ်ကြိမ် စုစုပေါင်း လေးကြိမ် ဆောင်ရွက်ခဲ့ပြီး ၁၉၇၉/၁၉၈၀ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်




ပင်လယ်ပြင်ထွက်မည့် ငါးဖမ်းစက်လှေအချို့ ရန်ကုန်ဆိပ်ကမ်း၌ တွေ့ရစဉ်။

မိုးလွန်ကာလ၏ သုတေသနရလဒ်ကို တိုင်းတာကြည့်ရာ ရေပေါ်နေ ငါးအုပ်စုမှာ ၁၀၀၀၀၀၀ တန်မှ ၁၁၀၀၀၀ တန်သို့ ၉၀ ရာခိုင်နှုန်းခန့် လည်းကောင်း၊ ရေအောက်ကြမ်းပြင် ငါးအုပ်စုမှာ ၇၅၀၀၀၀ တန်မှ ၂၈၀၀၀၀ တန်သို့ ၇၅ ရာခိုင်နှုန်းခန့် လည်းကောင်း လွန်စွာကျဆင်းသွားကြောင်း လေ့လာတွေ့ရှိခဲ့ရသည်ဟု သိရသည်။

ငါးများ၏ ပေါက်ဖွားရာနေရာကို ရှာဖွေရာတွင် အဓိကအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ရေပြင်အတွင်းရှိ အရှေ့မြောက်ဘက်ဖြစ်သော ငါးဖမ်းကွက်များတွင် ငါးမျိုးစိတ်များစွာ၏ သားလောင်းများကို တွေ့ရှိရသဖြင့် အဆိုပါနေရာသည် မြန်မာ့ရေပြင်အတွင်း အဓိကကျသော Nursery Grounds and Nursery Regions အဖြစ် လေ့လာတွေ့ရှိရကြောင်း သိရသည်။

သန္တာကျောက်တန်းများ၏ တည်ရှိမှုအား လေ့လာရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အနီးရှိ ငါးဖမ်းကွက်အချို့တွင် သန္တာကျောက်တန်းများ များစွာပျက်စီးနေသည်ကို တွေ့ရှိရပြီး အချို့သော Coral မျိုးစိတ်များမှာ အသစ်ပြန်လည်ပေါက်ဖွားလာနိုင်သည်ဟု သိရသည်။

အဆိုပါ အစည်းအဝေးတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်ပြီး ငါးသယံဇာတကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ယခင်ကထက် ပိုမိုငါးဖမ်းဆီးလာသည့်အတွက် လည်းကောင်း၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ ငါးများ နေထိုင်ကျက်စားရာ အဓိကပတ်ဝန်းကျင်တစ်ခုဖြစ်သည့် ဒီရေတောများ လျော့နည်းလာခြင်းတို့ကြောင့် လည်းကောင်း ငါးသယံဇာတသည် တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရကြောင်း၊ လူသားများအတွက် အစာအာဟာရလိုအပ်မှုကို ဖြည့်တင်းပေးနေသောလုပ်ငန်းဖြစ်၍ ငါးသယံဇာတ ရေရှည်တည်မြဲနိုင်ရန် သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နော်ဝေသံအမတ်ကြီး Ms. Ann Ollestad က အစည်းအဝေးကျင်းပရခြင်းနှင့် သုတေသနဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သုတေသနလုပ်ငန်းဆိုင်ရာအကြောင်းများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ငါးသယံဇာတတည်ရှိမှုပမာဏနှင့် ဇီဝမျိုးကွဲများဖြစ်ပေါ်တည်ရှိမှုကို ရေရှည်တည်တံ့သုံးစွဲသွားနိုင်စေရန်အတွက် ငါးဦးစီးတစ်ခုတည်းသာမက ပါဝင်ပတ်သက်သူအားလုံးနှင့် ရေလုပ်သားတစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း ပူးပေါင်း၍ စီမံခန့်ခွဲရန် လိုအပ်ကြောင်း သိရသည်။ အဆိုပါ သုတေသနလုပ်ငန်းများကို နိုင်ငံခြားမှ ပညာရှင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် မော်လမြိုင်၊ မြိတ်နှင့် ရန်ကုန်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနမှ ဆရာ ဆရာမများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# မန္တလေး-လားရှိုး-မူဆယ်ကားလမ်း ဂုတ်တွင်း၌ ပိတ်ဆို့မှုထပ်မံဖြစ်ပွား

**သီပေါ မတ် ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း ပြည်ထောင်စုလမ်းမကြီး၏ မန္တလေး-လားရှိုး-မူဆယ် ကားလမ်းပေါ်ရှိ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်အကြား ဂုတ်ကွင်းလမ်း၌ ဖေဖော်ဝါရီ ၂၉ ရက် ည ၁၀ နာရီမှစ၍ တွဲကားကြီးတစ်စီး ကန့်လန့်ခံပိတ်ဆို့သွားခဲ့မှုကြောင့် မန္တလေးဘက်မှလာသော ယာဉ်များနှင့် မူဆယ်-လားရှိုးဘက်မှလာသော ယာဉ်များ ဂုတ်တွင်း၌ ယာဉ်ကြောပိတ်ဆို့ခဲ့ရာ သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးခဲ့၍ မတ် ၂ ရက် ညပိုင်းက ကားလမ်းပွင့်သွားခဲ့သည်။

မတ် ၃ ရက် နံနက်ပိုင်းက မော်တော်ယာဉ်များ လမ်းလုမောင်းကြသဖြင့် အဆိုပါဂုတ်တွင်းလမ်း ထပ်မံယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ **(ယာပုံ)** ကားတန်းကြီးသည် ဂုတ်တွင်းမှ နောင်ချိုမြို့အထိ ရောက်ရှိနေသည်ကို တွေ့ရသည်။

ဂုတ်တွင်းကားလမ်း၌ ကွေ့အထပ်ပေါင်း ၃၀ ကျော်ရှိသည့် အပြင် ကားကြီးများ ရာနှင့်ချီပြေးဆွဲလာခြင်း၊ အဆင်းအတက်ရှိ အချို့နေရာများ ကျဉ်းမြောင်းခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်စေကြောင်း အဆိုပါလမ်းကြောင်းတွင် မောင်းနှင်သည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယာဉ်ကြော ပိတ်ဆို့နေစဉ် ကားငယ်လေးများ စည်းကမ်းမဲ့ ကျော်တက်ခြင်းများကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ပိုမိုဖြစ်ပွားစေပြီး အချိန်ပိုကြာမြင့်စွာ စောင့်ဆိုင်းရတတ်ကြောင်း၊ မန္တလေးမှ အသီးအနှံနှင့် သားငါးတင်ပို့ချိန်များတွင် ယာဉ်ပိတ်ဆို့မှုနှင့် ကြုံတွေ့ရပါက ငွေကျပ်သိန်းပေါင်းများစွာ ဆုံးရှုံးနစ်နာရကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။

အဆိုပါ လမ်းကြောင်း၌ ပြေးဆွဲနေသည့် ရွှေမန္တလာ ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းမှ ယာဉ်မောင်းက "ယာဉ်ကြောပိတ်တာကတော့ ခဏခဏဖြစ်တယ်။ တစ်လကို အနည်းဆုံး နှစ်ခါလောက်ဖြစ်တယ်။ အခုတော့ ညဖွင့် မနက်ပိုင်းပြန်ပိတ်နေတာ ကြုံရတယ်။ ဂုတ်တွင်းလမ်းက မြေသားပျော့တော့ ဘီးကကျွံတာတို့၊ တွဲကားကြီးတွေ၊ ၁၂ ဘီးကားကြီးတွေက ကန့်လန့်ခံပျက်တာတို့ဆိုရင် လမ်းပိတ်ရော၊ အတက်အဆင်း ကွေ့လေးတွေမှာ တချို့ကားတွေက စက်ချွတ်ယွင်းပြီး ကန့်လန့်ခံ ပိတ်နေတယ်။ ခရီးသည်တွေ တော်တော်အခက်အခဲတွေ့ရတယ်။ ညရောက်ရမယ့်ခရီး မနက်ရောက်၊ မနက်ရောက်ရမယ့်ခရီး ညရောက်တာတွေ ဖြစ်ကုန်တယ်။ အဓိကကတော့ လမ်းကျယ်စေချင်တယ်။ ဂုတ်တွင်းဘက်မှာပဲ ဖြစ်ဖြစ်၊ ကျောက်မဲ၊ နောင်ချိုဘက်မှာပဲဖြစ်ဖြစ် ကရိန်းကားတစ်စီး ထားပေးစေချင်တယ်။ ဒါမှ ပျက်နေ၊ ပိတ်နေတဲ့ကားတွေကို ဒီကရိန်းနဲ့ မ, ရွှေ့ရင် အဆင်ပြေနိုင်တယ်" ဟု ပြောပြသည်။

**စိုင်း(သီပေါ)**



# ၂၀၂၅ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းက ယူဆောင်လာမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်အားစမ်းမှုများ

**နှင်းမြတ်သူ (ယဉ်ကျေးမှု)**

အာဆီယံ၏ လူမှုယဉ်ကျေးမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ၂၅ နှစ်တာကာလအတွင်း သိသာထင်ရှားသော လူသားအရင်းအမြစ်နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုများ၏ ရှေ့ပြေးနိမိတ်အဖြစ် ပြသနိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပေါ်ပေါက်လာခဲ့သော အာဆီယံအသိုက်အဝန်းကြီးကို အခြေခံပြီး ရှေ့ဆက်သွားမည့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကြီးနှင့် စပ်လျဉ်း၍ ပြည်သူလူထုကြားတွင် ထပ်ဆင့်အသိပညာ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စိန်ခေါ်အားစမ်းမှုအသစ်များကို အတူတကွ ရင်ဆိုင်နေရသည့်အလျောက် ၂၀၂၅ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းသည် ကြံ့ကြံ့ခံနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ကတိကဝတ်များပြုထားသည့်အတိုင်း အတူတကွပူးပေါင်းဆောင်ရွက်မှုနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝနားလည်သဘောပေါက်မှုတို့ကို ဖြစ်ပေါ်စေသည့် အခွင့်အလမ်းများစွာကို ဖွင့်လှစ်ပေးမည်ဖြစ်ပါသည်။ ၂၀၂၅ ၏ ရည်မှန်းချက်ဖြစ်သည့် သန်း ၆၀၀ ကျော်သော အာဆီယံဒေသတွင်းရှိ ပြည်သူများကိုဗဟိုပြုပြီး ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက-ပြည်သူစသည့် မဏ္ဍိုင် (၃)ရပ်က လက်တွဲညီညီပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းသည် အာဆီယံဒေသတွင်း သက်ကြီးရွယ်အိုများဆိုင်ရာ ကွာလာလမ်ပူကြေညာစာတမ်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံပူးတွဲကြေညာချက် ၂၀၁၅၊ ဒေသတွင်းလူမှုဘဝ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အင်အားကောင်းမွန်စေရေးမူဘောင်လုပ်ငန်းစီမံချက်၊ အာဆီယံဒေသတွင်း ကူးစက်ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ ကြေညာချက်၊ အာဆီယံဒေသတွင်းကလေးသူငယ်များနှင့် အမျိုးသမီးများအကြမ်းဖက်ခံရမှုမှ တားဆီးကာကွယ်ရေးဆိုင်ရာကြေညာချက်များ၊ ပညာရေးအဆင့်အတန်းမြင့်မားရေးဆိုင်ရာ ကွာလာလမ်ပူကြေညာချက်၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံသဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုနှင့် ရာသီဥတုပြောင်းလဲမှုလုပ်ငန်းစဉ်ဆိုင်ရာ ကြေညာချက်တို့ကဲ့သို့သော ကြေငြာချက်များကို ချမှတ်နိုင်ခဲ့ပြီး မူဝါဒနှင့် ဥပဒေရေးရာမူဘောင်များ ရေးဆွဲအကောင်အထည်ဖော်မှုကို မြှင့်တင်ဆောင်ရွက်ရာတွင်လည်း အားပေးကူညီခဲ့ပါသည်။ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့ပေးရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေးစင်တာ(AHA Centre) မှတစ်ဆင့် လျင်မြန်ပြီးထိရောက်သော ကူညီထောက်ပံ့မှုများကို ပေးအပ်ခဲ့ခြင်းဖြင့်လည်း သဘောဆန္ဒတူညီမှု (Consensus)ကို အာဆီယံဒေသက မှတ်ကျောက်တင် ပြသခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဆောင်ရွက်မှုများသည် ဒေသတွင်း လူမှုရေးဆိုင်ရာပြောင်းလဲတိုးတက်မှုများကို စေ့ဆော်ပေးသည့် အရေးကြီးသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာရလဒ်များပင် ဖြစ်ပါသည်။ ဤကဲ့သို့ အရှိန်အဟုန်မြင့်မားသောဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနောက်ခံအကြောင်းအရင်းနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဆင်းရဲနွမ်းပါးမှုသည် သိသာထင်ရှားစွာလျော့ပါးလာသည်မှာလည်း ယနေ့မျက်မြင်ပင်ဖြစ်ပါသည်။

စိန်ခေါ်အားစမ်းမှုများကိုသုံးသပ်ရာတွင် လူမှုရေးဆိုင်ရာလူမှုဘဝကာကွယ်စောင့်ရှောက်မှု၊ တရားမျှတမှု၊ တန်းတူအခွင့်အရေးများရရှိမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်ပိုင်လက္ခဏာရပ်များမြင့်မားလာမှုတို့ဖြင့် အစွန်းရောက်မှုများကို ရင်ဆိုင်ဖြေရှင်းကြရမည်ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အများစုသောပြည်သူလူထုကို ထိခိုက်စေနိုင်သည့် သဘာဝဘေးအန္တရာယ်နှင့် လူသားတို့ဖန်တီးသည့် ဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် သဘာဝအရင်းအမြစ်ကုန်ခန်းမှုတို့သည်လည်း အတူတကွရင်ဆိုင်ကြရမည့်ပြဿနာရပ်များအဖြစ် ပေါ်ပေါက်လာနိုင်ပါသည်။ အာဆီယံသည် ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုမြင့်မားသည့်ဒေသတွင် တည်ရှိသည့်အလျောက် အဓွန့်ရှည်တည်တံ့ခိုင်မြဲသည့် အာဆီယံကိုတည်ဆောက်နိုင်ရေးအတွက် ရာသီဥတုပြောင်းလဲခြင်းကို လိုက်လျောညီထွေစွာ စုပေါင်းဖြေရှင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**■ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စိန်ခေါ်အားစမ်းမှုအသစ်များကို အတူတကွရင်ဆိုင်နေရသည့်အလျောက် ၂၀၂၅ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းသည် ကြံ့ကြံ့ခံနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ကတိကဝတ်များ ပြုထားသည့်အတိုင်း အတူတကွပူးပေါင်းဆောင်ရွက်မှုနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝနားလည်သဘောပေါက်မှုတို့ကို ဖြစ်ပေါ်စေသည့် အခွင့်အလမ်းများစွာကို ဖွင့်လှစ်ပေးမည်**

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း၏ လတ်တလောတိုးတက်မှုများနှင့် ဒေသ၏ယေဘုယျအခြေအနေကို ခြုံငုံကြည့်လျှင် အာဆီယံ၏ အတွေ့အကြုံများ၊ ရည်မှန်းချက်များနှင့် ကံကြမ္မာအတွက် လာမည့် ၁၀ နှစ်တာကာလတွင် ပြည့်စုံနှံ့စပ်ပြီး ထိရောက်သောဖွံ့ဖြိုးရေးရည်မှန်းချက်နှင့် ဦးတည်ချက်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံလုံး သိရှိနားလည်နိုင်စေရန် အကောင်အထည်ဖော်ဆောင်ရမည် ဖြစ်ပါသည်။ ယင်းအား ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပြီး ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ၏ အကျိုးအမြတ်များအပေါ်တွင် မူတည်တည်ဆောက်၍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို စိန်ခေါ်အားစမ်းလာနိုင်သည့် ဆင်းရဲနွမ်းပါးမှု၊ နိုင်ငံများအကြားနှင့် နိုင်ငံများအတွင်း မညီမျှခြင်းများ မြင့်မားလာမှု၊ အစွန်းရောက် အကြမ်းဖက်မှုနှင့် သဘာဝအရင်းအမြစ်များလျော့နည်းလာမှုနှင့် ရာသီဥတုပြောင်းလဲမှု စသည်တို့ကိုရင်ဆိုင်ရန် ကူညီထောက်ပံ့ရာ၌ ဝိုင်းဝန်းဆောင်ရွက်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း ၂၀၂၅ ၏ မျှော်မှန်းချက်သည် အာဆီယံအသိုက်အဝန်းအတွက် အတိမ်းအစောင်းမခံသောအခြေအနေများ၌ လည်းကောင်း၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်အားစမ်းမှုများနှင့် အခွင့်အလမ်းများကို သိရှိနားလည်စေရန်အတွက် လည်းကောင်း၊ အာဆီယံပြည်သူလူထုအား ထိတွေ့စေပြီး အကျိုးအမြတ်ရှိစေရန်နှင့် အားလုံးပူးပေါင်းပါဝင်၍ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ကာ အင်တိုက်အားတိုက်ရှိသည့် အာဆီယံအသိုက်အဝန်းအတွက်လည်းကောင်း မျှော်မှန်းထားရှိပြီး ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့မှု၊ ကြံ့ကြံ့ခံနိုင်မှုနှင့် အင်တိုက်အားတိုက်ဖြစ်မှု( Inclusive, Sustainable, Resilient and Dynamic) တို့ရှိသည့် အသိုက်အဝန်းတစ်ရပ်ဖြစ်ပေါ်လာရန် ကောင်းမွန်သော စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ထိန်းကျောင်း၍ အာဆီယံပြည်သူလူထု၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိသော၊ လူမှုဘဝဆိုင်ရာတာဝန်ယူမှုရှိသော-လူမှုအသိုက်အဝန်းတစ်ရပ် (Accountable and Socially Responsible Community) ဖြစ်ပေါ်လာရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၅ အာဆီယံအသိုက်အဝန်းသည် လူနေမှုဘဝအရည်အသွေးမြင့်မားအောင် တိုးမြှင့်ဆောင်ရွက်ပေးသော၊ ပြည်သူအားလုံးအခွင့်အလမ်းကို တန်းတူညီမျှပါဝင်ခံစားခွင့်ရှိသော၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ လူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများကိုကာကွယ်ရေးနှင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်သော အားလုံးပူးပေါင်းပါဝင်သည့် အသိုက်အဝန်းတစ်ရပ်ဖြစ်ပေါ်လာရေးဆောင်ရွက်ရန်၊ အာဆီယံ ပြည်သူလူထု၏ ပစ္စုပ္ပန်နှင့် အနာဂတ်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ထိရောက်သောလုပ်ငန်းစဉ်များမှတစ်ဆင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်ဝန်းကျင်ကာကွယ်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်သည့် ရေရှည်တည်တံ့သော အသိုက်အဝန်းတစ်ခုထူထောင်ရန်၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာထိခိုက်လွယ်မှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲမှုများ၊ ကြုံတွေ့လာနိုင်သည့် ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်အားစမ်းမှုများကို တုံ့ပြန်ဖြေရှင်းနိုင်သည့် အရည်အချင်းနှင့် စွမ်းဆောင်ရည်ပြည့်ဝသော ကြံ့ကြံ့ခံနိုင်သည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရန်၊ တီထွင်ဆန်းသစ်သည့် အရည်အချင်းနှင့် ဖန်တီးထောက်ပံ့ပေးမှုတို့ဖြင့် ကမ္ဘာ့အသိုက်အဝန်းကို အထောက်အကူပြုနိုင်သည့် အာဆီယံ၏ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှုနှင့်အမွေအနှစ်များအပေါ် ဂုဏ်ယူပြီး စိတ်ဝင်စားမှုရှိသော အင်တိုက်အားတိုက်နှင့် သဟဇာတရှိသည့် အသိုက်အဝန်းတစ်ခုဖြစ်ပေါ်လာစေရန်တို့ကို မျှော်လင့်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ရာ အာဆီယံဒေသတွင်းရှိ ပြည်သူများအတွက် ရရှိလာမည့် အဆိုပါ အကျိုးစီးပွားများကို မျှဝေစံစားကာ စိန်ခေါ်မှုများကိုကြံ့ကြံ့ခံ စုပေါင်းဖြေရှင်းသွားကြရန်ဖြစ်ပြီး အာဆီယံဒေသအား ကမ္ဘာ့အလယ်တွင် "ပေါင်းစည်းညီညွတ်သော၊ ငြိမ်းချမ်းတည်ငြိမ်ကြွယ်ဝသော အာဆီယံ" ဖြစ်လာစေရန် မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် ASCC သည် "အခြေခံအုတ်မြစ်မဏ္ဍိုင်တစ်ရပ်" အဖြစ် ၂၀၂၅ တိုင်အောင် ဆက်လက်ဆောင်ရွက်သွားရင်း အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်း ဆောင်ရွက်ရမည့်တာဝန်ကို ထမ်းဆောင်ပေးသွားမည် ဖြစ်ပါသည်။

# ရန်ကုန်မြို့ အထပ်မြင့်အဆောက်အအုံများကို စံချိန်စံညွှန်း စစ်ဆေး

**ရန်ကုန် မတ် ၃**

ရန်ကုန်မြို့တော်တွင် အထပ်မြင့် အဆောက်အအုံများစွာ ဆောက်လုပ်လျက်ရှိရာ အထပ်မြင့်အဆောက်အအုံပေါင်း ၁၃၀ ခန့်ကို စံချိန်စံညွှန်း သတ်မှတ်ချက်များအတိုင်း ဆောက်လုပ်ခြင်း ရှိ မရှိကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း အထပ်မြင့် အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ထံမှ သိရသည်။

"အထပ်မြင့် အဆောက်အအုံတွေကို စစ်တဲ့အချိန်မှာ ကျွန်တော်တို့က ဒီမှာဘယ်လိုစစ်တယ်ဆိုတဲ့ ဂိုက်လိုင်းလေးတွေပေးထားပါတယ်။ ဘာသာရပ်အလိုက် အဆောက်အအုံဒီဇိုင်း၊ ဗိသုကာဒီဇိုင်း၊ ရေနဲ့ မိလ္လာစနစ်၊ မီးဒီဇိုင်း၊ စက်မှုဒီဇိုင်း၊ လေညှိစနစ်၊ လုပ်ငန်းစစ်ဆေးခြင်း လမ်းညွှန်များစသဖြင့် Code ကို မှီငြမ်းပြီး လုပ်ထားတာပါ" ဟု အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ဦးခင်မောင်တင့်က ပြောသည်။

အဆောက်အအုံများ ဆောက်လုပ်ရာတွင် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက အရေးယူဆောင်ရွက်ပေးရန် ထပ်ဆင့်တင်ပြပေးရသည်ဟု သိရသည်။ "ဆောက်လုပ်ခွင့် ပါမစ်ပေးတာက YCDC (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)ကပဲ ပေးပိုင်ခွင့်ရှိပါတယ်။ ကျွန်တော်တို့က စစ်ဆေးပြီးတော့ ထောက်ခံတယ်။ ထောက်ခံပြီးတော့ YCDC ပို့တယ်။ YCDC က သူတို့ကို ဆောက်လုပ်ခွင့်ပါမစ်ပေးတယ်။ ကျွန်တော်တို့က လုပ်ငန်းခွင်ထဲ သွားစစ်တယ်။ ဒီဇိုင်းပေးထားတုန်းက စစ်ထားတဲ့ပုံနဲ့ လုပ်တာနဲ့ မကိုက်ညီဘူးဆိုရင် ကျွန်တော်တို့က YCDC နဲ့ သက်ဆိုင်ရာကုမ္ပဏီကို စာပို့ပါတယ်။ YCDC က ဌာနနှစ်ခုစလုံးကို ပို့ပါတယ်။ အထပ်မြင့်ရောအဆောက်အအုံဌာနကော စာပို့ပေးပါတယ်။ ဒါကို အရေးယူဆောင်ရွက်ပေးဖို့ အရေးယူတာသည် သူတို့တာဝန်ဖြစ်လာတယ်။ ကျွန်တော်တို့ကတော့ စံချိန်စံညွှန်းစစ်ဆေးပေးတဲ့ ပညာရှင်ပိုင်းပဲဖြစ်ပါတယ်"ဟု တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

(၁၂)ထပ်ခွဲအထက် အဆောက်အအုံများကို အထပ်မြင့်အဆောက်အအုံအဖြစ် သတ်မှတ်ထားပြီး အထပ်မြင့် အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ကို ၂၀၀၃ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**



# ဧရာဝတီမြစ် ရေလမ်းကြောင်းကောင်းမွန်ရေး ကသာမြို့အဝင် သောင်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မတ် ၃**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး မန္တလေးတိုင်းဒေသကြီးဦးစီးဌာန ဒေသ(၅)မှ ဧရာဝတီမြစ် ရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရန်ပုံငွေဖြင့် ဖေဖော်ဝါရီ ၂၇ ရက်မှစတင်၍ ကသာမြို့ဆိပ်ကမ်းအဝင်တွင် သောင်တူးဖော်နေကြောင်း သိရသည်။ အလားတူ မန္တလေး-ကသာရေလမ်းနှင့် မန္တလေး-ချောက်ရေလမ်းတို့တွင် ရေလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

"မြစ်သဘာဝအရ သောင်ကတော့ ဖြစ်ထွန်းနေမှာပါ။ ဌာနအနေနဲ့ ရေလမ်းကြောင်းကောင်းမွန်ရေးနဲ့ ကမ်းပြိုကာကွယ်ရေးတွေကို လုပ်ဆောင်ပေးနေတယ်။ တိုင်းဒေသကြီးနဲ့ ပြည်ထောင်စုကချပေးတဲ့ ရန်ပုံငွေနဲ့လုပ်ပါတယ်။ ကသာဆိပ်ကမ်းကို ရေယာဉ်တွေ အန္တရာယ်ကင်းစွာ ဝင်ထွက်သွားလာနိုင်မယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောသည်။

ကသာမြို့ ဆိပ်ကမ်းတွင် သောင်တူးဖော်ရာ၌ အလျား ၁၁၄၃ ပေ၊ အကျယ် ၃၅-မီတာနှင့် အနက် ရေစစ်မျဉ်းအောက် ၃ မီတာဖြစ်ပြီး မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်သိန်း ၇၀၀ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ချိန် တစ်လကြာမြင့်မည်ဖြစ်ကြောင်း၊ ရေလမ်းသယ်ယူပို့ဆောင်ရေးသည် ပို့ဆောင်ရေးနည်းလမ်းများတွင် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။



"ကသာမြို့က ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာ ရှိတယ်။ ရေလမ်းကို အဓိကအသုံးပြုပြီး ကုန်စည်ကူးသန်းရောင်းဝယ်ရေး လုပ်နေကြပေမယ့် အခုနောက်ပိုင်းတော့ ကားလမ်းတွေကလည်း သွားနေကြတယ်။ သယ်ယူစရိတ်ကတော့ ရေလမ်းက သက်သာတယ်" ဟု ကသာမြို့မှ ကုန်သည်တစ်ဦးက ပြောသည်။

အဆိုပါဌာနအနေဖြင့် ရေလမ်းကောင်းမွန်ရေးအတွက် ကျားပါးစပ်ရေလမ်း၊ သစ်ဒေါင့်ကျွန်းရေလမ်း၊ ရွှေပေါက်ပင်ရေလမ်း၊ ရှမ်းကလေးကျွန်းအနီး ရေလမ်းနှင့် နတ်စင်ကျောက်ရေလမ်းတို့တွင် စက်ယန္တရားများဖြင့် အရေးပေါ် သောင်တူးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


# အပူရှိန်ပြင်းထန်မှုကြောင့် ငါး၊ ပုစွန် မွေးမြူကန်များ မပြတ်စောင့်ကြည့်ရန်လို

**ညောင်တုန်း မတ် ၃**

ယခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတု အပြင်းထန်ဆုံးကျရောက်မည့်နှစ် ဖြစ်သဖြင့် အပူရှိန်မြင့်တက်လာချိန်တွင် မွေးမြူထားသည့် ငါး၊ ပုစွန်များ သေဆုံးမှုများ ပြားနိုင်သောကြောင့် ညောင်တုန်းမြို့နယ် အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ငါး၊ ပုစွန် မွေးမြူရေးကန် ဧကတစ်သိန်းကျော်တွင် ငါး၊ ပုစွန်မျိုးစုံ စီးပွားဖြစ် မွေးမြူထားသော မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးကုမ္ပဏီများက အထူးစိုးရိမ်ပူပန်နေကြကြောင်းနှင့် မွေးမြူသူအများစုမှာ အယ်နီညိုရာသီ အပြင်း အထန်ပူပြင်းမှု နီးကပ်လာချိန်တွင် မွေးမြူထားသော ငါး၊ပုစွန်များကို စောစီးစွာ ဖမ်းဆီးရောင်းချကြရန်စီစဉ်ထားကြောင်း သိရသည်။

သာမန်နေပူရှိန်မြင့်တက်ခဲ့စဉ်က ပင် မွေးမြူရေးကန်များ၌ မွေးမြူထားသော ငါး၊ ပုစွန်များရောဂါရရှိမှုများရှိခဲ့ဖူးသဖြင့် ယခုနှစ်ကဲ့သို့သော အယ်နီညိုရာသီဥတုမျိုး ကျရောက်မည့်နှစ်တွင် ငါး၊ ပုစွန်သေဆုံးမှု ပိုမိုဖြစ်ပွားနိုင်သဖြင့် မွေးမြူရေးလုပ်ငန်းရှင်များက စိုးရိမ်ပူပန်နေကြခြင်းဖြစ်သည်။

"ကျွန်တော်ကတော့ အယ်နီညိုရာသီအပူရှိန် အဆမတန်မြင့်တက်မယ့်အချိန်အတွက် အလွန်စိုးရိမ်ပူပန်မိတယ်။ အပူရှိန်မြင့်မားမှုကြောင့် မွေးမြူထားတဲ့ ငါး၊ ပုစွန်တွေသေဆုံးမှုများနိုင်ပါတယ်။ အဲဒါကြောင့် မွေးမြူထားတဲ့ ငါး၊ ပုစွန်တွေကို စောစောပဲ ဖမ်းရောင်းတော့မယ်လို့ စီစဉ်ထားပါတယ်" ဟု ညောင်တုန်းမြို့ စံကင်းကျွန်းတွင် ငါး၊ ပုစွန်မွေးမြူထားသူ ဦးမြင့်ဝေက ပြောသည်။



အယ်နီညိုရာသီ၏ အပူရှိန်မြင့်တက်လာချိန်တွင် အပူရှိန်အဆမတန်လွန်ကဲမှုကြောင့် မွေးမြူရေးကန်များအတွက် ရေလျော့နည်းနိုင်သဖြင့် ငါးအသေအပျောက်များနိုင်၍ မွေးမြူရေးတွင် အဓိကအရေးပါသည့် ရေကိုရနိုင်သလောက်ကြိုတင် သိုလှောင်ထားရန်လည်း လိုအပ်ကြောင်း သိရသည်။

ငါး၊ ပုစွန်မွေးမြူသူများအနေဖြင့် ထူးခြားမှုများရှိပါက ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရေမြေအရည်အသွေးတိုင်းတာ စစ်ဆေးရေးနှင့် ငါး၊ ပုစွန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ နှိုးဆော်ထားကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# ရေပြတ်လပ်သောကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေ

**ဖားကန့် မတ် ၃**

ဖားကန့်မြို့နယ်အတွင်း ရေရှားပါးပြတ်လပ်မှုရှိသော ကရင်ချောင်၊ လယ်ပြင်၊ ကုမ္မေ၊ မလောင်နှင့် ငြိမ်းချမ်းသာယာကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ဦးဆောင်မှု၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စေတနာရှင်များပူးပေါင်းပါဝင်ကူညီမှုဖြင့် မတ် ၂ ရက် မွန်းလွဲ ၁ နာရီမှစတင်ကာ သောက်သုံးရေများ အလှည့်ကျပေးဝေလှူဒါန်းလျက်ရှိသည်။

ယင်းသို့လှူဒါန်းရာတွင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလီမိတက်ပိုင် ရေသယ်ယာဉ်ဖြင့် ကရင်ချောင်ကျေးရွာသို့ ရေဂါလန် ၁၆၀၀ ကို လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနရေသယ်ယာဉ်ဖြင့် လယ်ပြင်၊ ကုမ္မေ၊ မလောင်၊ ငြိမ်းချမ်းသာယာကျေးရွာများသို့ ရေဂါလန် ၁၆၀၀ စီ၊ လယ်ပြင်ကျေးရွာသို့ ရေသန့်ဘူး ၆၀၀၊ ငြိမ်းချမ်းသာယာနှင့် မော်စီစာကျေးရွာများသို့ ရေသန့်ဘူး ၄၂၀ စီနှင့် ကရင်ချောင်ကျေးရွာသို့ ရေသန့်ဘူးကြီး ၂၀ တို့ကိုလည်းကောင်း ပေးပို့ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**

# အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆွေးနွေး

**ပြင်ဦးလွင် မတ် ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများ အယ်နီညို ရာသီဥတုဒဏ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၁ ရက်က ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု ပိန္နဲကုန်း(တ)ကျေးရွာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရန်နိုင်စိုး (နည်းပညာ)က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများ အယ်နီညို ရာသီဥတုဒဏ်ကြောင့် သောက်သုံးရေပြတ်လပ်မှု ရှိ မရှိ၊ ရေချိုများကို စနစ်တကျသုံးစွဲနိုင်ရေးနှင့် ရေချိုအခက်အခဲများရှိပါက မိမိတို့ဌာနသို့ အမြန်ဆုံးဆက်သွယ်နိုင်ရန်၊ သစ်တောသစ်ပင်သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းနိုင်ရန်စသည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# ညောင်ပင်ကွင်းရွာ မီးဘေးသင့်ပြည်သူများအား ငွေနှင့်ပစ္စည်းများထောက်ပံ့ပေးအပ်

**တနင်္သာရီ မတ် ၃**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းရွာ၌ မတ် ၁ ရက်က နေအိမ်ခုနစ်လုံး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အိမ်ထောင်စုကိုးစုတို့မှ မီးဘေးဒုက္ခသည် ၄၁ ဦးတို့အား ညောင်ပင်ကွင်းရွာ နဂါးရုံဘုန်းတော်ကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိရာ မတ် ၂ ရက်က ငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ကြသည်။




မြိတ်ခရိုင် ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူး ငြိမ်းစိုးနှင့်အဖွဲ့၊ မြိတ်ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး (ကိုယ်စား) ဦးကျော်ဆန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်(ကိုယ်စား) မြို့နယ်ဦးစီးမှူး ဦးမောင်တင်အောင်တို့က စားသောက်ကုန်နှင့်ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အတူ မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ၊ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်းနှင့် အိုးခွက်ပန်းကန်များ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြိတ်ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ နေအိမ်အမျိုးအစားအလိုက် အိမ်ဆောက်ပစ္စည်းများကို ဆက်လက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် မီးလောင်ရာတွင် ပါသွားခဲ့သော နိုင်ငံသားကတ်များနှင့် အိမ်ထောင်စုများကို မြို့နယ်(လဝက) ဦးစီးဌာနမှ အခမဲ့ပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# နှလုံးသွေးကြောပိတ်ရောဂါ ပညာပေးဟောပြော

**မန္တလေး မတ် ၃**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာန၏ နှလုံးသွေးကြောချဲ့ကုသမှု (Primary PCI)သုံးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားနှင့် နှလုံးသွေးကြောပိတ်ရောဂါပညာပေး ရက်သတ္တပတ်ကျန်းမာရေးဟောပြောပွဲကို မတ် ၁ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နှလုံးသွေးကြောပိတ်ခြင်းနှင့် ကုသပုံနည်းလမ်းများအကြောင်း၊ နှလုံးသွေးကြောပိတ်ရောဂါလက္ခဏာများအကြောင်း၊ နှလုံးသွေးကြောပိတ်လူနာများ အချိန်မီထိရောက်သော ကုသမှုခံယူရန်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မန္တလေးဆေးရုံကြီးနှလုံးအထူးကုဌာနမှ စီစဉ်ဆောင်ရွက်ထားသောအရေးပေါ် နှလုံးသွေးကြောကုသမှုကွန်ရက် Network နှင့် Network၏အကျိုးရလဒ်များအကြောင်းကို တာဝန်ရှိသူတို့က အသိပညာပေးဟောပြောကြသည်။

ထို့နောက်အရေးပေါ် သွေးကြောချဲ့ကုသမှု (Primary PCI) ဖြင့် ကုသမှုခံယူခဲ့သူများထဲမှ လူနာနှစ်ဦးက ၎င်းတို့၏အတွေ့အကြုံများကို မျှဝေတင်ပြခဲ့ကြပြီး (Primary PCI)ဖြင့် ကုသမှုခံယူခဲ့သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများကိုတာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တောင်တွင်းကြီး ဖျောက်ဆိပ်ကုန်း မီးဘေးသင့်အိမ်များအတွက် အိမ်ဆောက်ပစ္စည်းထောက်ပံ့

**နေပြည်တော် မတ် ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် တာဝန်ရှိသူများနှင့်အတူ မတ် ၁ ရက်က ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းနှင့် မိသားစုသုံးပစ္စည်းများကို လှူဒါန်းသည်။

ယင်းနောက် မတ် ၂ ရက်က ဝန်ကြီးဌာန ဘတ်ဂျက်မှငွေကျပ် ၁၀၇၄ ဒသမ ၀၇ သိန်းဖြင့် စံချိန်စံညွှန်းမီ ဆောက်လုပ်ခဲ့သည့် ဇီးကုန်းမြို့ စံပြမူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မူကြိုကလေးများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ်ပြုစု စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ (ECCD)အကြောင်း ရှင်းလင်းပြောကြားပြီး မူကြိုကလေးများ၏ မိဘများအတွက် မိသားစုသုံးပစ္စည်းများကို ထောက်ပံ့ပေးရာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာ မီးလောင်ပြင်အား ကြည့်ရှုစစ်ဆေးပြီး မီးဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားကာအိမ်ခြေ ၈၉ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၆၇ သိန်း၊ အိမ်ထောင်စု ၉၀ အတွက် ငွေကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိသည့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးဖြစ်သော ကျားလုံချည်၊ မလုံချည်၊ တီရှပ်နှစ်ထည်၊ ခြင်ထောင်၊ စောင်၊ ဒန်အိုး၊ ဆပ်ပြာ၊ မျက်နှာသုတ်ပဝါတို့ကိုသက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်ရာ မီးဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက်၌ ပလတ်စတစ်ဂိုဒေါင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် (၅) ရပ်ကွက်တွင် ယနေ့ နံနက် ၄ နာရီ ၄၅ မိနစ်ခန့်က ပလတ်စတစ်ဂိုဒေါင် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရခြင်းမှာ အဆိုပါရပ်ကွက်ရှိ ပိုင်ရှင်ဦးဆန်းထွန်း၏ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ အရည်ကျို၍ ကော်စေ့ပြုလုပ်သည့် ဂိုဒေါင်၌ ကြိတ်စက်မော်တာသို့ သွယ်တန်းထားသော ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခြင်း ဖြစ်သည်။

မီးလောင်ရာသို့ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၉၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၅ ဦးတို့က မြို့နယ်အသီးသီးမှ မီးငြိမ်းသတ်ယာဉ် ၂၀၊ မီးသတ်ရေသယ်ယာဉ်ငါးစီး၊ ကွပ်ကဲမှုယာဉ်ရှစ်စီး၊ အထောက်အကူပြု ယာဉ်သုံးစီး၊ မိတ်ဖက်ရေသယ်ယာဉ် ၁၂ စီးတို့ဖြင့် ပူးပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၂၃ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၆ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားသည်။



"ဝိုင်ယာကြိုး အပူလွန်ကဲပြီး အဆောက်အအုံအတွင်းမှာ ရှိတဲ့ ပလတ်စတစ်ကုန်ကြမ်းတွေကို မီးလောင်သွားတာပါ။ ပလတ်စတစ်မီးဆိုတော့ အမြှုပ်ဆေးရည်အနည်းငယ်နဲ့ ရေကိုအသုံးပြုပြီး ငြိမ်းသတ်ခဲ့ရတယ်။ ထိခိုက်ဒဏ်ရာရရှိသူ မရှိပါဘူး"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါကပြောသည်။

မီးလောင်မှုကြောင့် အကျယ်ပေ (၃၀×၆၀) သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ပလတ်စတစ်ဂိုဒေါင် အဆောက်အအုံ နှစ်လုံးနှင့်တစ်ခြမ်းတို့နှင့်အတူ အဆောက်အအုံအတွင်းရှိ ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုနှင့် ပတ်သက်၍ လုံခြုံရေးမှူး ဦးအုန်းသန်းအား မရမ်း ကုန်းမြို့နယ် မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မြဝတီမြို့ အမှတ်(၅)ရပ်ကွက် စိုက်ပျိုးရေးဇုန်၌ ဓာတ်ဆီဖြည့်ရာမှ အပူဟပ်မီးလောင်မှုဖြစ်ပွား

**မြဝတီ မတ် ၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးစကင်း(ရှမ်းလမ်းခွဲ)လမ်းရှိ စိုက်ပျိုးရေးဇုန်တွင် မတ် ၂ ရက် ညနေ ၅ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများ ရောက်ရှိခဲ့ပြီးမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးကာ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ် (၅) ရပ်ကွက်၊ ဝါးစကင်း (ရှမ်းလမ်းခွဲ) လမ်းရှိ စိုက်ပျိုးရေးဇုန် အမှတ် ၁၄ ဂိတ်အနီးရှိ ဦးသာမည (ခ) ဦးမြင့်သောင်း ပိုင်ဆိုင်သော ကုန်စုံဆိုင်နှင့် ဆီဖြည့်လုပ်ငန်းလုပ်ကိုင်သည့် နေအိမ်မှ နေထွန်းကျော်(၂၂) နှစ် မော်လမြိုင်မြို့နေသူ ယာဉ်နောက်လိုက်သည် မြဝတီမြို့ မေတ္တာအေးမြိုင်လမ်းနေ ဆီပန့်ကိုင်အလုပ်သမား နေရဲကျော်(၂၀နှစ်)နှင့်အတူ ယာဉ်အမှတ် 6I/---- နစ်ဆန်းအမျိုးအစား အဖြူရောင်ခြောက်ဘီး (လိုင်စင်စိစစ်ဆဲ) ယာဉ်ပေါ်တွင် တင်ထားသော ဂါလန် ၅၀ ဆံ့ဆီပီပါခွဲ အလုံး ၈၀ အတွင်းသို့ ဓာတ်ဆီများ ဖြည့်ရာ ပီပါ ၁၅ လုံး ဖြည့်ပြီးချိန်တွင် အပူဟပ်မီးလောင်ကျွမ်းမှုဖြစ်ပြီး ယာဉ်နှင့်အတူ ဆီပီပါများ ကူးစက်လောင်ကျွမ်းကာ ဦးညွန့်သောင်း၏ ပေ(၃၀×၄၀) RC အမျိုးအစား တစ်ထပ်တိုက် သွပ်မိုးတိုက်ခံအိမ်တစ်လုံး၊ ယင်းနေအိမ်ကပ်လျက်ရှိ ဦးနိုင်မိုးပိုင်ဆိုင်သော ပေ(၂၀×၃၀) ပျဉ်ခင်း၊ ပျဉ်ကာလုံးချင်းတစ်ထပ်အိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယာဉ်နောက်လိုက် နေထွန်းကျော်မှာ ယာဉ်ပေါ်တွင် မီးဟပ်ခံရကာ နေရဲကျော်တွင်လည်း ဒဏ်ရာများရရှိခဲ့ပြီး မြဝတီပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ လောင်စာဆီများအား ပေါ့ဆစွာ ကိုင်တွယ်အသုံး ပြုသူ နေရဲကျော်အား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



❐ ရှေ့ဖုံးမှ

သည်(ပိန်းဇလုပ်)မြို့သည် ကျေးရွာအုပ်စုအဆင့်မှ မြို့အဖြစ်သို့ ပြောင်းလဲသတ်မှတ်ပေးရန် ဒေသခံပြည်သူများ၏ လိုလားမျှော်လင့်ချက် ဆန္ဒအပေါ် ၃၀-၃-၂၀၁၅ ရက်က မြို့အဖြစ်သို့ ပြောင်းလဲအဆင့်မြှင့်တင်ပေးခဲ့သော မြို့တစ်မြို့လည်း ဖြစ်သည်။

အဆိုပါမြို့၌ မိုးတွင်းကာလတွင် တောင်ကျရေနှင့် မိုးရေပေါင်းစပ်ပြီး မြို့အတွင်း ဖြတ်သန်းစီးဆင်းနေသော အုန်းနဲ့သာချောင်းမှ ရေလျှံတက်ကာ မြို့မ(၂) ရပ်ကွက် ရွှေပေါက်ကံအပိုင်းရှိ လူနေအိမ်ဝိုင်းကွက်များနှင့် စာသင်ကျောင်းဝင်းများအတွင်းသို့ ရေများဝင်ရောက်ခြင်း၊ ချောင်း၏ လက်ဝဲ လက်ယာဘက်များရှိ စိုက်ပျိုးလယ်ယာမြေများသို့ ရေများ၊ သဲနုန်းများ ဝင်ရောက်၍ လယ်ယာမြေအချို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေသည်မှာ နှစ်အများစု ကြာမြင့်နေပြီဖြစ်သည်။

ယခုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဆည်မြောင်းဦးစီးဌာန(ပဲခူးတိုင်းဒေသကြီး)က ကြီးကြပ်၍ သဲနုန်းများပို့ချမှု ဖြစ်ပေါ်လာပြီး တဖြည်းဖြည်းတိမ်ကောလာကာ စီးဆင်းရေအားနှင့် ရေနုတ်နိုင်အားမနိုင်းနင်းမှုဖြစ်ပေါ်နေသည့် မြို့နယ်နယ်နိမိတ်အတွင်းရှိ ထိပ်ဝအကျယ်ပေ ၄၀၊ အောက်ခြေအကျယ် ပေ ၂၀၊ ပျဉ်းမျှအနက် ၁၀ ပေ၊ အလျား ပေ ၂၆၄၀၀ရှိ အုန်းနဲ့သာချောင်းဟောင်းတူးဖော်ခြင်း အပိုင်းကိုလည်းကောင်း၊ ယင်းချောင်း၏ ချောင်းလက်တက်တစ်ခုဖြစ်သော ထိပ်ဝအကျယ် ပေ ၂၀၊ အောက်ခြေအကျယ် ၁၀ ပေ၊ ပျမ်းမျှအနက်ငါးပေ၊ အလျားပေ ၅၂၈၀၊ ငါးကဲချောင်း ပြန်လည်တူးဖော်ခြင်းကို စက်ယန္တရားကြီးများ ဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ပိန်းဇလုပ်မြို့တွင် လမ်း၊ တံတားများ ကောင်းမွန်လာသည့်နည်းတူ မြို့နှင့်အနီးတစ်ဝိုက်ရှိ နေအိမ်များ၊ လမ်းများနှင့် လယ်ယာမြေရေကြီး နစ်မြုပ်မှုဘေးအန္တရာယ်မှကင်းဝေးစေနိုင်ရေး တိမ်ကောနေသော ချောင်းဟောင်းများ တူးဖော်ပေးမှုကြောင့် မြို့၏ ဥပဓိရုပ်လှပခဲ့သဖြင့် ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

# တူးပို့အမည်ဖြင့် ဈေးကွက်အတွင်းရှိနေသည့် ဘီယာနှင့် အခြားထုတ်ကုန်များကို ပြန်သိမ်းရန်နှင့် တရားစွဲရန် ပြင်ဆင်မည်ဟုဆို

**မန္တလေး မတ် ၃**

မြန်မာပြည် ဈေးကွက်တွင် တူးပို့အမည်ဖြင့် ဖြန့်ချိနေသည့် ဘီယာနှင့် ယင်းအမှတ်အသားပါသည့် အခြားထုတ်ကုန်များကို ဈေးကွက်အတွင်းမှ ပြန်လည်ရုပ်သိမ်းမည့် နေ့ရက်အား ကုမ္ပဏီဘက်က အတိအလင်းအသိပေးခြင်း မရှိကြောင်းနှင့် တောင်းဆိုချက်များ လိုက်လျောမှုမရှိသဖြင့်တရားစွဲရန် ပြင်ဆင်မည်ဖြစ်ကြောင်း မြို့မငြိမ်းမြေးဖြစ်သူ ကိုဇော်မင်းဦးက မတ် ၁ ရက်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ကားလ်ဘတ်ကုမ္ပဏီက တူးပို့စကားလုံးအား ဈေးကွက်အတွင်း ဆက်လက်သုံးစွဲမှုကို ရပ်တန့်မည်ဖြစ်ကြောင်း မြို့မငြိမ်း မိသားစုဝင်များသို့ အသိပေးစာပို့ထားကြောင်း သိရသည်။ ကုမ္ပဏီဘက်က လာရောက်တွေ့ဆုံခဲ့ရာတွင် ၎င်းတို့ဈေးကွက်လုပ်ငန်းစဉ်များကိုသာ ရှင်းပြသွားပြီး တောင်းဆိုချက်များကို ဆောင်ရွက်ပေးရန်နှင့် ဈေးကွက်အတွင်း ဖြန့်ချိနေခြင်းကို ရပ်စဲမည့် နေ့ရက်ကို အတိအကျပြောဆိုခြင်း မရှိကြောင်း ရှင်းလင်းပွဲမှ သိရသည်။

"မြို့မငြိမ်းမိသားစု လျော်ကြေးရလို့ ငြိမ်သွားတယ်လို့ ကောလာဟလ ပြောနေတာတွေ မဟုတ်ပါဘူး။ တောင်းဆိုခဲ့တဲ့ အချက်တွေကို လုပ်မပေးဘဲ မျက်နှာလွှဲခဲပစ်လုပ်တယ်။ သူတို့ ဖေ့ဘွတ်ခ်မှာ ကြေညာပေမယ့် သတင်းစာမှာတောင်းပန်စာ သုံးရက်ကြော်ငြာတာ မလုပ်ဘူး။ ဒီနေ့ထိတူးပို့တွေက ဈေးကွက်မှာ ရောင်းနေတုန်းပဲ"ဟု ဦးရွှန်းမြိုင်က ပြောသည်။ ကားလ်ဘတ်ကုမ္ပဏီဘက်သို့ မြို့မငြိမ်းမိသားစုဘက်က တောင်းဆိုမှုများဖြစ်သည့် သတင်းစာမှ မြို့မငြိမ်းမိသားစုနှင့် သကြၤန်ချစ်သူများအား တောင်းပန်စာ သုံးရက်ထည့်သွင်းပေးရန်၊ ဈေးကွက်အတွင်း၌ တူးပို့ထုတ်ကုန်များကို ရုပ်သိမ်းမည့်ရက် အတိအကျထုတ်ပြန်ရန်၊ သုံးစွဲပြီး ရရှိသည့် အကျိုးအမြတ်ပေါ်မှ သုံးစွဲမှုအတိုင်းအတာအရ နစ်နာမှုပေးသင့်ကြောင်း ရှင်းလင်းပွဲတွင် ဆရာဆူးငှက်က ပြောကြားသည်။

"သူတို့ ကြေညာခဲ့တဲ့ တူးပို့အမည်မသုံးတော့ဘူးဆိုပေမယ့် ခုဈေးကွက်ထဲမှာ သိန်းချီ သန်းချီ ဖြန့်ထားတဲ့ တူးပို့ဘီယာ၊ အဲဒီအမှတ်တံဆိပ်ပစ္စည်းတွေနဲ့ ကြော်ငြာတွေ ဘယ်တော့ ရုပ်သိမ်းမယ်ဆိုတာ သက်ဆိုင်တဲ့မိသားစုကို တရားဝင်ပြောဆိုခြင်းမရှိဘူး"ဟု ဆက်လက်ရှင်းလင်းပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်များအား လေးခွဖြင့် ပစ်ခတ်သူကို ဖော်ထုတ်အရေးယူထား

**နေပြည်တော် မတ် ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၁၂၀/ ၆) အနီးတွင် မတ် ၂ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်မြတ်မော်(၃၇ နှစ်) မောင်းနှင်လာသည့် 2J/---- ရွှေမန္တလာ(ခဲရောင်) ခရီးသည်တင် မှန်လုံယာဉ်နှင့် မိတ္ထီလာမြို့နယ် သရက်ခြံရွာနေ ဦးမောင်နိုင်(၄၃နှစ်)မောင်းနှင်သည့် 5I/---- ရွှေမန္တလာ(အဖြူရောင်) ခရီးသည်တင်မှန်လုံယာဉ်တို့ လေးခွဖြင့် ပစ်ခတ်ခံရကြောင်း သတင်းအရ ဇောဓိကုန်းအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ 2J/---- ယာဉ်၏ ယာဘက်ဘေးတံခါးမှန်နှင့် 5I/---- ယာဉ်၏ ယာဘက်ဘေးတံခါးမှန်တို့တွင် လေးခွထိမှန်သည့် အပေါက်တစ်ပေါက်စီတွေ့ရှိရပြီး ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းသိရှိရ၍ အဖွဲ့သုံးဖွဲ့ခွဲကာ လိုက်လံရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က တောထဲ၌ နွားကျောင်းနေသော အုတ်တွင်းမြို့နယ် ဝါးစွပ်ကွင်းရွာနေ ပိုင်ပိုင်(ခ)ရန်ပိုင်စိုး(၁၅ နှစ်)၊ တစ်ရွာတည်းနေ ထွဋ်ခေါင်(၁၃နှစ်)၊ ချစ်မင်း (၁၂နှစ်)နှင့် မင်းခန့်ကျော်(ရှစ်နှစ်)တို့အား တွေ့ရှိသဖြင့် မေးမြန်းခဲ့သည်။ မေးမြန်းချက်အရ ၎င်းတို့ လေးဦးထဲမှ ပိုင်ပိုင်(ခ)ရန်ပိုင်စိုးက လေးခွဖြင့် ပစ်ခတ်လျှင် ကားမှန်များကွဲ/မကွဲသိရှိလိုသောကြောင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ သက်သေခံလေးခွနှင့် လောက်စာလုံးများသိမ်းဆည်းပြီး ပိုင်ပိုင်(ခ)ရန်ပိုင်စိုးအား ဇောဓိကုန်းအမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ကြီးမြို့၌ အုတ်တံတိုင်းပြိုကျ၊ နှစ်ဦးသေဆုံး

**တောင်ကြီး မတ် ၃**

တောင်ကြီးမြို့ ကျောင်းကြီး စုရပ်ကွက် မြို့ရှောင်လမ်း (အောင်မြေ-၂)လမ်းရှိ ဦးလှဖုန်း(၃၅နှစ်) ပိုင်ဆိုင်သောခြံအား အဆောက်အအုံဆောက်လုပ်ရန် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ခြံဝင်းအနောက်ဘက်ရှိ အုတ်တံတိုင်းပြိုကျကြောင်း သိရသည်။

အဆိုပါ အုတ်တံတိုင်းပြိုကျခြင်းကြောင့် ထမင်းစားနေသော ပန်းရန်အဖွဲ့မှကျော်စိုး (၂၆)နှစ် အေးသာယာမြို့ (၂) ရပ်ကွက်နှင့် ကျော်သူ(၂၁နှစ်) ကျောက်ပန်းတောင်းမြို့နေသူတို့ သေဆုံးသွားပြီး ကျော်မင်း(၂၈နှစ်)၊ ဦးစိုး(ခ)ဦးစိုးကြီး (၆၄နှစ်) မြောင်းမြမြို့နေသူ၊ နန်းဦး(၃၁နှစ်) သန်းကုန်းကျေးရွာမြို့သစ်မြို့နယ်၊ မင်းမင်း(ခ)ချစ်ကိုမင်း (၂၈နှစ်) အေးသာယာ(၈) ရပ်ကွက်၊ ဦးမောင်(၅၃နှစ်)၊ စလင်း(ခ) စိုင်းသိန်းအေး (၂၇နှစ်) အေးသာယာမြို့ (၇) ရပ်ကွက်၊ မချောစု (၂၅နှစ်) အေးသာယာမြို့ (၇)ရပ်ကွက်နှင့် မကုလားမ(ခ) သဇင်ဦး (၂၆နှစ်) အေးသာယာမြို့(၇) ရပ်ကွက်နေသူ တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ) များရရှိပြီး ၎င်းတို့ရှစ်ဦးကို စဝ်စံထွန်းဆေးရုံသို့ပို့ဆောင်ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အုတ်တံတိုင်း ပြိုကျရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ကျောင်းကြီးစုရပ်ကွက် အုပ်ချုပ်ရေးမှူးအဖွဲ့တို့က သွားရောက်ကြည့်ရှုဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များသည် မတ် ၁ ရက်က ချမ်းမြသာစည်မြို့နယ် (၅၆)လမ်း သိပ္ပံလမ်းနှင့် ရွာလယ်လမ်းကြား ရွှင်ရယ်လန်း(လ်)ဟိုတယ်ကို ဝင်ရောက်ရှာဖွေရာ ကျော်မင်းထွန်းအားတွေ့ရှိပြီး ၎င်း၏ ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၉ ပြား သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့က မိုးညှင်းမြို့နယ် မမုန်ကိုင်ကျေးရွာအုပ်စု မိုင်းနောင်ကျေးရွာအနီး မိုင်းနောင်-လုံးတုံ့သွားကားလမ်း မိုင်တိုင် (၂၂/၁)တွင် ဝင်းဆွေ မောင်းနှင်ပြီး ဇနီး မထုမိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက်ရှစ်ခွက် (အလေးချိန် ၁၀၂ ဂရမ်) သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# သရက်ကန်ကျေးရွာတွင် ဆဲဆိုရမ်းကားသည်ကို မကျေနပ်၍ ဓားဖြင့် ခုတ်သတ်မှုဖြစ်ပွား

**ပခုက္ကူ မတ် ၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် သရက်ကန်ကျေးရွာနေ ဒေါ်မြလွင် (၅၇ နှစ်)သည် မတ် ၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ၎င်း၏နေအိမ်၌ ရှိနေစဉ် တစ်ရွာတည်းနေ မဆွေဝင်းရောက်လာပြီး ဒေါ်မြလွင်၏ မောင်ဖြစ်သူ တစ်ရွာတည်းနေ ဦးရဲသောင်း (၄၅နှစ်)သည် အရက်သောက်စားမူးယစ်ကာ ကန္တာရပင်များ ခုတ်ထွင်ရှင်းလင်းနေသော တစ်ရွာတည်းနေ ရဲခေါင် (၃၁နှစ်)ကို ဆဲဆိုရမ်းကားသဖြင့် ရဲခေါင်က မကျေနပ်၍ အရိုးအသွားနှစ်ပေ သုံးလက်မခန့်ရှိ သံရိုးတပ် ဓားမဖြင့်ခုတ်ရာ ဦးရဲသောင်းမှာ ဒဏ်ရာများရရှိပြီး ရဲခေါင်၏အိမ်အနီးလမ်းပေါ်တွင် သေဆုံးနေကြောင်း ပြောပြခဲ့သည်။

သို့ဖြစ်၍ ရဲခေါင်ကို အရေးယူပေးပါရန် ဒေါ်မြလွင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပခုက္ကူမြို့နယ် ကမ္မနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**မောင်ညီညာ(မြေလတ်)**

# မိတ္ထီလာ ကမ္ဘောဇဘဏ်(၄)မှ ဘဏ်ကားအား လိမ်လည်ယူဆောင်ထွက်ပြေး

**မိတ္ထီလာ မတ် ၂**

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် မန္တလေးလမ်းအထွက် ကမ္ဘောဇဘဏ်(၄)ရှေ့တွင် ဖေဖော်ဝါရီ ၂၉ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က ဘဏ်လုံခြုံရေးဝန်ထမ်း ကျော်ဖြိုးအောင်နှင့် မျိုးမင်းဆန်းတို့ တာဝန်ယူဆောင်ရွက်နေစဉ် အသက်(၃၅ နှစ်)ခန့်ရှိ လူတစ်ဦး ရောက်ရှိလာပြီး "မင်းတို့ရဲ့ အထက်အကြီးအကဲ" ဟု ယုံကြည်အောင်ပြောဆိုပြီး ဘဏ်ရှေ့တွင် မိုးကာအုပ်၍ ရပ်ထားသော YGN.61/----တိုယိုတာဖစ်တာ နက်ပြာရောင်ကားကို သော့တောင်းပြီး မြို့တွင်းသို့ မောင်းနှင်သွားခဲ့သည်။






တာဝန်ခံမန်နေဂျာနှင့် လုံခြုံရေးဝန်ထမ်းများက မသင်္ကာသဖြင့် မိတ္ထီလာမြို့ အမှတ် (၂) ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ သတင်းရလျှင်ရချင်း မြို့နယ်ရဲတပ်ဖွဲ့က ပိတ်ဆို့ရှာဖွေစစ်ဆေးရာ အဆိုပါ ယာဉ်သည် သပြေဝတိုးဂိတ်ကို ဖြတ်၍ မန္တလေးဘက်သို့ မောင်းနှင်သွားကြောင်း သိရသည်။

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စဝ်နေလင်းသည် ခရိုင်ချင်းချိတ်ဆက်၍ ရှာဖွေကြရာ မတ် ၁ ရက် နံနက် ၃ နာရီက အဆိုပါယာဉ်ကို ကျောက်ဆည်ခရိုင် စဥ့်ကိုင်တိုးဂိတ်၌ ဖမ်းဆီးရမိခဲ့သည်။ ဘဏ်ကားအား ခိုးယူမောင်းနှင် ထွက်ပြေးသူမှာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗဟိုစည်ရပ်ကွက်နေ အောင်ကျော်ထွန်း (ခ) ဂျင်ဂျင်ရမ်း (၃၄ နှစ်)ဖြစ်ကြောင်းသိရပြီး ၎င်းကို ဘဏ်မန်နေဂျာ ဒေါ်တင်ဆွေဆွေဦးက တရားလိုပြုလုပ်၍ အမှတ်(၂) ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**


ကျော်

ပြည်ထောင်စုအခွန်ဦးစီးဌာန၊ အငယ်တန်းစာရေး၊ ရုံးအကူရာထူးများနှင့် PGDMA သီသန့်သင်တန်းများဖွင့်ပြီ

၃၆ဂု၊ ပထပ်၊ မဟာဗန္ဓုလလမ်း၊ ၃၈-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား။

Ph: 09421042332, 01-391533, 01-246288

သင်္ချာအောင်သင်း၊ ၈-၉-၁၀တန်း နွေသင်္ချာဖွင့်ပြီ။


## အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

သဃ်န်းကျွန်းမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်တိုင်း မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ

**ကျင်းပမည့်နေရာ** - သဃ်န်းကျွန်းမြို့နယ်ခန်းမ

**မြို့နယ်အလုပ်အမှုဆောင်ကော်မတီ**

**သဃ်န်းကျွန်းမြို့နယ်စာရေးဆရာအသင်း**





အမျိုးသားစာပေဆုရ

မောင်မောင်ထွန်းအောင် (ကျန်းမာရေး)၏

ဆေးဖက်ဝင် ရုံးယို

ဒုတိယအကြိမ် ထွက်ပြီ

ဟိန်းထက်စာပေ

အမှတ်(၂၇၁)ဒုတိယထပ်(ဝဲ)၊၃၉လမ်း(ထက်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁-၃၈၂၄၄၅၊ ၀၉၅၄၀၄၁၁၇



ရောင်းမည်

❖ ရမိုင်၊ကုန်းမြင့်ရိပ်သာ 55' x 50' အိမ်-ရေ-မီး-ဂရမ် 6200 သိန်း

❖ အင်းစိန်၊သီရိမင်္ဂလာလမ်း(ဂျပန်လမ်း)15'x45',3RC,3AC,2MBR 950 သိန်း

❖ အလုံ၊ ကွင်းချောင်းလမ်းမပေါ် 15'x55',1MBR,1AC,7F 480 သိန်း

တပိုးအောက် သံပန်း၊ပါကေး၊အသင့်နေနိုင်

: 09-30534567, 09-795558877



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8K/3571၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ဥတုရာသီ တောကိုမှီ



**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ခို ၁၀/လမန(နိုင်)၀၃၆၂၈၃၏Passport(No.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၄၀၇၄၆၃**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂C/၃၇၅၆၊ Toyota Mark II GX 110,S/L(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၁/မကန(နိုင်)၀၂၉၅၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**



**အများသိစေရန်အသိပေးကြေညာချက်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊အမှတ်(၅၇၀/[illegible]ခ)၊ ဒုတိယထပ်၊ တတိယအလွှာဟုခေါ်တွင် အလျား၁၈ပေ×အနံ၅၅ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသအဖြစ် စရံတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည် ဆိုပါကစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက် အတွင်းလာရောက် ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်စိန်

B.A, B.Sc, H.G.P, R.L, M.PA

တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၅၀၈)

အမှတ် (၂၀၃)၊ သံသုမာလမ်းနှင့် ဇီဝစိုးလမ်းထောင့်

(၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၅၀၀၈၆၁၁



## လူပျောက်ကြော်ငြာ



မောင်ပြည့်ဖြိုးကျော်(ခ)ဖိုးလပြည့် အရပ် ၅ပေ ၃လက်မ(၁၄)နှစ်အရွယ်သည် အထက(၄) တောင်ဥက္ကလာပကျောင်းသို့သွားစဉ် ပျောက်နေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးသူအား အထူးကျေးဇူးဆပ်ပါမည်။

(ဖိုးလပြည့်ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ။ အားလုံးခွင့်လွှတ်တယ်။)

**ဖုန်း-၀၉-၂၅၅၉၂၄၂၁၈၊ ၀၉-၇၃၁၁၄၂၆၅၊ ၀၉-၄၉၃၁၇၆၅၈**

❍ *ကျောဖုံးမှ*

ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားနှစ်ဦးသာ ပါဝင်ခဲ့ကာ ပြည်တွင်းကစားသမားများဖြင့် အဓိကပွဲထွက်ခဲ့သည်။ ရန်ကုန်အသင်းပွဲအစ တစ်မိနစ်မှာပင် အဖွင့်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် မာဆယ်လိုက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်း ဂိုးစောစီးစွာရခဲ့၍ ပွဲကို ထိန်းချုပ်သွားခဲ့ပြီး ၃၂ မိနစ်တွင် ကျော်ကိုကိုက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ဒုတိယဂိုးရယူပေးခဲ့သည်။ ပထမပိုင်းတွင် ဇေယျာရွှေမြေအသင်းကစားကွက် တည်မရဖြစ်နေသည်။ ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန် ကစားသမား အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ရန်ကုန်နောက်တန်းကို ခြိမ်းခြောက်နိုင်နေသည့် ရန်နိုင်ဦးကို လူစားလဲခဲ့၍ တိုက်စစ်မှာ ထင်သလောက်တက်မလာတော့ပေ။ ဇေယျာရွှေမြေအသင်းသည် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရန်ကုန်နောက်တန်း အမှားအယွင်းမရှိခဲ့သောကြောင့် ရန်ကုန်အသင်းပေးဂိုးမရှိဘဲ နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီအသင်းနှင့် ဆောက်သမ်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ခြောက်မိနစ်တွင် ရဲအောင်က ဆောက်သမ်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ဧရာဝတီအတွက် ချေပဂိုးကို ၈၂ မိနစ်တွင် စံမျိုးဦးက သွင်းယူခဲ့သည်။

**ယနေ့ပွဲ**

| | |
|---|---|
| **(အောင်ဆန်းကွင်း)** | **ဓနုကပင် - ဟံသာဝတီ** |
| **(သုဝဏ္ဏကွင်း)** | **ချင်းယူနိုက်တက် - ရခိုင်** |
| **(တောင်ကြီးကွင်း)** | **ရှမ်းယူနိုက်တက် - Horizon** |

# ရိုးရာကျွေးတို့အားပြိုင်ပွဲ ပြိုင်ပွဲဝင်အားကစားသမားများ ဆေးစစ်

**မန္တလေး မတ် ၃**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ Asia Beverages Co.,Ltd (Hight Class)၏ အဓိကကူညီထောက်ပံ့မှုဖြင့် Great Tiger Group က စီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို မတ် ၄ ရက် ညနေ ၆ နာရီတွင် မန္တလေးကန်တော်ကြီး Green မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲဝင် အားကစားသမားများကို ဆေးစစ်ခြင်းနှင့် ကိုယ်အလေးချိန်တိုင်းတာခြင်းတို့ကို မတ် ၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၃၅ လမ်း၊ ၇၆ လမ်းထောင့်ရှိ ကီးမားတင်ဝင်းမင်္ဂလာခန်းမ၌ပြုလုပ်သည်။ **(ယာပုံ)**



မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ စည်းမျဉ်း၊ စည်းကမ်းအရ လက်ဝှေ့ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့သမားသည် လက်ဝှေ့ပွဲမထိုးမီ ကျန်းမာရေးအတွက် ဆေးစစ်ခြင်း၊ ကိုယ်အလေးချိန် တိုင်းတာခြင်းတို့ကို ပြုလုပ်ရသည်။ အဆိုပါဆေးစစ်မှုကို ဒေါက်တာဇွဲကိုကိုကျော် (လက်ထောက်ဆရာဝန် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန၊ ပြည်သူ့ဆေးရုံကြီး)က ဆေးစစ်ပေးပြီး ကိုယ်အလေးချိန်တိုင်းတာခြင်းကို မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့နှင့် ဒိုင်အဖွဲ့မှ တာဝန်ရှိသူများက ဆောင်ရွက်ပေးသည်။

အဆိုပါ ရိုးရာကျွေးတို့အားပြိုင်ပွဲ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို Great Tiger Group က စီစဉ်ပြီး မန္တလေးပရိသတ်အတွက် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ရန် စီစဉ်ထားကြောင်း ပွဲစီစဉ်သူများ၏ ပြောပြချက်အရ သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၄-၃-၂၀၁၆ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၉း၃၅ | - ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ပထဝီဝင်ဘာသာရပ်) |
| ၁၀း၃၅ | - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |

**ညပိုင်း**

| | |
|---|---|
| ၁၅း၃၀ | - ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ဘောဂဗေဒဘာသာရပ်) |
| ၁၉း၁၅ | - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၁၆) |
| ၂၀း၀၀ | - ပြည်တွင်းသတင်း |

**မှတ်ချက်** ။ ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# အန်ဖီးကွင်း၌ လီဗာပူးတို့ မန်စီးတီးကို ဂိုးပြတ်အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၂၈) ပွဲစဉ်များကို မတ် ၃ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းက ဆက်လက် ယှဉ်ပြိုင်ကစားကြရာ လီဗာပူးနှင့် မန်စီးတီးတို့ပွဲတွင် လီဗာပူးအသင်း အန်ဖီးကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်တို့ဖြင့် ပွဲထွက်ခဲ့ကြသည်။ ပွဲချိန် ၃၄ မိနစ်တွင် ဂျိမ်းစ်မီလ်နာ ဖန်တီးပေး၍ ကွင်းလယ်ကစားသမား လယ်လာနာက လီဗာပူးအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ လီဗာပူးအတွက် ဒုတိယဂိုးကို ပွဲချိန် ၄၁ မိနစ်တွင် ဂျိမ်းစ်မီလ်နာက သွင်းယူခဲ့ပြီး ဒုတိယပိုင်း ၅၇ မိနစ်တွင် ကွင်းလယ်ကစားသမား ဖာမီနိုက တတိယဂိုး သွင်းယူခဲ့သည်။

မန်စီးတီးအသင်းသည် ချေပဂိုး မသွင်းယူနိုင်ဘဲ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယင်းပွဲတွင် အိမ်ရှင်လီဗာပူးအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းမှု ၁၀ ကြိမ်အနက် ခုနစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ မန်စီးတီးက လေးကြိမ်သာ ကန်သွင်းခွင့်ရခဲ့ပြီး နှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။

နည်းပြ ဂျာဂင်ကလော့သည် ကက်ပီတယ်ဝမ်းဖလား ရှုံးကြွေးကို အန်ဖီးကွင်း၌ ဆပ်နိုင်ခဲ့ပြီး မန်စီးတီးအသင်းမှာ ဆယ်စုနှစ်ကျော်အထိ အန်ဖီးကွင်း၌ နိုင်ပွဲပျောက်ဆုံးနေဆဲဖြစ်သည်။ နှစ်သင်းစလုံး ပွဲစဉ်တစ်ပွဲလျော့စီဖြစ်ပြီး မန်စီးတီးအသင်းက ရမှတ် ၄၇ မှတ်ဖြင့် အဆင့် (၄)တွင် ရပ်တည်နေကာ ဇယားထိပ်မှ လက်စတာနှင့် ၁၀ မှတ် ကွာခြားနေသည်။ လီဗာပူးအသင်းသည် ရမှတ် ၄၁ မှတ်ဖြင့် အဆင့် (၈)တွင် ရပ်တည်နေသည်။

အခြားပွဲစဉ်များအဖြစ် အာဆင်နယ်အသင်းသည် အိမ်ကွင်း၌ ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး မန်ယူအသင်းက အိမ်ကွင်း၌ တစ်ဂိုး- ဂိုးမရှိဖြင့် ဝက်ဖို့ဒ်ကို အနိုင်ရရှိခဲ့သည်။ စပါးအသင်းသည် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ဝက်စ်ဟမ်းကို ရှုံးနိမ့်ခဲ့ပြီး စတုတ်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် နယူးကာဆယ်ကို အနိုင်ရရှိခဲ့သည်။

**သီဟ-ရေးသည်**

# အရှေ့တောင်အာရှပြိုင်ပွဲ၌ မြန်မာ့ရိုးရာခြင်းလုံးအားကစား အမျိုးသားပွဲစဉ်အပြင် အမျိုးသမီးပွဲစဉ်လည်း ယှဉ်ပြိုင်ခွင့်ရရှိ

**မန္တလေး မတ် ၃**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)၌ မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်းကို အမျိုးသားပွဲစဉ်ပြိုင်ပွဲအပြင် အမျိုးသမီးပွဲစဉ် ပြိုင်ပွဲများလည်း ထည့်သွင်းယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ စတင်၍ မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်းကို ထည့်သွင်းယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများကို ရယူပေးနိုင်ခဲ့သည်။ ထို့အပြင် ဖေဖော်ဝါရီလအတွင်း မန္တလေးမြို့၌ ဒုတိယအကြိမ်မြောက် အာရှဖိတ်ခေါ် ခြင်းလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်မှုအပေါ် ကမ္ဘာ့ပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် မလေးရှားပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့က ထောက်ခံအသိအမှတ်ပြုမှုကြောင့် အိုလံပစ်ကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မန်ဒရင်အိုရီယင်တယ်ဟိုတယ်၌ကျင်းပခဲ့ရာ နိုင်ငံ တကာ အိုလံပစ်ကော်မတီ၊ အာရှအဖွဲ့ ချုပ်အိုလံပစ်ကော်မတီ၊ မလေးရှားအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ မလေးရှားပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာဆီယံနိုင်ငံများ အိုလံပစ်ကော်မတီကိုယ်စားပြု တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အတွင်းရေးမှူးတို့တက်ရောက် ဆွေးနွေးခဲ့ကြသည်။ ထိုသို့တက်ရောက်ကြသည် နိုင်ငံ ၁၈ နိုင်ငံမှ ထောက်ခံမှုများပေးခဲ့သောကြောင့် အမျိုးသမီးပွဲစဉ် Event လေးမျိုးပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**Pleasant Times** Travels & Tours
Release Your stress with Pleasant Times

**Luxury Packages (Mar:18,19 Apr: 12,16,17)**
- မုံရွာ- အလောင်းတော်ကဿပ
- မန်းရွှေစက်တော်
- ပုဂံ- စွယ်တော်လေးဆူ
- တောင်ကြီး- အင်းလေး
- လွိုင်ကော်-ကလော-အင်းလေး
- မြိတ်ဘုရားစုံ - သဘာဝကျွန်းစု
- ထားဝယ်-ရှင်ကိုးရှင်-လောင်းလုံးကျွန်း

**Day Return Trips (Mar: 5,12,19,26)**
- ပြည် (အကောက်တောင်)
- ဘားအံ - ကျုံထော်ရေတံခွန်
- ဘားအံ ဂူ(၅)ဂူ
- သထုံ-မဲလံတောင်-ရေပူစမ်း
- နေပြည်တော်-ဗုဒ္ဓဂယာ-လေ့ခွင်းတောင်
- တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း
- မော်လမြိုင် - ကျိုက္ခမီ - စက်စဲ

ကုမ္ပဏီအသင်းအပွဲ့များအတွက်ခရီးစဉ်များကို စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့.
Ph: 01-9317220, 09-73158702, 09-73072661, 09-252872529

## ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ သမိုင်းဝင်ရွှေမဥ္ဇူရေလယ်ဘုရားကြီး၏ (၁၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသရှိ သမိုင်းဝင် ရွှေမဥ္ဇူရေလယ်ဘုရားကြီး၏ (၁၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း(၈)ရက်နေ့မှ တပေါင်းလပြည့်နေ့(မတ်၁၆ရက်မှ ၂၃ရက်အထိ)ကျင်းပမည်ဖြစ်ပါသဖြင့် သဒ္ဓါကြည်လင်ပါရမီရှင်များ ကြွရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ပါရန် နိဗ္ဗာန်ကိုအကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

ရွှေမဥ္ဇူရေလယ်ဘုရားဗုဒ္ဓပူဇနိယပွဲတော်
ကျင်းပရေးဦးစီးကော်မတီ
မိုးညှင်းမြို့နယ်၊ မိုးညှင်းခရိုင်

## သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်၊ ပုံစံ(၈)ဝင် လှေခုနစ်စင်းနှင့်အင်ဂျင် တစ်လုံးအား ရောင်းချရန် လေလံကြော်ငြာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်မှ ပုံစံ(၈)ဝင် လှေခုနစ်စင်းနှင့် အင်ဂျင်တစ်လုံးတို့အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့၌ ၁၀-၃-၂၀၁၆ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ပါလေလံတင်ရောင်းချသည့် ပုံစံ(၈)ဝင် လှေခုနစ်စင်းနှင့် အင်ဂျင်တစ်လုံးအား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၉-၃-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၅-၄၀၆၆၈၊ ၀၉-၂၅၅၈၂၈၀၁၄၊ ၀၉-၃၆၀၇၇၂၉၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီအဖွဲ့

## မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်-ကျွန်မတို့၏ ၂-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မိတ္ထီလာမြို့ တော်ဝင်နန်းခန်းမ Hall (B) ၌ ပြုလုပ်ခဲ့သော မင်္ဂလာဆည့်ခံပွဲကို ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော မိဘဆွေမျိုးများ အဝေးမှ လက်ဖွဲ့ပေးပို့ကြသော မိတ်ဆွေသင်္ဂဟများနှင့် သူငယ်ချင်းများအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ဗိုလ်ကြီးထွန်းမြင့်ဇော် B.Sc (DSA) ME (Tech) (MIIT-Moscow)-
မဖြူစင်ကြည်(ခ)ဆွတ်ဆွတ် B,Com
ကွာကွာ၊ ရွှေနဝါးအထည်မျိုးစုံမိသားစု၊ မိတ္ထီလာမြို့.



## ဖော်ပြပါဓာတ်ပုံရှင်အား တွေ့လျှင်အကြောင်းကြားပေးပါရန်

ကျွန်မ မညွန့်တင်၏အစ်ကို ဦးသောင်းစိန် အသက်(၈၅)နှစ်သည် ၂၅-၂-၂၀၁၆ရက် နံနက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်းနံပါတ်- ၀၉-၃၁၄၅၈၅၆၁၊ ၀၉-၂၅၄၃၄၄၇၂၇တို့သို့ ကျေးဇူးပြု၍ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၆၈ ၂/၁၊ မြေကွက်တည်နေရာအမှတ် ၁၆၈ ၂/၁၊ ယုဇန ၃ လမ်း၊ (ဦးခင်ရှိန် ဝိုင်ဒီအင်န် ၀၅၂၂၂၈)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်ရှိန်မှဂရန် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက် လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မောင်းအလိုရှိသည်

ရန်ကုန်မြို့တွင်း မောင်းရမည်၊
လိုင်စင် ၅နှစ်အထက်၊
လစာ-၂၀၀၀၀၀-၂၅၀၀၀၀
**ဖုန်း-၀၉-၉၇၁၈၉၉၉၁၅**

## မွေးသက္ကရာဇ်အမှန်

ဦးဇော်ဝင်း၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အထက(၁)၊ ၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် စဘ-၉၅၆ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည့် မောင်နိုင်မျိုးဇော် ၉/သပက(နိုင်)၀၆၄၁၅၈၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၃-၁၉၉၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3G/9764 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊(ရွာသာကြီး)

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1288 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၄၉၆၊ မြေကွက်တည်နေရာအမှတ် ၄၉၆၊ ခတ္တာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးသောင်း) (AD- ၀၁၇၉၃၁) ၁၂/ဥကတ(နိုင်)၀၅၁၄၀၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းနှင့်ဇနီးဖြစ်သူတို့ ကွယ်လွန်သဖြင့် ဦးထင်အောင် ၁၂/ဥကတ(နိုင်)၀၀၈၆၂၂နှင့် ဒေါ်လဲ့လဲ့ခိုင် ၁၂/ဥကတ(နိုင်)၀၅၁၄၀၆တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပျဉ်းမနားမြို့ လောကမာရဇိန်ဘုရား တပေါင်းပွဲတော်ကြီး စည်ကားစွာကျင်းပမည်

**ပျဉ်းမနား မတ် ၃**

နေပြည်တော် ပျဉ်းမနားမြို့ မြို့ကျက်သရေဆောင် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီး (၁၄၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို စေတီတော်မြတ်ကြီးရင်ပြင်တော်၌ မတ် ၁၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး မတ်လ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ လောကမာရဇိန် ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသည် ၁၂၃၄ ခုနှစ်တွင် ပဥ္စသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး တည်ထားခဲ့သော သမိုင်းဝင်ဘုရားတစ်ဆူဖြစ်ပြီး ယင်းဘုရားပွဲတော်ကြီးကို ရှေးယခင်အဆက်ဆက်မှ ဒေသအစဉ်အလာ ရိုးရာအတိုင်း တပေါင်းလတွင် နှစ်စဉ်ကျင်းပလာခဲ့၍ ပျဉ်းမနားမြို့၏ အစည်ကားဆုံး ဘုရားပွဲတော်ကြီးအဖြစ် လူသိများခဲ့သည်။

ယခုနှစ်တွင်လည်း အဆိုပါ ဘုရားပွဲတော်ကြီးကို အထူးစည်ကားစွာ ကျင်းပမည်ဖြစ်ရာ ဈေးဆိုင်ခန်းများကို တိုးချဲ့ဆောက်လုပ်ပေးထားပြီး အနယ်နယ်အရပ်ရပ်မှ ဒေသအသီးသီးမှ ထွက်ကုန်ပစ္စည်းများ စုံလင်စွာဖြင့် လာရောက်ရောင်းချကြမည်ဖြစ်သည်။

ထို့အပြင် လောကမာရဇိန် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ပွဲတော်ရက်များတွင် တေးသရုပ်ဖော်ပွဲများ၊ ကလေးအားကစားကွင်း၊ ချားရဟတ်များ၊ ဇာတ်ပွဲများထည့်သွင်းကျင်းပ၍ ယခင်နှစ်များနှင့်မတူ အထူးစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မျိုးဇေယျာ(ပျဉ်းမနား)**

# နွေသီးနှံများ အချိန်မီ အချိန်ကိုက် ရိတ်သိမ်းနိုင်ရေး နှိုးဆော်

၁။ ရာသီဥတု သတိပေးနှိုးဆော်ချက်များအရ ယခုနှစ် နွေသီးနှံများအတွက် စိုက်ပျိုးရေအကန့်အသတ်နှင့် သောက်သုံးရေလိုအပ်ချက်များရှိနိုင်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးရေဖြန့်ဝေအသုံးပြုနိုင်မှု အခြေအနေပေါ် မူတည်၍ နွေသီးနှံများကို ဒေသနှင့်ကိုက်ညီစွာ အချိန်မီ အချိန်ကိုက် စိုက်ပျိုးကြရန်နှင့် နွေစပါး သီးနှံအတွက် စိုက်ပျိုးရေလိုအပ်ချက်နည်းသည့် သက်တမ်းတို အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးကြရန် သတိပေးနှိုးဆော်ထားပြီး ဖြစ်ပါသည်။

၂။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် မြန်မာနိုင်ငံမြောက်ဖျားဒေသရှိ ရေခဲတောင်များ အရည်ပျော်လာခြင်းကြောင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေမျက်နှာပြင်မြင့်တက်လာနိုင်မှု သတိပေးသတင်းများကို သက်ဆိုင်ရာမှ ထုတ်ပြန်ပေးလျက်ရှိနေပါသည်။

၃။ သို့ပါ၍ နွေသီးနှံစိုက်ပျိုးကြသော တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းမှုမထိခိုက်စေရေးအတွက် ဒေသ၏ပြောင်းလဲလာသော ရာသီဥတုအခြေအနေနှင့် ကိုက်ညီသည့် ကောက်ပဲသီးနှံများကို အချိန်မီ အချိန်ကိုက် စိုက်ပျိုးရိတ်သိမ်းနိုင်ရေးနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်ကြပါရန် နှိုးဆော်ကြေညာအပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**

# ဘားအံမြို့နယ်ကျေးရွာများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ဘားအံ မတ် ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်အရ ဖြစ်ပေါ်လာမည့် အယ်နီညိုရာသီဥတုကြောင့်



နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်က ပေါ့ထော်ကျေးရွာအုပ်စု ဆိုက်လံတောင်ကျေးရွာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာများရှိ လက်ရှိရေအရင်းအမြစ် စာရင်းကောက်ယူခြင်း၊ ကျေးရွာရေရရှိရေးနှင့် ရေပေးဝေရေးကော်မတီများဖွဲ့စည်းပေးခြင်း၊ ဒေသအလိုက် ရေရရှိမှုအခြေအနေများအလိုက် ချွေတာသုံးစွဲရေးနှင့် သစ်ပင်များဖြင့် အစိုဓာတ်ထိန်းသိမ်းထားနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ဘားအံမြို့နယ်တွင် ကျေးရွာအုပ်စု ကိုးအုပ်စု ကျေးရွာပေါင်း ၄၇၄ ရွာအနက် လက်ရှိအခြေအနေအရ ရေပြတ်လပ်မှုမရှိသေးသော်လည်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နွေရာသီကာလ ရေတွင်းရေကန်များ ရေလျော့နည်းလာလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်**

# ဟိုပုံးမြို့နယ်အတွင်း ရေသွင်းစိုက်ပျိုးသည့် ဘိန်းခင်း ၆၅ ဒသမ ၅ ဧက ဖျက်ဆီး

**ဟိုပုံး မတ် ၃**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာနှင့် နှစ်တို၊ နှစ်ရှည် စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘိန်းခင်းများ ဖျက်ဆီးရုံသာမက ဘိန်းစိုက်ပျိုးမှုများ ပပျောက်ရေးအတွက် အစားထိုး သီးနှံများစိုက်ပျိုးနိုင်ရေး၊ ပြည်သူလူထုများအား အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာများတွင် ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းခင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၃ ရက်တွင် ဘိန်းခင်းဧက ၆၅ ဒသမ ၅ ဧက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယခင်က ကျေးရွာအုပ်စုခြောက်အုပ်စုအတွင်းရှိ ဘိန်းစိုက်ပျိုးသည့်ကျေးရွာများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဘိန်းခင်းများ ဖျက်ဆီးခဲ့ရာ ၂၀၁၅-၂၀၁၆ ဘိန်းဖျက်ရာသီတွင် ဘိန်းခင်း ၃၈၁၁ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ယခု ရေသွင်းစိုက်ပျိုးသည့် ဘိန်းခင်း ၆၅ ဒသမ ၅ဧက ထပ်မံဖျက်ဆီးရာ ယခုနှစ်အတွင်း ဘိန်းခင်းဧက စုစုပေါင်း ၃၈၇၇ ဧက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# အခြေခံပညာရေးမှ နွေရာသီကျောင်းပိတ်ရက် အားကစားလေ့ကျင့်မှုသင်တန်းပေးမည်

**ရန်ကုန် မတ် ၃**

ရန်ကုန် အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အခြေခံပညာဦးစီးဌာန ပညာရေးနှင့် အားကစားအဆင့်မြှင့်တင်ရေးကော်မတီက ဦးစီးသော နွေရာသီအားကစားသင်တန်း ခုနစ်မျိုးကို နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများအတွက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဆရာ ဆရာမများက စာတွေ့ လက်တွေ့ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါသင်တန်းသို့ တက်ရောက်ရန် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများသို့ အတန်းတင်စာမေးပွဲမဖြေဆိုမီ တစ်လအလို၌ နွေရာသီ ကျောင်းပိတ်ရက်ကာလ၊ မြန်မာ့သိုင်းနှင့် ဘောလုံးလေ့ကျင့်ရန် အမက(၁)တွင် လည်းကောင်း၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်းလေ့ကျင့်ရန် အထက(၄)တွင် လည်းကောင်း၊ အေရိုးဗစ်နှင့် တိုက်ကွမ်ဒိုလေ့ကျင့်ရန် အလက(၁)၌ လည်းကောင်း၊ ဝူရှူးအားကစားလေ့ကျင့်ရန် အမက(၁၇) တွင် လည်းကောင်း၊ မတ် ၂၁ ရက်မှ ဧပြီ ၄ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်တန်းပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် စာရင်းပေးသွင်းထားပြီး ကျန်ရှိသူများလည်း နောက်ထပ် စာရင်းပေးသွင်းနိုင်ကြောင်း ကော်မတီအဖွဲ့ဝင် ဆရာမ ဒေါ်တင်မေဖြူထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



### သတင်းတို

# အခြေခံမီးသတ်သင်တန်းဆင်း

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ရဒေသ ပင်လောင်းမြို့နယ် မီးသတ်ဦးစီးဌာနက ရပ်ကွက်/ကျေးရွာအတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်အသစ်များကို အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က မီးသတ်စခန်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းစိုးက အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းမှ သင်ကြားပို့ချပေးသည့် မီးသတ်ပညာရပ်များကို သင်တန်းသားများက လက်တွေ့ဆောင်ရွက်ပြသကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လမ်း-တံတားလုပ်ငန်းများ ကြည့်ရှု

ကြံခင်းမြို့နယ်ရှိ ဖားတရှဉ်းတံတားလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးတာဝန်ခံ ဦးအေးထွန်းမော်၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အဖွဲ့ရောက်ရှိပြီး သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ကြရန်မှာကြားပြီး ဟင်္သာတမြို့နယ်မှဆောင်ရွက်လျက်ရှိသော ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်းနှင့် တလုတ္တော်-လေးမျက်နှာလမ်း မူလ ၁၂ ပေ၊ အကျယ် ၁၈ ပေ၊ ကတ္တရာလမ်းချဲ့ခြင်းအပိုင်းကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**အေးထွန်း(ဟင်္သာတ)**

# ပုသိမ်မြို့၏ အကောင်းဆုံးအမှတ်တရလက်ဆောင် ပုသိမ်ထီး လက်မှုအနုပညာ

မြန်ဂုဏ်ဆောင်

မြန်မာတို့ချစ်မြတ်နိုးပြီး ခုံမင်နှစ်သက်ခဲ့သော မြန်မာ့ရိုးရာ ပုသိမ်ထီးလုပ်ငန်းကို ရှေးကပင် လုပ်ကိုင်ခဲ့ကြပြီး မြန်မာဘုရင်မင်းမြတ်တို့၏ နန်းတွင်းသုံးပစ္စည်းအဖြစ် ကုန်းဘောင်ခေတ်ကပင် စတင်သုံးခဲ့ရာမှ မန္တလေးမြို့တွင် ထီးသုံး နန်းသုံး အိမ်တော်ရာထီးအဖြစ် နေရာယူရပ်တည်နိုင်ခဲ့သည်။

အိမ်တော်ရာထီးကို ထီး၏ အမိုးအရွက်မှအပ ဝါးထည်ချည်းသက်သက်ဖြင့် ပြုလုပ်ဖန်တီးထားသည်။ ၁၂၄၇ ခုနှစ် မန္တလေးမြို့ သီပေါမင်းပါတော်မူပြီးနောက် နိုင်ငံရေး အလှည့်အပြောင်းကာလဝယ် မန္တလေး အိမ်တော်ရာထီးလုပ်ငန်းရှင်များ၊ ထီးလုပ်ငန်းဖြင့် အသက်မွေးကြသူများသည် မန္တလေးမြို့မှ ပုသိမ်မြို့သို့ ဒေသပြောင်းရွှေ့ပြီး မိရိုးဖလာထီးလုပ်ငန်းဖြင့် အသက်မွေးခဲ့ကြရသည်။ ထိုအချိန်မှ စတင်၍ ပုသိမ်မြို့၏ ဒေသစွဲကိုမူတည်၍ မြန်မာ့ရိုးရာထီးသည် ပုသိမ်ထီး ဖြစ်လာသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်က ပုသိမ်မြို့သည် သင်္ဘောဆိပ်ကမ်းမြို့ဖြစ်သည်။ ရေကြောင်းလမ်း ဖွံ့ဖြိုးတိုးတက်ရာ ပုသိမ်ဆိပ်ကမ်းတွင် နိုင်ငံခြား သင်္ဘောကြီးများ၊ ရေတပ်သင်္ဘောကြီးများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော သင်္ဘော၊ ရွက်လှေ၊ သမ္ဗာန်များ စည်ကားခဲ့သည်။ မြန်မာပြည် အောက်ပိုင်းဒေသ စီးပွားရေးဖွံ့ဖြိုးရာမြို့အဖြစ် ကမ္ဘာကပင်အသိအမှတ်ပြုရသည်။

ပုသိမ်မြို့သို့ရောက်လျှင် ပုသိမ်မြို့ပြန် လက်ဆောင်အဖြစ် ပုသိမ်ထီးကို အမှတ်တရ ခုံမင်စွာဝယ်ယူကြသော ပြည်တွင်း ပြည်ပဧည့်သည်များကို ပုသိမ်ဆိပ်ကမ်းဝယ် မြင်တွေ့ခဲ့ရသည်။ 'ပုသိမ်ရောက်လျှင် ပုသိမ်ထီးကို ဝယ်ရမည်'ဟူသော အသိက ဧည့်သည်များရင်တွင် ရှိနေသည်။ ပုသိမ်ထီးကို ကိုယ်တိုင်လည်း ဆောင်းကြသည်။ မိမိမြတ်နိုးခင်မင်ရသူများကိုလည်း ပုသိမ်မြို့မှ အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ပေးကြသည်။



ပုသိမ်မြို့မှ ပုသိမ်ထီး အရောင်းဆိုင်တစ်ဆိုင်။

ပုသိမ်ထီးလုပ်ငန်းကို ပုသိမ်သူ ပုသိမ်သားတို့က မိရိုးဖလာအဖြစ် အသက်မွေး လုပ်ကိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းရာကျော်ခဲ့ပြီဖြစ်သည်။ မျိုးရိုးစဉ်ဆက် ဝင်ငွေရအလုပ်အဖြစ် သားစဉ်မြေးဆက်လုပ်ဆောင်ကြသူ လုပ်သား ၁၀၀ ကျော်က မိမိတို့ဘဝရပ်တည်ရန် အလုပ်အကိုင်အခွင့်အလမ်းအဖြစ် နိစ္စဓူဝလုပ်ဆောင်ခဲ့ကြသည်။

ပုသိမ်ထီးကို မင်းသုံးထီး၊ ဂါးဒင်းပိုးထီး၊ ဆရာတော်ဆောင်းထီး၊ သုံးရာသီဆောင်းထီး၊ သီလရှင်ဆောင်းထီး၊ သခင်ထီး၊ ဒို့မြန်မာထီး၊ အမျိုးသားဆောင်းထီး၊ အမျိုးသမီးဆောင်းထီး၊ အိမ်တော်ရာထီး၊ လူလတ်ဆောင်းထီး၊ ကလေးဆောင်းထီး၊ စားပွဲတင်ထီး၊ ဖန်စီထီးနှင့် ဟိုတယ်ထီးဟူ၍ အရွယ်အစားမျိုးစုံ၊ ဒီဇိုင်းမျိုးစုံကို အလှခြယ်သပြီး ပန်းချီအနုပညာပေါင်းစပ်၍ ထုတ်လုပ်ကြသည်။

ထီး၏ပင်မအမိုး ထီးရွက်ကို ပိုးသား၊ ဖဲသား၊ ကတ္တီပါသား၊ ချည်သား၊ မှိုင်းခံအသုံးပြုပြီး ပြုလုပ်ကြသည်။ မိုးရေခံထီး၊ အလှဆောင်းထီး၊ မှိုင်းခံထီး၊ ဖယောင်းပန်းထီး၊ အနားတွန့်ထီး၊ ခရုပတ်ထီးများကို ပန်းချီအနုပညာဆရာ၏ ပန်းအလှ ရုပ်လုံးကြွများအဖြစ် ပုံဖော်မှု၊ တိုးနယား၊ ပန်းကနုတ်တို့ဖြင့်ပုံဖော်မှု၊ ပန်းပွင့်ပန်းခိုင်များဖြင့် အလှခြယ်သမှုများက ထီးကို ရောင်းအားမြင့်စေသည်။ အနုပညာဖန်တီးရှင်များ၏ လက်ဖြင့် ရုပ်လုံးဖော်လိုက်သော ထီးအရောင်အသွေးမျိုးစုံက မျက်စိပသာဒကို ဆွဲဆောင်မှုအားကောင်းစေသည်။

ပုသိမ်ထီးများခေတ်စားချိန် ၁၉၄၀ ပြည့်နှစ်က ရန်ကုန်မြို့ ဂျူဗလီဟော(အမျိုးသားဇာတ်ရုံ)တွင် မြန်မာ့လက်မှုပညာပြပွဲကြီးကို ခမ်းနားစွာကျင်းပခဲ့ရာ ပုသိမ်ထီးလုပ်ငန်းရှင်များတွင် ပုသိမ်မြို့နေ ထီးဆရာကြီး ဦးဘတင် ဒေါ်အေးတင် (သမီး) ဒေါ်တင်တင်ထွေး၊ (သမီး) ဒေါ်ကော်နီဘတင်၊ (သား) မောင်အုန်းစိန်တို့ မိသားစုက ထီးမျိုးစုံ၊ အရွယ်စုံ၊ ဆိုက်စုံ၊ ဒီဇိုင်းအလှမျိုးစုံ ပုံဖော်ရာ ၁၀ မျိုး ရေးဆွဲပြီး လက်မှုပညာပြပွဲတွင်ပြသခဲ့သည်။ ပြည်တွင်းပြည်ပ လေ့လာကြသူများ၏ မြန်မာ့ရိုးရာပုသိမ်ထီးအပေါ် စိတ်ဝင်စားမှု ပိုမိုလာခဲ့သည်။

ဆုရရှိခဲ့သော ထီး ၁၀ မျိုးမှာ (၁) မင်းသုံးထီး၊ (၂) ဇာတ်ကြီးဆယ်ဘွဲ့ ရုပ်စုံပန်းချီပါထီးကြီး၊ (၃)စနိုးဝိုက်နှင့် လူပုလေးများရုပ်စုံပါ ထီးကြီး၊ (၄) မြန်မာ့စေတီပုထိုးများ ပန်းချီပုံပါ ထီးကြီး၊ (၅) လယ်သမားများ ကောက်စိုက်၊ ကောက်ရိတ်၊ စပါးလှေ့၊ မောင်းထောင်း၊ ဆန်ပြာနေပုံ ရုပ်စုံပန်းချီ ထီးကြီး၊ (၆) အလှဆောင်းထီး အနားအမြိတ်နှင့် လက်ကိုင်ငွေရိုး ထီးပန်းရုံ၌ ငွေချည်ရွှေချည်ထိုး ထီးကြီး၊ (၇) ပြည်ထောင်စု တိုင်းရင်းသားရုပ်စုံပါ ထီးကြီး၊ (၈) အနားတွန့်ထီးကြီး၊ (၉) သစ်တုံးများကို ဆင်ဆွဲသော ရုပ်စုံထီးကြီး၊ (၁၀) ပုသိမ်ရှုခင်းစုံပါ ထီးကြီးတို့ဖြစ်သည်။

မြန်မာ့လက်မှုပြပွဲတွင် ပုသိမ်ထီးပြကွင်းပြကွက်က အခြားပြကွင်းပြကွက်များထက် 'နှာတစ်ဖျား'သာနေသည်။ ပုသိမ်ထီးပြခန်းတွင် ပုသိမ်မြို့ ဗန္ဒုလထီးလုပ်ငန်းမှ ထီးကြီး ၁၀ မျိုးနှင့် အခြားထီးများကို တခမ်းတနားပြသခဲ့ရာ ရွှေတံဆိပ်ဆုချီးမြှင့်ခံခဲ့ရသည်။ ရွှေတံဆိပ်ဆုရပြီးနောက်တွင် ဗန္ဒုလဦးဘတင်၏ထီးများသည် ပြည်တွင်းသာမက ပြည်ပနိုင်ငံ အိန္ဒိယ၊ ဂျပန်၊ ထိုင်းနှင့် တရုတ်နိုင်ငံများအထိ အောင်မြင်ကျော်ကြားကာ တင်ပို့ရောင်းချခဲ့ရသည်။

ပုသိမ်မြို့၏ အကောင်းဆုံးအမှတ်တရလက်ဆောင် ပထမဆုရွှေတံဆိပ်ရ ပုသိမ်မြို့ကျက်သရေဆောင် ဗန္ဒု



ပုသိမ်ထီးလုပ်ငန်းကို လေ့လာနေသော နိုင်ငံခြားသားတစ်ဦး။

ပုသိမ်ထီးဆိုင်ကြီးကို ပုသိမ်မြို့ ကုန်သည်လမ်း အမှတ် (၃၀) ကို ခမ်းနားထည်ဝါစွာ မြင်တွေ့ရသည်။

ပုသိမ်မြို့သည် ထိုခေတ်ထိုအခါက မြန်မာ့မီးရထားလမ်းဆုံမြို့ကြီးဖြစ်ရာ ရေလမ်းခရီးမှလာကြသော ဆန်တင်သင်္ဘောကြီး၊ ရေတပ်သင်္ဘောကြီး၊ အနယ်နယ်အရပ်ရပ်မှဆိုက်လာကြသော ခရီးသည်တင်သင်္ဘောကြီးများဆိုက်ကပ်ရာမြို့ဖြစ်သောကြောင့် ပုသိမ်ထီးဈေးကွက်ကောင်းခဲ့သည်။ ထိုစဉ်က ပုသိမ်ထီးလုပ်ငန်းကို ပုသိမ်မြို့ တစ်မြို့လုံးနှင့် မြန်မာပြည်အနှံ့ဆောင်းခဲ့သဖြင့် ဗန္ဒုလထီးလုပ်ငန်းကို လုပ်သားအင်အား ၁၀၀ ခန့်ဖြင့် စီမံဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

နိုင်ငံတော်က ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကို တိုးမြှင့်၍ဆောင်ရွက်လာရာ ငပလီကမ်းခြေ၊ စခန်းသာ၊ ချောင်းသာနယ်မြေများတွင် ကမ်းခြေသုံးထီးများကို အသုံးများလာသည်။ ကမ်းခြေသုံးထီးအဖြစ် အဝိုင်းအဝိုက်လေးပေ၊ ခြောက်ပေ၊ ရှစ်ပေ၊ ဆယ်ပေမှသည် ၁၅ ပေအထိ ကျယ်ပြန့်သော ပုသိမ်ထီးများကို အမှာလွှာဖြင့် ဝယ်ယူလာကြသည်။ ကမ်းခြေသုံးထီးတစ်လက်လျှင် ကျပ်နှစ်သောင်းမှ ကျပ်တစ်သိန်းအထိ ဈေးကောင်းရပြီး မြန်မာပြည်သာမက ပြည်ပနိုင်ငံများသို့ပင် အမှာလွှာများဖြင့်တင်ပို့လျက်ရှိသည်။

ပုသိမ်ထီးလုပ်ငန်းအတွက် အဓိကသင့်လျော်သော ကုန်ကြမ်းမှာ ပေါ့ပါးပြီးကြာရှည်ခံသော သာရကူဝါးဖြစ်သည်။ အနောက်ရိုးမမှထွက်ရှိသော သာရကူဝါး အမျိုးအစားကို နှစ်စဉ် ပြာသို၊ တပို့တွဲလများ၌ ဝယ်ယူစုဆောင်းကြသည်။ ဝါးကို ပိုးမစားစေရန်နှင့် ကြာရှည်ခံနိုင်ရန် ရွှံ့ပုပ်၊ နွံပုပ်ထဲတွင် ခြောက်လခန့်ကြာ ရေစိမ်ပစ်ထားရသည်။ ယင်းသို့ ရိုးရာဓလေ့အရ ပြုလုပ်ပါမှ ထီးရိုးက အသုံးပြုရာတွင် တာရှည်ခံပြီး ပိုးမစားကြောင်း ရှေးမိဘများက ပြောစမှတ် ပြုကြသည်။

အဆိုပါ သာရကူဝါးမှာ ခေတ်ကာလအခြေအနေအရ ရှားပါးလာရာ ယခင်က ဝါးတစ်လုံးလျှင် ငွေနှစ်ရာ၊ သုံးရာဝန်းကျင်ဈေးမှ ဆယ်ဆတိုး၍ ဝါးတစ်လုံး ကျပ်သုံးထောင်ဖြစ်သွားသော်လည်း ခေတ်ကာလဈေးသတ်မှတ်ချက်သာရှိပြီး ဝါးက အရေအတွက် ရှားပါးနေသည်။ သာရကူဝါး ရှားပါးမှုအပေါ် မူတည်၍ မြန်မာ့ရိုးရာ ပုသိမ်ထီးတစ်ချောင်းစီ၏ တန်ဖိုးသည် ဈေးနှုန်းကြီးမြင့်လာသည်။

ပုသိမ်ထီးအရွက်အမိုးကို ပိတ်စတွင် တည်ရည်ကို ကော်ရည်အဖြစ်သုတ်လိမ်းပေးရသည်။ တယ်ရည်ဆိုသည်မှာ တယ်ပင်မှရသောအသီးကို ကျိုပြီးနောက် ရရှိသော သဘာဝဆေးရည်တစ်မျိုးဖြစ်သည်။ တယ်ရည် သုတ်လိမ်းပေးခြင်းဖြင့် မိုးရေခံပြီး ထီးရွက်ကို တာရှည်ခံစေနိုင်စွမ်းသည်။

ပုသိမ်ထီးလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သော သာရကူဝါးရှားပါးနေမှုက ပုသိမ်ထီးလုပ်ငန်းကို တစ်စတစ်စနှင့် ပျောက်ကွယ်သွားစေနိုင်သည်။ ကုန်ကြမ်းရှားပါးမှုမဖြစ်စေရန် အကျိုးတူစီးပွားရေးလုပ်ငန်းရှင်များ လိုအပ်သကဲ့သို့ နိုင်ငံတော်ကလည်း သရကူဝါး စိုက်ပျိုးမှု၊ ထုတ်လုပ်မှုကို ဇောင်းပေးဆောင်ရွက်သင့်ပါသည်။ ဝါးကုန်ကြမ်းရရှိ၍ ပုသိမ်ထီးထုတ်လုပ်မှုစံချိန်တင်ပြီး နိုင်ငံခြားဝင်ငွေပိုမိုရရှိပါက ထီးလုပ်ငန်းဖြင့် အသက်မွေးကြသူများ၊ မှီခိုလုပ်သားများ၊ အနုပညာဖန်တီးရှင်၊ ပန်းချီပန်းပုပညာရှင်များ၊ လက်မှုပညာရှင်များအတွက် အားတက်ကြရမည်သာဖြစ်သည်။

ပုသိမ်ထီးအလုပ်ရုံတစ်ရုံတွင် လုပ်သားအင်အား အပြည့်အဝဖြင့် ကုန်ကြမ်းပစ္စည်း အသင့်ရှိနေပါက တစ်နေ့လျှင် ရောင်းတန်းဝင်ပုသိမ်ထီး ၁၅၀၀ မှ ၂၀၀၀ ခန့်ထိ ပြီးနိုင်သည်။ ပုသိမ်ထီးအလုပ်ရုံများအတွင်းသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လေ့လာလေ့ရှိကြသည်။ ထီးလုပ်ဆောင်မှု အဆင့်ဆင့်ကို လေ့လာခြင်း၊ ပုသိမ်ထီးများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ခြင်းများကို လုပ်ကြသည်။

ပုသိမ်ထီးကို ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီနှင့် အမေရိကန်တို့က အမှတ်တရမြတ်နိုးစွာ ဝယ်ယူကြ၍ နိုင်ငံခြားပို့ကုန်အဖြစ် စာရင်းဝင်လာသည်။

ယခုအခါတွင် ပုသိမ်ထီးများကို မူလဒီဇိုင်းပုံစံ မပျက်ဘဲ၊ မြန်မာ့ဝါးဖြင့် အဓိကပြုလုပ်သည့် အနှစ်သာရမပျက်ဘဲ ခေတ်မီပုံသဏ္ဌာန်များပြောင်းပြီး အသစ်ထုတ်လုပ်လာကြသည်။

ပုသိမ်ထီးရိုးရာဓလေ့က မြန်မာမှုနယ်ပယ်တွင် လူကြိုက်များနေဆဲ၊ ပြည်တွင်းပြည်ပ ခရီးသည်များက စွဲမက်နေဆဲဖြစ်ပြီး ပုသိမ်သူ ပုသိမ်သားတို့၏ ဖော်ရွေသောအပြုံး၊ မြန်မာပီသသော ဧည့်ဝတ်ကျေမှုနှင့် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ ရိုးရာ လက်မှုပညာတစ်ခုဖြစ်သော ပုသိမ်ထီးတို့၏ အလှကို ထာဝရတည်တံ့စေချင်မိပါတော့သည်။ ။

**ပုသိမ်ထီးလုပ်ငန်း၏ အဓိကကုန်ကြမ်းဖြစ်သော သာရကူဝါးရှားပါးနေမှုက ပုသိမ်ထီးလုပ်ငန်းကို တစ်စတစ်စနှင့် ပျောက်ကွယ်သွားစေနိုင်သည်။ ကုန်ကြမ်းရှားပါးမှုမဖြစ်စေရန် အကျိုးတူ စီးပွားရေးလုပ်ငန်းရှင်များ လိုအပ်သကဲ့သို့ နိုင်ငံတော်ကလည်း သရကူဝါးစိုက်ပျိုးမှု၊ ထုတ်လုပ်မှုကို ဇောင်းပေးဆောင်ရွက်သင့်**

# သီလဝါ အထူးစီးပွားရေးဇုန်တွင် တောင်ကိုရီးယားမှ ဘိလပ်မြေစက်ရုံ တည်ဆောက်မည်

**ရန်ကုန် မတ် ၃**

သီလဝါ အထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများ ပြုလုပ်လျက်ရှိရာ တောင်ကိုရီးယားနိုင်ငံ Yojin ဆောက်လုပ်ရေး ကုမ္ပဏီက ဘိလပ်မြေစက်ရုံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဘိလပ်မြေစက်ရုံကို သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(၂) တွင် တည်ဆောက်သွားမည်ဖြစ်သည်။ မြေဧက ၂၄ ဧကပေါ်တွင် တည်ဆောက်မည့် ယင်းဘိလပ်မြေစက်ရုံကို ၂၀၁၆ ခုနှစ်စက်တင်ဘာလတွင် စတင်တည်ဆောက်မည်ဖြစ်ရာ တည်ဆောက်မှုလုပ်ငန်းများ တစ်နှစ်ခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀ ခန့်ကုန်ကျခံ တည်ဆောက်မည့် ဘိလပ်မြေစက်ရုံသည် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပါက တစ်နှစ်လျှင် ဘိလပ်မြေတန်ချိန် တစ်သန်းခန့် ထွက်ရှိမည်ဟု မျှော်မှန်းထားသည်။

ထိုသို့ ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် Yojin ဆောက်လုပ်ရေးကုမ္ပဏီနှင့် တောင်ကိုရီးယား အခြေစိုက် SHINHAN BANK တို့၏ ချေးငွေသဘောတူညီမှု MoU လက်မှတ်ရေးထိုးခြင်းကို သီလဝါ စီးပွားရေးဇုန်ရှိ MJTD ရုံးခန်း၌ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ဘိလပ်မြေစက်ရုံ တည်ဆောက်ရန်အတွက် Yojin ဆောက်လုပ်ရေးကုမ္ပဏီနှင့် MJTD တို့က reservation agreement လက်မှတ်ရေးခြင်း ပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယားအခြေစိုက် SHINHAN BANK က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ ကို Yojin ဆောက်လုပ်ရေးကုမ္ပဏီအား ထောက်ပံ့ပေးရန် သဘောတူခဲ့ခြင်းဖြစ်သည်။

ဘိလပ်မြေစက်ရုံတည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာပြီးစီးနိုင်ရေးအတွက် တောင်ကိုရီးယား အခြေစိုက် SHINHAN BANK က ချေးငွေ ထောက်ပံ့ရန် သဘောတူခဲ့ရာ သီလဝါ အထူးစီးပွားရေးဇုန်တွင် တစ်နှစ်လျှင် တန်ချိန် တစ်သန်းခန့် ထုတ်လုပ်နိုင်မည့် ဘိလပ်မြေစက်ရုံသစ် ပေါ်ထွက်လာတော့မည်ဖြစ်သည်။

**သတင်း–ဝေယံဦး**



# မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်

**စစ်ကိုင်း မတ် ၃**

စစ်ကိုင်းမြို့မဈေးကြီးတွင် မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများနှင့် ဈေးဝန်ထမ်းများအား မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများကို ခရိုင်မီးသတ်ဦးစီးဌာနက ဦးစီး၍ မတ် ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့မဈေးတွင် ဈေးဆိုင်ခန်းပေါင်း ၁၂၁၈ ခန်းရှိပြီး မီးဘေးကာကွယ်ရေးအတွက် ဈေးအပြင်၌ ရေဂါလန် (၁၀၀၀၀)ဆံ့၊(၈၀၀၀)ဆံ့၊(၇၀၀၀)ဆံ့ ရေကန်သုံးကန်၊ ဈေးအတွင်း၌ ရေဂါလန် (၁၀၀၀)ဆံ့၊(၁၁၀၀)ဆံ့ ရေကန်နှစ်ကန်၊ တစ်စင်လျှင်ရေဂါလန် (၁၆၀၀)ဆံ့ ရေကန်နှစ်ခုစီတင်ထားသော ရေစင်နှစ်ခုရှိပြီး အပေါ့စားမီးသတ်စက်သုံးခု မီးသတ်ဆေးဘူးအကြီး ၃၅၀ Kg တစ်ဘူး ၊ ၂၅၀ Kgတစ်ဘူး၊ မီးသတ်ဆေးဘူးအသေး ၂၅၂ ဘူးတို့ကို အသင့်ပြင်ဆင်ထားကြောင်း၊ ဈေးအတွင်း ကားဝင်ကားထွက် လွယ်ကူရှင်းလင်းစေရန်နှင့် ရေရရှိနိုင်သည့်နေရာများကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်နှင့် ဈေးအကျိုးတော်ဆောင် ဦးကြည်မြင့်တို့ထံမှ သိရသည်။

ဈေးအတွင်း မီးဘေးကာကွယ်ရေးပြင်ဆင်ထားမှုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော်နိုင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးဝန်ထမ်းတစ်ဦးစီအား မီးသတ်ဆေးဘူး အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

# လျှပ်စစ်ဓာတ်ကြောင့် ထီးတော်မြေခခဲ့သည့်စေတီတော် ထီးတော်တင်ပွဲကျင်းပ

**ကနီ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၇ ရက်က လျှပ်စစ်ခတ်ခဲ့သော အင်အားရစ်ချ်တာ စကေး ၅ ဒသမ ၄ အင်အားအသင့်အတင့်ရှိ လျှပ်စစ်ကြောင့် ထီးတော်မြေခခဲ့ရသည့် ကနီမြို့ အမှတ်(၁)ရပ်ကွက် သီတာဦးစေတီတော် ထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

လျှပ်စစ်လှုပ်ခတ်မှုကြောင့် သီတာဦးစေတီထီးတော်မြေခခဲ့ပြီးနောက် ရပ်ကွက်အတွင်းမှ ပြည်သူများက စေတီတော်ပြန်လည်ပြုပြင်မွမ်းမံရန် စုပေါင်းလှူဒါန်းခဲ့ကြကြောင်း၊ ယခုဆက်ကပ်တင်လှူသော ထီးတော်မှာ မုံရွာမြို့မှ ဦးမြင့်မိသားစု (ရွှေရတနာနှင့် စက်သုံးဆီရောင်းဝယ်ရေး)က လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ ကနီမြို့မှ ဦးကြည်သွင်မိသားစုကလည်း နှစ်ကျိပ်ရှစ်ဆူ ဘုရားများ လှူဒါန်းကာ ယင်းနှစ်ကျိပ်ရှစ်ဆူ ဘုရားများကို စေတီတော်၏ ဗုဒ္ဓပူဇနီယဆွမ်းလောင်းပွဲတော်သို့ ဆွမ်းလောင်းလာသူများအား မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း ဘုရားဂေါပကထံမှ သိရသည်။



သီတာဦးစေတီ ထီးတော်မတင်လှူမီတွင် ထီးတော်နှင့် နှစ်ကျိတ်ရှစ်ဆူဘုရားများကို မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံခဲ့ပြီး ထီးတော်တင်မင်္ဂလာကို စည်ကားစွာ ကျင်းပခဲ့ခြင်းဖြစ်ကာ ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲများနှင့် အခြား ဖျော်ဖြေရေးအစီများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# ရေဘေးသင့်ပြည်သူများ၏ နေထိုင်မှုအဆင်ပြေစေရေး ဆွေးနွေး

**ဖလမ်း မတ် ၃**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇန်မြို့နယ်မှ သဘာဝရေဘေးသင့်ပြည်သူများ၏ နေထိုင်မှုအဆင်ပြေစေရေးအတွက် ဒေသခံပြည်သူများအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်နှင့် တာဝန်ရှိသူများက တွန်းဇန်မြို့နယ် တွီးခိန်ဇန်စိန်တုမ့်ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၌ မတ် ၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တွီးခိန်ဇန်(က)မှ ရေဘေးသင့်ပြည်သူများ၏ လိုအင်ဆန္ဒအတိုင်း ချင်းပြည်နယ်အတွင်း နေထိုင်ခွင့်ရရှိရေးဆိုင်ရာများကိုလည်းကောင်း၊ နေပြည်တော် မြေတိုင်းဒေသကြီး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဝင်းရွှေက ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်နိမိတ်တိုင်းတာတွက်ချက်ခြင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တွီးခိန်ဇန်(က)ဒေသခံပြည်သူတစ်ဦးက ရေဘေးသင့်ပြည်သူများသည် မူလနေရာ ချင်းပြည်နယ်တွင် နေထိုင်လိုကြောင်းနှင့် ပြည်သူများ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မွေးမြူရေးဘဏ်စနစ်ဖြင့် တစ်အိမ်ထောင်လျှင် ဘဲငါးကောင်စီ ထောက်ပံ့ပေး



**ကသာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပြည်သာယာကျေးရွာမှ ဒေသခံပြည်သူများ ဘဲမွေးမြူနိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူရေးဘဏ်စနစ်ဖြင့် တစ်အိမ်ထောင်လျှင် ဘဲငါးကောင်စီကို မတ် ၁ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ပြည်သာယာကျေးရွာရှိ အိမ်ထောင်စု ၅၁ စုအတွက် တစ်အိမ်ထောင်လျှင် ဘဲထီးတစ်ကောင်နှင့် ဘဲမလေးကောင်နှုန်းဖြင့် စုစုပေါင်း ဘဲကောင်ရေ ၂၅၅ ကောင်ကို ဖြန့်ဖြူးပေးခဲ့ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ပံ့ပိုးမှုဖြင့် ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း ကသာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**ငွေအိုး(ကသာ)**

# ရွေးကောက်ပွဲတွင်ပါဝင်ဆောင်ရွက်ခဲ့သော ကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြု

**သံတွဲ မတ် ၃**

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ ဦးသိန်းဦးက ကော်မရှင်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်က ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သည့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား ချီးကျူးဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲအရာရှိ ဦးသိန်းဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက လက်ခံယူခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ မြို့မဈေးကြီးအတွင်း ဈေးသူ ဈေးသားများစုပေါင်း၍ ဂါလန် ၂၀၀၀ ခန့်ဆံ့ မီးသတ်ရေလှောင်ကန်တည်ဆောက်နေမှုကို မတ် ၂ ရက်က တွေ့ရစဉ်။**

ခွန်(ဝင်းပ)



## မူလတန်းကျောင်းသို့ ကျောင်းဆောင်သစ်တစ်ဆောင် လှူဒါန်း

**ငါးသိုင်းချောင်း မတ် ၃**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ပညာရေးဇုန် (၁) ရွှေဘိုရပ်ကွက် အမကကျောင်းသို့ ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက်နေ ဦးသန်းအေး မိသားစု(ဂဠုံမင်းရွှေဆိုင်)မှ လှူဒါန်းသော အလျား ပေ ၄၀၊ အနံ ပေ ၃၀ တန်ဖိုးကျပ်သိန်း ၁၄၀ ဝန်းကျင်ရှိ တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို ဖေဖော်ဝါရီ ၂၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်သစ်လှူဒါန်းပွဲတွင် ရွှေဘိုရပ်ကွက် အမက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်အေးက ကျောင်းသားကျောင်းသူများ၏ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကအလှူရှင်များကလည်း စိတ်ပါဝင်စားစွာ အဆောက်အအုံဆောက်လုပ်လှူဒါန်းကြသဖြင့် ကျေးဇူးတင်ကြောင်းပြောကြားပြီး အလှူရှင်များက ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းထံ လွှဲပြောင်းလှူဒါန်းခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**



## စည်းကမ်းချက်နှင့် မညီညွတ်သည့်အရက်ဖြူများကို အရေးယူ

**ကော့သောင်း မတ် ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လိုင်စင်ရှိသော်လည်း လိုင်စင်ပါစည်းကမ်းချက်များနှင့် မညီညွတ်သည့်အရက်ဖြူများကို မတ် ၁ ရက်က သယ်ဆောင်လာစဉ် တွေ့ရှိသဖြင့် အရေးယူထားကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မြို့မရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများအဖွဲ့က ကော့သောင်း-ဘုတ်ပြင်းလမ်းပေါ် ပြေးဆွဲနေသည့် မော်တော်ယာဉ်များအား စစ်ဆေးစဉ် ကော့သောင်း -ခမောက်ကြီး ပြေးဆွဲသည့် လိုက်ထရက်ယာဉ်ပေါ်၌ FL ၁၂ လိုင်စင်ရှိသော်လည်း လိုင်စင်ပါစည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိသည့် အရက်ဖြူများ တင်ဆောင်လာသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထန်းတံဆိပ်ပါ အရက်ဖြူပါကင် ၃၀နှင့် ဆတ်ချိုနှတံဆိပ်ပါ အရက်ဖြူ ၁၂ ပါကင်ကို စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး လိုင်စင်ပါစည်းကမ်းချက်နှင့် ညီညွတ်ခြင်းမရှိသည့် အရက်ဖြူများ တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ယစ်မျိုးဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မြို့တွင်းလမ်းများ ပိုကျယ်လာရန် ပလက်ဖောင်းများပြုပြင်

**ရွှေဘို မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင်းလမ်းများတွင် ခရီးသွားများ၊ ယာဉ်မောင်းသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန်အတွက် မူလပလက်ဖောင်းများအား ဖျက်သိမ်းပြီး လမ်းချဲ့ကာ အသစ်ပြန်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းများ အကျယ်ပိုမိုရရှိစေရန်အတွက် ရန်ကြီးအောင်လမ်းတွင် လမ်းလေးခွဆုံမီးပွိုင့်မှ ကျုံးနှစ်ခုကြားအထိတွင် မူလပလက်ဖောင်းများအား ဖျက်သိမ်းပြီး တစ်ဖက်လျှင် ငါးပေစီ နောက်ဆုတ်၍ အသစ်ပြန်လည်ပြုပြင်ခြင်း၊ အောင်ဇေယျလမ်းတွင် မြသိန်းတန်လမ်းထိပ်မှ ဟုတ်စိန်ကွေ့အထိ မူလပလက်ဖောင်းများ ဖျက်သိမ်းပြီး တစ်ဖက် ၆ ပေစီ နောက်ဆုတ်၍ အသစ်ပြန်လည်ပြုပြင်ခြင်း၊ ရဲစခန်းရှေ့တွင် ကွန်ကရစ်ခင်းခြင်းနှင့် ကားပါကင်ပြုလုပ်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၃၅ သန်းဖြင့် ဇန်နဝါရီလအတွင်းမှ စတင်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။

ပလက်ဖောင်းများ အသစ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်မြင့်၊ အင်ဂျင်နီယာမှူး ဦးဘုန်းဇော်အောင်နှင့် လမ်းဦးစီးဌာန(မြို့ပြ) ဦးစီးအရာရှိ ဦးမျိုးဇာနည်ဦးတို့က မတ် ၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ခင်ဦးစိုးဝေ**

# ရေပြတ်လပ်မှုဖြစ်ပါက ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ကြေညာ

**ဘားအံ မတ် ၃**

ကရင်ပြည်နယ်အတွင်း ကျေးလက်ဒေသများတွင် နွေရာသီကာလအတွင်း ရေပြတ်လပ်မှုကြုံတွေ့ပါက ဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တာဝန်ရှိဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ညှိနှိုင်းဆွေးနွေး၍ ဖေဖော်ဝါရီ ၂၉ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

(၁) ရေကို ချွေတာသုံးစွဲရန်၊ (၂) မြို့နယ်(ရေ)ကော်မတီဖွဲ့ရန်၊ (၃)ရပ်/ကျေး(ရေ)ကော်မတီဖွဲ့ရန်၊ (၄)နီးစပ်ရာကျေးရွာသို့ မျှဝေသုံးစွဲရန်၊ (၅) မီးသတ်ယာဉ်အကူအညီရယူရန်၊ (၆) လိုအပ်ချက်အရ ယာယီရေကန်များ ဆောင်ရွက်ထားရန်၊ (၇) ကျေးရွာရှိ စေတနာရှင်များအား စည်းရုံး၍ ပူးပေါင်းဆောင်ရွက်ရန်၊ (၈)ကျေးရွာသို့ အခြားအဖွဲ့အစည်းများက လာရောက်ဆောင်ရွက်ပေးလျှင် ရပ်ရွာအုပ်ချုပ်ရေးမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်ပေါင်းစပ်ပေးခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်မှု ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်ရန်စသည့် အချက်ရှစ်ချက်ကို ကြေညာခဲ့သည်။

၂၀၁၆ ခုနှစ်နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးပြတ်လပ်မှုပေါ်လာနိုင်၍ လက်ရှိကရင်ပြည်နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာ/ရပ်ကွက်များ၏ ရေသုံးစွဲမှုအခြေအနေ၊ ရေပြတ်လပ်လျှင် ဆောင်ရွက်မှုအစီအမံများ ရှင်းလင်းခြင်းနှင့် ညှိနှိုင်းအကြံဉာဏ်များရယူရေး ဆွေးနွေးပွဲကို ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေဦးက ရေရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ လမ်းညွှန်မှု၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုများဖြင့် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြင်ဆင်ထားမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်တို့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးများက မြို့နယ်များအလိုက် ရေပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ရေရှားပါးလာချိန်တွင် လူတို့၏ပေါ့လျော့မှုကြောင့် မီးလောင်မှုများဖြစ်ပွားပါက ပိုမိုဆုံးရှုံးနိုင်သဖြင့် ပြည်နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ မီးသုံးစွဲရာတွင် အထူးဂရုစိုက်၍သုံးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်/ကျေးရွာနေပြည်သူများ၏ သောက်သုံးရေလိုအပ်ချက်များကိုလည်း မီးသတ်ဦးစီးဌာနများက ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မိမိတို့ ကျေးရွာအုပ်စုအလိုက် အဓိကရေလိုအပ်ချက်ရှိနိုင်သည့် ရပ်ကွက်ကျေးရွာများ၊ နေထိုင်သည့် လူဦးရေ၊ သုံးစွဲနေသည့်ရေတွင်း အရေအတွက်၊ နွေရာသီတွင် ရေခန်းခြောက်မှုကြောင့် ကျန်ရှိနိုင်မည့် ရေပမာဏ၊ သုံးစွဲနိုင်မှုအခြေအနေ၊ ဖြည့်စွက်ဆောင်ရွက်ပေးရမည့် ရေလိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

INGO အဖွဲ့များဖြစ်သည့် Action Aid မှ ဒေါ်စောမြသန္တာနှင့် Peace Wind Japan(PWJ) မှ ဦးတင်အေးတို့ကလည်း ရေပြတ်လပ်မှုမရှိစေရေး အစီအမံများကိုလည်းကောင်း၊ မိုးလေဝသနှင့် ပတ်သက်သည့် သတင်းစကားဖြန့်ဝေခြင်း၊ ဖတ်ရှုခြင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ ချိတ်ဆက်မှုဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ ကျေးရွာလူထုပူးပေါင်းပါဝင်သည့် ရေကော်မတီများဖွဲ့စည်းရာတွင် အမှန်တကယ်တက်ကြွစွာလုပ်ချင်သည့်သူများ ပါဝင်စေရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



**ထွန်းထွန်းထွေး(ဘားအံ)**

# ချောင်းခြားချောင်းကူးတံတားတည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး



**ကန့်ဘလူ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချောင်းခြားကျေးရွာအနီး ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းပေါ်ရှိ ချောင်းခြားချောင်းကူး သံကူကွန်ကရစ်တံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ထိုချောင်းကူးတံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၃၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး အရှည် ပေ ၃၅၀၊ အကျယ် ပေ ၃၀ရှိ တစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ကြောင်း၊ ယခုအခါ တည်ဆောက်မှု ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် လမ်းဦးစီးဌာနမှူး ဒေါ်အေးအေးမာက ပြောသည်။

အဆိုပါ ချောင်းကူးတံတားကြီး ပြီးစီးပါက မိုးရာသီတွင် ချောင်းရေကျချိန်အထိ စောင့်ရန်မလိုဘဲ သွားလာရေးလွယ်ကူကာ ချောင်းခြားရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## နမ့်ခမ်းမြို့နယ်မှ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**နမ့်ခမ်း မတ် ၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်အတွင်းရှိ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲကို မြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းတင်တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြသည်။

**ညဏ်မင်း(နမ့်ခမ်း)**

# ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ ထိပ်တိုက်တွေ့တဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၅)

မိုးမြင့်လင်းလက်



**ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၅)ကို မတ် ၅ရက်နဲ့ ၆ ရက်တွေမှာ ယှဉ်ပြိုင်ကစားဖို့ ရှိနေပါတယ်။ တန်းစီဇယားထိပ်ဆုံးက ဘိုင်ယန်မြူးနစ်တို့က ဒေါ့မွန်ကွင်းမှာ သွားကစားရမှာမို့ နှစ်သင်းစလုံးခြေကုန်ထုတ်ရမယ့်ပွဲပါပဲ။ လေဗာကူဆင်တို့ကလည်း အော့စ်ဘတ်ကွင်းမှာ သွားကစားရမှာမို့ အမှားအယွင်းမဖြစ်အောင် ကြိုးစားရမှာဖြစ်တာကြောင့် ရင်ခုန်စွာစောင့်ကြည့်ရမယ့်ပွဲအဖြစ် မြင်တွေ့ရပါဦးမယ်။**

### ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုရလဒ်ကို ကြည့်ရင် ဘိုင်ယန်မြူးနစ်က နှစ်ပွဲနိုင်ကာ သရေတစ်ပွဲ ဖြစ်ထားပါတယ်။ ဘိုင်ယန်မြူးနစ်ရဲ့ ကစားအားက လက်ရှိအချိန်မှာ အကောင်းဆုံးအနေအထားဖြစ်ပြီး တိုက်စစ်ရော၊ ခံစစ်ပိုင်းမှာပါ ဟန်ချက်ညီနေပါတယ်။ ဒေါ့မွန်တို့ကလည်း လောလောဆယ် နောက်ဆုံး ငါးပွဲမှာ ရှုံးပွဲမရှိအောင်ကစားထားနိုင်တာမို့ ဒီပွဲက နှစ်သင်းစလုံးအတွက် အရေးကြီးပြီး အတိမ်းအစောင်းမဖြစ်အောင် ထိန်းကစားကြမယ့်ပွဲပါ။ အစဉ်အလာအရ ဘိုင်ယန်မြူးနစ်တို့က အသာစီးရနိုင်ပေမယ့် သရေလည်း ကျသွားနိုင်တဲ့ပွဲပါပဲ။

### အော့စ်ဘတ်နှင့် လေဗာကူဆင်

အိမ်ကွင်းမှာ ရလဒ်တွေ ဆိုးရွားနေတဲ့ အော့စ်ဘတ်ကို လေဗာကူဆင်တို့ နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်သင်းဆုံတိုင်း သရေပွဲဖြစ်တာများပြီး အပြန်အလှန် ထိုးဖောက်မှုတွေနဲ့ ပြိုင်ဆိုင်နေတတ်တာကို ပွဲကောင်းအဖြစ် တွေ့ရမှာပါ။ လေဗာကူဆင်တို့က ဥရောပဝင်ခွင့်တစ်နေရာ သေချာအောင် ကြိုးစားနေတာမို့ အခုပွဲဟာ အိမ်ရှင်တို့ အမြင့်ဆုံးမျှော်လင့်နိုင်တာက တစ်မှတ်ဖြစ်ပြီး အနိုင်ဆိုတာ လေဗာကူဆင်တို့အတွက်ဖြစ်သွားပါလိမ့်မယ်။

### ဝုဖ်ဘတ်နှင့် ဂလာဘတ်

ဂလာဘတ်တို့ကလည်း ဒီနှစ်မှာ ဥရောပဝင်ခွင့်တစ်နေရာအတွက် ခိုင်မာအောင် ကြိုးစားမှာမို့ ဝုဖ်ဘတ်ရဲ့အိမ်ကွင်းမာကျောမှုကို ဘယ်လိုကျော်ဖြတ်မလဲ ကြည့်ရမှာပါ။ ဝုဖ်ဘတ်နဲ့ ဂလာဘတ်တို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုကို ကြည့်ရင် ဂလာဘတ်က နှစ်ပွဲနိုင်ပြီး ဝုဖ်ဘတ်တို့က တစ်ပွဲနိုင်ထားပါတယ်။ အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတတ်တဲ့ ဝုဖ်ဘတ်ကို ဂလာဘတ်တို့ အသာစီးက ကစားဖို့တော့ မလွယ်ပါဘူး။ အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်တဲ့ပွဲပါပဲ။

### ကိုလုံးနှင့် ရှော်လ်ကေး

ကိုလုံးရဲ့လက်ရှိခြေစွမ်းက အားရစရာတော့ မရှိပါဘူး၊ ဒါပေမယ့် ကိုလုံးရဲ့ တိုက်စစ်က မထက်မြတ်ပေမယ့် ခံစစ်မှူးတွေက အိမ်ကွင်းမှာ အမှားအယွင်းနည်းအောင် ကစားတတ်ကြတာမို့ ရှော်လ်ကေးတိုက်စစ်မှူးတွေ ဂိုးရဖို့ခက်ခဲနိုင်ပါတယ်။ ရှော်လ်ကေးတို့ကတော့ အဝေးကွင်းမှာ ရလဒ်ကောင်းအောင် ကစားနိုင်ပေမယ့် ခံစစ်ပိုင်းက စိတ်မချရပါဘူး။ ဒါပေမယ့် အဆုံးသတ် သေချာတဲ့ ရှော်လ်ကေးတိုက်စစ်မှူးတွေကိုပဲ ယုံကြည်မှုနဲ့ အားပေးရမှာဖြစ်ပါတယ်။

### ဖရန့်ဖတ်နှင့် အင်ဂိုစတတ်

နှစ်သင်းစလုံး ခြေရည်တူတာမို့ ဒီပွဲက ခက်ခဲတဲ့ ထိုးဖောက်ဂိုးသွင်းမှုတွေကို မြင်တွေ့ရပါလိမ့်မယ်။ ဖရန်ဖတ်တို့က တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ရုန်းကန်ရဖို့ရှိနေသလို အင်ဂိုစတတ်တို့ကလည်း အဝေးကွင်းမှာ ရှုံးပွဲများနေမှုကို ချေဖျက်နိုင်ဖို့ သက်သေပြရမယ့်ပွဲ ဖြစ်နေပါတယ်။ ဖရန့်ဖတ်တို့က အိမ်ကွင်းရော အဝေးကွင်းမှာပါ ခြေစွမ်းပျောက်ဆုံးနေပေမယ့် ဒီပွဲမှာ အကောင်းဆုံးပုံစံပြသပြီး အောင်ပွဲခံပါလိမ့်မယ်။

### စတုဂတ်နှင့် ဟော့ဖန်ဟိန်း

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှု ရလဒ်ကိုကြည့်ရင်တော့ ဟော့ဖန်ဟိန်းတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဘွန်ဒက်စ်လီဂါသမိုင်းမှာ ဒီနှစ်သင်းတွေ့ဆုံခဲ့မှု မှတ်တမ်းကို ကြည့်ရင် စတုဂတ်တို့က ခြောက်ပွဲနိုင်ပြီး ဟော့ဖန်ဟိန်းတို့က လေးပွဲနိုင်ကာ သရေငါးပွဲဖြစ်ထားပါတယ်။ လောလောဆယ် ခြေစွမ်းတက်နေတဲ့ အိမ်ရှင်ရဲ့နိုင်ပွဲအဖြစ် သတ်မှတ်ရမှာပါ။

### ဝါဒါဘရီမင်နှင့် ဟန်နိုဗာ

တစ်လှည့်စီအနိုင်ယူနေကြတဲ့ နှစ်သင်းဖြစ်ပြီး ဝါဒါဘရီမင်ရဲ့ လက်ရှိခြေစွမ်းကတော့ ရှုံးပွဲဆက်တိုက်ဖြစ်နေတာပါပဲ။ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ဟန်နိုဗာတို့ကလည်း တိုက်စစ်ဖွင့်ကစားဖို့ ခက်ခဲနေတာမို့ အခုပွဲမှာတော့ အိမ်ရှင်တိုက်စစ်မှူးတွေရဲ့ တွန်းအားတိုးအားတွေကြောင့် ဝါဒါဘရီမင် အလေးသာသွားနိုင်တာတော့ အမှန်ပါပဲ။ ။



## ချယ်လ်ဆီးကို ဇယားအလယ်ရောက်အောင် အစိကကူညီပေးခဲ့တဲ့ ကော်စတာ

ချယ်လ်ဆီးအသင်းကို မော်ရင်ဟိုက တန်းဆင်းဇုန်အထက် တစ်မှတ်အသာနဲ့ ထားခဲ့ရာမှ အခုအခါမှာတော့ နန်းပြဟစ်ဒင့်လက်ထက်မှာ ဇယားတစ်ဝက်ရောက်အောင် ပို့ပေးနိုင်ခဲ့ပြီလို့ ဆိုပါတယ်။ ဒီလိုကြိုးစားခဲ့တဲ့နေရာမှာ အဓိကအားဖြင့် ကော်စတာက ကူညီပေးခဲ့တာလို့ ဆိုပါတယ်။ မော်ရင်ဟို အလုပ်ဖြုတ်ခံလိုက်ရပြီးနောက် ကော်စတာနဲ့ကစားဖော်တွေဟာ အသင်းရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီး နိုင်ပွဲတွေစတင်ခဲ့တာဖြစ်နေပါတယ်။ နောက်ဆုံးပွဲအဖြစ် နော့ဝှစ်ချ်နဲ့ချယ်လ်ဆီးတို့ကစားခဲ့ရာမှာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပါတယ်။ ဒီပွဲမှာ ထူးခြားတာ တစ်ချက်ကတော့ ချယ်လ်ဆီးကစားသမား ကနေဒီက ပွဲချိန် ၃၉ စက္ကန့်အတွင်းမှာ ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့လို့ ဒီနှစ် ပရီမီယာလိဂ်မှာ အမြန်ဆုံးဂိုးသွင်းမှု စံချိန်တင်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ အနိုင်ဂိုးကတော့ ကော်စတာက ပထမပိုင်းလေလွင့်ချိန်မှာ သွင်းယူပေးနိုင်ခဲ့တာပါ။ မော်ရင်ဟို ထွက်သွားပြီးတဲ့နောက် ချယ်လ်ဆီးဟာ ၁၅ ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့တယ်လို့ ဆိုပါတယ်။ နည်းပြဟစ်ဒင့်ဟာ ချယ်လ်ဆီးကို ပရီမီယာလိဂ်မှာ ၁၁ ပွဲရှုံးနိမ့်မှုမရှိဘဲ ထိန်းထားနိုင်ခဲ့ပါတယ်။ ပွဲစဉ် ၂၈ အပြီး ချယ်လ်ဆီးက ဇယားနံပါတ် (၈ )အထိတက်လာနိုင်ခဲ့ပြီးဖြစ်ပါတယ်။

## လာမယ့်ရာသီမှာ မန်စီးတီးထက်သာတဲ့ ကစားသမားတွေနဲ့ တည်ဆောက်သွားမယ်ဆိုတဲ့ လီဗာပူး

လီဗာပူးအသင်းအနေနဲ့ လာမယ့်ရာသီမှာ မန်စီးတီးထက်သာတဲ့ ကစားသမားတွေနဲ့ တည်ဆောက်သွားမယ်လို့ နည်းပြ ဂျာဂျင်ကလော့က ကြွေးဝါးပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် ဂျာဂျင်ကလော့ရဲ့ ကစားသမားတွေဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲမှာ မန်စီးတီးကို ရှုံးနိမ့်သွားခဲ့ပါတယ်။ သူ့ကစားသမားတွေကို အရှုံးကို သင်ခန်းစာယူဖို့လည်း ဂျာမန်နည်းပြက တိုက်တွန်းလိုက်ပါတယ်။ ယခုနှစ် နွေရာသီမှာ အသင်းကို ပြန်လည်မတည်ဆောက်မီ ဖိအားပေးနေတာ ဖြစ်ပါတယ်။ နည်းပြ ဂျာဂျင်ကလော့အနေဖြင့်ကစားသမားကောင်းတွေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ စီစဉ်နေပါတယ်။ ဘင်တီကီ၊ ဂျိုးအောလင်း၊ မီနိုလက် အစရှိတဲ့ကစားသမားတွေနဲ့အတူ အကောင်းဆုံးအသင်းဖြစ်အောင် ပြင်ဆင်သွားဖို့ ရှိနေပါတယ်။ မာကိုဂရုဂျစ်၊ ဂျိုးမာတစ်တို့လို ကစားသမားသစ်တွေလည်း ထပ်မံခေါ်ယူသွားဖို့ ရှိနေပါတယ်။






## အာဆင်နယ် ပစ်မှတ်ထားနေတဲ့ ကစားသမားများ

အာဆင်နယ်အသင်းအနေနဲ့ ပိုမိုတောင့်တင်းတဲ့ အသင်းဖြစ်ဖို့ အော်ဘာမီရန်း၊ အိုဒီယမ်အီဂါလို၊ အင်န်ဂိုလိုကန်တီး အစရှိတဲ့ ကစားသမားတွေကို ခေါ်ယူသွားဖို့ စီစဉ်နေပါတယ်လို့ ဆိုပါတယ်။ နည်းပြဝင်းဂါးအနေနဲ့ ဗဟိုခံစစ်မှူး၊ ကွင်းလယ်ကစားသမားနဲ့ တိုက်စစ်မှူးတစ်ဦးစီ လိုအပ်နေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ လက်ရှိ အရန်ငွေကြေး ပေါင် ၁၃၅ သန်းရှိနေပြီး ပေါင်သန်း ၇၀ ထက်မနည်းသုံးစွဲကာ ကစားသမားသစ်တွေ ခေါ်ယူသွားမယ်လို့ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဂါဘွန်နိုင်ငံသားဒေါ့မွန်ကစားသမား အော်ဘာမီရန်းကို ပေါင်သန်း ၆၀ နဲ့ ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ အသက် ၂၆နှစ်အရွယ် ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီရန်းဟာ ၃၁ ပွဲမှာ ၂၉ ဂိုးသွင်းယူထားပါတယ်။ ဘင်ဇီမာနဲ့ လီဝမ်ဒေါ်စတီးတို့ကိုလည်း အာဆင်နယ်က ပစ်မှတ်ထားနေပါတယ်။ ဝက်ဖို့ဒ်ကစားသမား အီဂါလို၊ ဆောက်သမ်တန်မှ ဝါညာမာတို့ကိုလည်း ဝင်းဂါးက စောင့်ကြည့်နေပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာဖြေဆိုအောင်မြင်နိုင်ရေး

မောင်ခိုင်မာ(အထက်မင်းလှ)

မကြာမီ(မတ်လ ၉ ရက်နေ့မှစတင်၍) ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုကြရတော့မည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် စာသင်သားမောင်မယ်များအတွက် ဘဝလမ်းဆုံတစ်ခု ဖြစ်ပါသည်။ အခန့်မသင့်လျှင် လမ်းဆုံမှ လမ်းဆုံးဖြစ်သွားတတ်သည်။ ကာယကံရှင် စာသင်သားမောင်မယ်များသာမက မိဘဆရာများနှင့် နိုင်ငံတော်ကပါ တက္ကသိုလ်ဝင်စာမေးပွဲကို အလေးထားပါသည်။ အောင်ချက်မြင့်မားရေးနှင့် တစ်ဆက်တည်း ထူးချွန်ကျောင်းသား ကျောင်းသူများအား အထူးတလည် ဂုဏ်ပြုနေသည့် ပညာခေတ်တွင် တက္ကသိုလ်ဝင်စာမေးပွဲသည် အလွန်အရေးကြီးလှပါသည်။ သို့ဖြစ်ရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ထူးချွန်စွာဖြေဆိုအောင်မြင်နိုင်ရေးအတွက် တတ်အားသရွေ့အကြံပြုအပ်ပါသည်။

**ပတ်ဝန်းကျင်အနေအထားအယူ**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ရ ကျောင်းသူ ကျောင်းသားများအနေဖြင့် ကြိုတင်ပြင်ဆင်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ယခုကဲ့သို့ စာမေးပွဲဖြေဆိုကာလ နီးကပ်သည့်အချိန်တွင် စာကိုအာရုံစိုက်ကာ ကျက်၊ မှတ်၊ တွက်နေကြပြီဖြစ်ပါသည်။ ဤကာလတွင် အလှူခံမဏ္ဍပ်နှင့် ပွဲလမ်းသဘင်တို့မှ အသံချဲ့စက်၊ အိမ်နီးနားချင်းတို့၏ (တီဗွီ၊ ဗီဒီယို၊ စီဒီ)စသည်တို့ကို အသံကျယ်ကျယ်ဖွင့်လှစ်နေမှုများကို ကိုယ်ချင်းစာစိတ်ဖြင့် ဆင်ခြင်ကြဖို့လိုသကဲ့သို့ တာဝန်ရှိသူများကလည်း စည်းကမ်းဥပဒေနှင့်သော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်းညှိနှိုင်းတားမြစ်ပေးသင့်သည်။ တစ်ဆက်တည်းမှာပင် ကျောင်းသူ ကျောင်းသားများ၏ မိဘ၊ ညီအစ်ကို၊ မောင်နှမ စသည်တို့၏ စိတ်မချမ်းမြေ့ဖွယ်ရာ အိမ်တွင်း ရေးပြဿနာများ ရှိပါကလည်း ယခုလိုကာလမျိုးဝယ် သတိပြုဆင်ခြင်သင့်ပါသည်။

**ကျန်းမာရေး**

၂၀၁၆ ခုနှစ်သည် အယ်နီညိုရာသီဖြစ်စဉ်ကြောင့် အပူဆုံးနှစ်ဖြစ်မည်ဟု ပညာရှင်များက သတိပေးနေသည့်နှစ်ဖြစ်သည်ကို အထူးသတိပြုကြရပါမည်။ ရာသီဥတုကို သတိမထားဘဲ အနေအထိုင်အစားအသောက် မဆင်ခြင်ပါက ကြိုတင်ပြင်ဆင် အားခဲထားသမျှ အချည်းနှီးဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် နေကြရပါမည်။ ဝမ်းနုန်းစာ၊ ဗိုက်နာစာစသည်များကို ရှောင်ကြဉ်ကြရပါမည်။ ညဉ့်နက်ခံ၍ စာမကြည့်သင့်ပါ။ ညမအိပ်ချင်အောင် တရားမဝင်ဆေးဝါး မှီဝဲခြင်းများကိုကား လုံးဝမပြုသင့်ပါ။ စာစစ်ဌာနသို့ အသွားအပြန်တွင် ခြေကျင် သို့မဟုတ် မော်တော်ဆိုင်ကယ်များဖြင့်ဆိုပါက ဦးခေါင်းနေပူခြင်းကို ကာကွယ်နိုင်ရန် ခေါင်းဆောင်း၊ ထီးများ ပါရှိရပါမည်။ အိပ်ရေးဝအောင် အိပ်ကြရပါမည်။

**စာဖြေခန်း(စာစစ်ဌာန)သို့အသွား**

နံနက် ၉ နာရီမှ စတင်ဖြေဆိုရမည်ဖြစ်၍ နာရီဝက်ခန့်ကြိုတင်၍ စာစစ်ဌာနသို့ရောက်ရှိရပါမည်။ သို့အတွက် စာစစ်ဌာနသို့ သွားမည့်အစီအစဉ်(ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်)နှင့် အကွာအဝေးတို့ကို ခန့်မှန်းတွက်ချက်သွားသင့်ပါသည်။ အိမ်မှမထွက်ခွာမီ ဖြေဆိုခွင့်ကတ်ပြား၊ စာရေးကိရိယာ အစုံအလင်ပါ မပါ စစ်ဆေးယူဆောင်သွားရပါမည်။ စာဖြေခန်းသို့ရောက်သော် မိမိဖြေဆိုရမည့်အခန်းကို ရှာဖွေပါ။ ပထမ ခေါင်းလောင်းထိုးသည်နှင့် အဆင်သင့်ဖြစ်နေရပါမည်။ တောက်ပသစ်လွင်သော အဝတ်အစားများအစား ကျောင်းစိမ်းဝတ်စုံကိုသာ ဝတ်ဆင်သင့်ပါသည်။ အဝတ်အစားသည် ကျပ်ကျပ်တည်းတည်း မဖြစ်သင့်ပါ။ လက်အကွေးအဆန့်အဆင်ပြေမည့် အဝတ်အစားကိုသာ ဝတ်ဆင်သင့်ပါသည်။ အစာရေစာကို လွန်ကဲစွာစားသုံးသွားခြင်း မပြုသင့်ပါ။ ဖြေဆိုရမည့် နေ့ရက်နှင့် ဘာသာရပ် မလွဲပါစေနှင့်။ စာမေးပွဲအချိန်စာရင်းကို သတိထားပါ။

**စာဖြေတော့မည်**

အဖြေလွှာပေါ်တွင် သတ်မှတ်နေရာ၌ မိမိခုံအမှတ်ကို မှန်ကန်ပီသစွာရေးပါ။ တာဝန်ရှိသူများက ဖတ်ပြသော စည်းကမ်းချက်များအား နားထောင်ကြပါ။ မသမာသောနည်းဖြင့် မဖြေဆိုပါနှင့်။ မိမိက သူတစ်ပါးအား မေးမြန်းခြင်း၊ သူတစ်ပါးက မိမိအားမေးမြန်း၍ ပြောပြခြင်းတို့ မပြုမိပါစေနှင့်။ ဖြေဆိုခွင့် ပိတ်ပင်ခံရပါလိမ့်မည်။ မိမိဖြေဆိုရသောနေရာ ထိုင်ခုံ၊ ရေးခုံတို့သည် စာရေးရန်အတွက် အဆင်မပြေပါက အခန်းရှိဆရာ ဆရာမများအား တင်ပြ၍ လဲလှယ်ပေးရန် ခွင့်တောင်းခံပါ။ အပိုစာရွက်တောင်းပါက အဖြေလွှာတွင် ခုံနံပါတ်ရေးပြီး မူလအဖြေစာအုပ်နှင့်အတူ ချုပ်ပင် သို့မဟုတ် ပင်အပ်ဖြင့် သေချာစွာတွဲရန် အရေးကြီးပါသည်။

ရရှိလာသည့် မေးခွန်းကို သေချာစွာဖတ်ပါ။ မိမိပိုင်နိုင်သည့် အပုဒ်မှ စတင်ဖြေပါ။ ပထမဦးဆုံးဖြေဆိုသော ဖြေဆိုချက်သည် First Impression ဖြစ်၍ အရေးကြီးပါသည်။ မေးခွန်းနံပါတ် သေချာစွာတပ်ပါ။ တစ်ပုဒ်ပြီးတိုင်း မျဉ်းပိတ်ပါ။ သန့်ရှင်းသပ်ရပ်စွာ ဖြေဆိုပါ။ စာလုံးပေါင်းသတ်ပုံများ မှန်ကန်ပါစေ။ သင်္ချာပုဒ်စာများတွင် အဆင့်မကျော်ပါစေနှင့်။ ဘာသာရပ်အားလုံးကို ဖြေဆိုရာတွင် စိတ်ကို တည်ငြိမ်စွာထားပါ။ ပုစ္ဆာ၊ မေးခွန်းက တောင်းဆိုသည်ကို သေချာစွာဖြေ၍မရနိုင်သော မေးခွန်း၊ ပုစ္ဆာအတွက် အချိန်ကုန်မခံပါနှင့်။ နောက်မှပြန်ဖြေပါ။ ပုစ္ဆာ/မေးခွန်း မကျန်ပါစေနှင့်။ တတ်အားသရွေ့ဖြေဆိုပါ။ ပြန်လည်စစ်ဆေးရန် အချိန်ချန်ပြီး ပြန်လည်စစ်ဆေးပြီးမှ အဖြေလွှာအပ်ပါ။

**အောင်မြင်စွာဖြေဆိုနိုင်ရန်**

"ကြိုတင်ပြင်ဆင်အောင်ပွဲဝင်"ဟူသည့် အတိုင်း နှစ်စကပင် ဂရုတစိုက် ကျက်မှတ်လေ့ကျင့်ကြရပါမည်။ ခွင့်ပြုချိန်ကိုက် ဖြေဆိုနိုင်ရန် မေးခွန်းဟောင်းများနှင့် ဖြေဆိုလေ့ကျင့်ရပါမည်။ နေ့စဉ်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့တွင် တာဝန်ရှိသူ ဆရာကြီး ဆရာမကြီးများ ဟောပြောပို့ချသည့် ဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာ/ အထောက်အကူပြု သိကောင်းစရာများကို ထုတ်လွှင့်နေသည်ဖြစ်၍ ဂရုတစိုက် လိုက်နာမှတ်သားသင့်ပါသည်။

အချုပ်ဆိုရသော် စာသင်နှစ်တစ်နှစ်လုံး ကြိုးစားကျက်မှတ်ခဲ့သမျှကို အိတ်သွန်ဖာမှောက် ထူးချွန်စွာဖြေဆိုနိုင်စေရန်အတွက် အထက်ပါအချက်များကို ဂရုပြုသင့်ပါကြောင်းနှင့် ကျောင်းသား ကျောင်းသူမောင်မယ်များအနေဖြင့် မျှော်မှန်းသည့်အတိုင်း အခက်အခဲမရှိ ထူးချွန်စွာဖြေဆိုနိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

**၂၀၁၆ ခုနှစ်သည် အယ်နီညိုရာသီဖြစ်စဉ်ကြောင့် အပူဆုံးနှစ်ဖြစ်မည်ဟု ပညာရှင်များက သတိပေးနေသည့်နှစ်ဖြစ်သည်ကို အထူးသတိပြုကြရပါမည်။ ရာသီဥတုကို သတိမထားဘဲ အနေအထိုင် အစားအသောက် မဆင်ခြင်ပါက ကြိုတင်ပြင်ဆင် အားခဲထားသမျှ အချည်းနှီးဖြစ်သွားပါလိမ့်မည်. . .**

## အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**မတ္တရာ မတ် ၃**

အယ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် ရာသီဥတုပိုမိုပူပြင်းမည်ဖြစ်၍ စိုက်ပျိုးရေနှင့် သောက်သုံးရေအလေအလွင့်မရှိ အကျိုးရှိစွာ သုံးစွဲနိုင်ရေးနှင့် အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မတ် ၁ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က အယ်နီညိုရာသီဥတုကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲရေးအတွက် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲနိုင်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးသန်းထိန်က စိုက်ပျိုးရေပေးဝေနိုင်မည့် အခြေအနေနှင့် စိုက်ပျိုးရေအလေအလွင့်မရှိ အသုံးချနိုင်ရေး ဆောင်ရွက်မည့်အခြေနေများကိုလည်းကောင်း၊ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းမြင့်ထွန်းက ရေရရှိမှု အခြေအနေအပေါ် မူတည်၍ စိုက်ပျိုးသင့်သည့် သီးနှံများအကြောင်းကိုလည်းကောင်း ဆွေးနွေးသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကလည်း မြို့ပေါ်ရပ်ကွက်များတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးခဲ့ပြီး ကျေးလက်ဒေသတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် ရေအလေအလွင့်မရှိစေရေး ဆောင်ရွက်မည့် အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနွယ်က ဆွေးနွေးခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းလည်း အပူဒဏ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အပူချိန်များလာသည့်ရက်များတွင် အရေးပေါ် အပူလွန်ရောဂါ (Heat Stroke) ဖြစ်ပေါ်လာပါက ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ မြို့နယ်မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးညွန့်ဝင်းအောင်က မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## သတင်းတို

### ပုလဲသွယ်စပ်မျိုးစပါး စံပြကွက်ပျိုးထောင်

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စံပြကွက် ပျိုးထောင်ခြင်း သရုပ်ပြပွဲကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကုလားမျောရွာ၌ ပြုလုပ်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်နိုင်အေးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄) ချက်အကြောင်း ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဝန်ထမ်းများက ပျိုးထောင်မည့်လယ်ယာမြေတွင် မျိုးစေ့ချ စိုက်ပျိုး၍ လက်တွေ့ပြသခဲ့သည်။ ယခုနှစ်တွင် ကုလားမျောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ သစ်ဆုံးဆည် စိုက်ပျိုးရေဖြင့် နွေစပါးပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ရွှေပြည်သာသား ယာဉ်လိုင်းသစ် နှစ်လိုင်းစတင်ပြေးဆွဲ

**ရန်ကုန် မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှ ခရီးသည်တင်ယာဉ်လိုင်းကွန်ရက်မရောက်ရှိသေးသော ခရီးလမ်းကြောင်းဆီသို့ အများပြည်သူအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြောက်ပိုင်းခရိုင် မထသအောက်တွင် ရွှေပြည်သာမြို့နယ်မှ ယာဉ်ပိုင်ရှင်များ ပူးပေါင်းဖွဲ့စည်းတည်ထောင်ထားသော 'ရွှေပြည်သာသား' ယာဉ်လိုင်းခေါင်းစဉ်ဖြင့် ခရီးသည်တင်ယာဉ်လိုင်းသစ်နှစ်ခုကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က တိုးချဲ့ပြေးဆွဲနေပြီဖြစ်ကြောင်း ယာဉ်လိုင်းအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

ရွှေပြည်သာသား (၁)ခရီးစဉ်တွင် အမှတ်(၉)ရပ်ကွက် (၃)ထိပ်၊ နဝရတ်ဈေး၊ ထန်းခြောက်ပင်လမ်းဆုံ၊ ပုလဲလမ်း၊ ပြည်တော်သာကွေ့၊ အင်းစိန်၊ သမိုင်း၊ လှည်းတန်း၊ မြေနီကုန်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗိုလ်ချုပ်ဈေး၊ လသာအပေါ်လမ်းတို့ဖြစ်ပြီး၊ ရွှေပြည်သာသား(၂) ခရီးစဉ်တွင် လှော်ကားအောက်ဂိတ်၊ ဇာကွေ့၊ နဝရတ်ဈေး၊ ထန်းခြောက်ပင်လမ်းဆုံ၊ ရွှေပြည်သာကွေ့၊ တညင်းကုန်းလမ်းဆုံ၊ မင်္ဂလာဒုံခရေပင်လမ်းခွဲ၊ အောင်မင်္ဂလာအဝေးပြေးဂိတ်၊ မြောက်ဥက္ကလာပ၊ ဘုန်းကြီးလမ်း၊ သံသုမာလမ်း၊ သဃ်န်းကျွန်းစံပြဈေး၊ (၇၊၈) လမ်းဆုံ၊ ဒဂုံမြို့သစ်တောင်ပိုင်း ယဉ်ကျေးမှုတက္ကသိုလ်တို့ကို ခရီးသည်တိုက်ရိုက်ပို့ဆောင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"ယာဉ်လိုင်းက ပြေးဆွဲတာ သိပ်မကြာသေးတော့ လူသိနည်းသေးတယ်။ ခရီးသည်နည်းတယ်။ ကြာလာရင် စီးတဲ့လူများလာမှာပါ။ ဒီလိုပဲ စိတ်ရှည်ရှည်ထားပြီး ပြေးဆွဲပေးရမှာပေါ့"ဟု ရွှေပြည်သာသား (၁)ယာဉ်နောက်လိုက်တစ်ဦးက ပြောသည်။

"အရင်တုန်းကရွှေပြည်သာကနေ ရန်ကုန်ဆေးရုံကြီး၊ ဗိုလ်ချုပ်ဈေးတို့ကို တိုက်ရိုက် မရောက်တဲ့အခါကြာတော့ ခရီးထောက်တာပေါ့နော်။ အခုတလော အဲဒီအခက်အခဲတွေကို ရွှေပြည်သာသား(၁)ယာဉ်လိုင်းက ပြေးဆွဲပေးတော့ အဆင်ပြေတာပေါ့"ဟု ၄င်းခရီးစဉ်လိုက်ပါစီးနင်းသူ ခရီးသည်တစ်ဦးကပြောသည်။




အဆိုပါ ယာဉ်လိုင်းသစ်နှစ်ခုသည် နေ့စဉ် နံနက် ၅ နာရီမှ ည ၈ နာရီအထိ တစ်လိုင်းလျှင် ယာဉ်စီးရေ ၁၇ စီးတို့ဖြင့် တစ်စီးနှင့် တစ်စီး ၈ မိနစ်ခြားလျက် စဉ်ဆက်မပြတ် ခရီးသည်ပို့ဆောင်၍ ယာဉ်စီးခနှုန်းများကို တစ်ပိုင်းလျှင် ကျပ် ၅၀ ဖြင့် ကိုးပိုင်းခရီးစဉ် ၈/ဆုံး ကျပ် ၃၀၀ ဖြင့် အများပြည်သူထင်သာမြင်သာရှိစေရန် ယာဉ်များတွင် ကပ်ထားပြီး တစ်နေ့လျှင် ယာဉ်ပြေးဆွဲမှု အခေါက်ကြီး သုံးခေါက်၊ အခြမ်း ခြောက်ခြမ်းတို့ကို ဝန်ဆောင်မှု ပေးလျက်ရှိသည်ဟု သိရသည်။

"အခုမှ ပြေးဆွဲတဲ့ ယာဉ်လိုင်းသစ်ဆိုတော့ လူသိနည်းပြီး ခရီးသည်စီးနင်းမှု သိပ်မရသေးဘူး။ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေအတွက်လည်း ရငွေက တွက်ခြေမကိုက်ဘူးပေါ့။ ဒါပေမယ့်လည်း ကျွန်တော်တို့ ယာဉ်လိုင်းကို စီးတဲ့ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ၊ အလုပ်သမားတွေ ဟိုယခင်က တောင်ဒဂုံရောက်ဖို့ ယဉ်ကျေးမှုတက္ကသိုလ်ရောက်ဖို့ အခက်အခဲတွေကို ပြောပြပြီး ယခုယာဉ်လိုင်းပြေးဆွဲပေးတော့မှ အဆင်ပြေသွားကြောင်း သိရလို့ အနစ်အနာခံရတာ ကျေနပ်ပါတယ်"ဟု ရွှေပြည်သာသား (၂)ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ကျွန်တော်တို့ ယာဉ်လိုင်းသစ်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကမှ ဖွဲ့စည်းမှုကို အတည်ပြုရခဲ့တာပါ။ ရွှေပြည်သာမြို့နယ်ကနေ မသွားမဖြစ် အဓိကကျသော ကျောင်း၊ ဈေး၊ ဆေးရုံ၊ လုပ်ငန်းခွင် အစရှိတဲ့နေရာတွေကို ခရီးသွားပြည်သူတွေ အချိန်နှင့်တစ်ပြေးညီရောက်ရှိဖို့၊ စရိတ်ကုန်ကျမှု သက်သာစေဖို့အတွက် ယာဉ်လိုင်းတွေကို ဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမှာပါ။ ခရီးစဉ် တစ်လျှောက်မှာလည်း ခရီးသည်တွေ စိတ်အနှောင့်အယှက်ကင်းကင်းနှင့် သွားလာနိုင်ဖို့ မထသ (ဗဟို)မှ ထုတ်ပြန်ထားတဲ့ စည်းကမ်းချက် (၁၃၈)ချက်ကိုလည်း ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သိရှိပြီးဖြစ်ကြောင်း ခံဝန်ချက်လက်မှတ်ရေးထိုးထားပြီး ဆုပေးဒဏ်ပေးစနစ်ဖြင့် ဆောင်ရွက်သွားမှာပါ"ဟု ရွှေပြည်သာသား ယာဉ်လိုင်း အတွင်းရေးမှူးဦးအေးလွင်က ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**




ရှင်သာမဏေဓမ္မဗိမာန်
ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း

လူငယ်, လူရွယ်များ ဘာသာရေးအသိစိတ်ဓာတ် သိရှိမြင့်မားရေးအတွက် မင်္ဂလသုတ်အခြေပြု၍ ရတနာသုံးပါး ဂုဏ်တော်များအပါအဝင် သင်ကြားပို့ချပေးမည်။
သင်တန်းကာလ - ၂၀၁၆-ခု၊ မတ်လ (၁၂) ရက်မှ (၂၀)ရက်အထိ၊ (၉)ရက်။
သင်တန်းအချိန် - နံနက် (၈း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ၊
သင်တန်းဌာန - ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊
မူလတန်း၊ အလယ်တန်း ဖြေဆိုပြီး လူငယ်များ ဓမ္မဒါနတက်ရောက်နိုင်သည်။
ရှင်သာမဏေဓမ္မဗိမာန်သာသနာ့ဝန်ဆောင်အဖွဲ့. ဖုန်း - ၃၈၇၃၆၁

## (၁၇)ကြိမ်မြောက် ဗုဒ္ဓသစ္စာတရားစခန်းရှုမှတ်နည်းသင်တန်း

ဖားအောက်တောရဓမ္မအလင်းရောင် ဗုဒ္ဓသာသနာရိပ်သာ (ပေါင်မြို့နယ်)၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မပတိမှ ရှင်တော်ဗုဒ္ဓဟောညွှန်ပြသည့် သမထ၊ ဝိပဿနာတရားတော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလာရှိသည့်အတိုင်း မဂ္ဂင်ရှစ်ပါးစုံညီစွာဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ လက်တွေ့သိမြင်နိုင်စေရန် ဟောကြားဆုံးမတရားနည်းလမ်းပြသပေးမည်ဖြစ်၍ တရားတော်ကို လာရောက်နာကြား ကျင့်ကြံအားထုတ်နိုင်ကြပါရန် နိဗ္ဗာန်ရည်မှန်း၍ ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၉-၃-၂၀၁၆ရက်မှ ၂၃-၃-၂၀၁၆ရက်
**အချိန်** - နံနက် ၇း၃၀နာရီမှ ညနေ ၅း၀၀နာရီအထိ
**နေရာ** - ရွှေတိဂုံတောင်ဘက်မုခ် မြို့တော်စည်ပင်ဓမ္မာရုံ
**ဆက်သွယ်ရန်ဖုန်း** - ၀၉-၄၅၀၉၉၀၁၆၇၊ ၀၉-၆၄၅၁၅၁၇၊ ၀၉-၇၃၁၅၇၃၂၆၊ ၀၉-၅၁၄၉၉၉၅
**အလှူဒါယကာ** - ရဲမှူးကြီးသူရတင်လှငြိမ်း၊ ဒေါ်မြမြလွင် မိသားစု

ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)
၂၀၁၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်
ဂုဏ်ထူးဆု၊ ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနား

## ဖိတ်ကြားခြင်း

**အခမ်းအနားပြုလုပ်မည့်ရက်/အချိန်** - ၂၆-၃-၂၀၁၆ရက် (စနေနေ့) နံနက် ၁၀နာရီ
**အခမ်းအနားပြုလုပ်မည့်နေရာ** - M3 Food Center ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး

ဂုဏ်ထူးဆောင်နာယကကြီးများ၊ နာယကအဖွဲ့ဝင်များ၊ အသင်းဝင်များနှင့် မဝင်ရသေးသူများ (၇၅)နှစ်ပြည့်ပြီး ကန်တော့ခံများ၊ အသင်းဝင်များ၏ ၂၀၁၄-၂၀၁၅ ဂုဏ်ထူးဆု၊ ပညာသင်ဆုရရှိခဲ့သော သားသမီးများအားလုံး တက်ရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

ဂုဏ်ထူးရရှိသော အသင်းဝင်သားသမီးများသည် အမှတ်စာရင်းနှင့်အတူ ၁၇-၃-၂၀၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးကြပါရန် အသိပေးအပ်ပါသည်။ (အခမ်းအနားအတွက် လှူဒါန်းလိုသူများနှင့် စာရင်းပေးလိုသူများသည် အောက်ပါအမှုဆောင်များထံ ဆက်သွယ်သတင်းပို့ပါရန်)
**ဦးတင်ဝင်း ဖုန်း-၀၉-၅၀၃၀၂၈၈၊ ဦးညွန့်လှိုင် ဖုန်း-၀၉-၅၀၅၈၂၈၅၊**
**ဦးခေတ်မောင် ဖုန်း-၀၉-၅၄၁၀၈၃၂၊ ဦးခင်မောင်ကျော် ဖုန်း-၀၉-၅၁၃၈၅၀၁၊**
**ဒေါ်ခင်မြတ်သူ ဖုန်း-၀၉-၃၁၇၇၅၈၆၉**

**တစ်ဦးတည်း ဖြစ်ကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဘွဲ့ခြားကျေးရွာအုပ်စု၊ ရောက်ရှိးကျေးရွာနေ မအေးမိစံ၏ ဖခင်အမည်မှာ ဦးညွန့်စိန်(ခ)ဦးညွန့်ရှိန် ၉/သစန(နိုင်)၀၅၅၂၄၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## သွာနုတ္တသမီးအဖြစ်သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွေးကျေးရွာ၊ စပ်ကြားရပ်နေ ဦးစောဝင်းမောင် (ကွယ်လွန်) ဒေါ်တင်တင် ၅/မရန(နိုင်)၀၈၉၄၅၄၏သမီး မအေးမြတ်သူ ၅/မရန(နိုင်)၁၃၈၆၁၀သည်မိခင်နှင့်ဆွေမျိုးတို့၏ ဆိုဆုံးမစကားများကို နားမထောင်သည့်အပြင် မိခင်နှင့်ဆွေမျိုးများစိတ်ဆင်းရဲအောင် ပြုမူနေထိုင်ပြီး ၎င်း၏သဘောအလျောက်နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစပြီး မအေးမြတ်သူအပေါ် သွာနုတ္တသမီးအဖြစ် သတ်မှတ်၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူတော့ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်တင်တင် ၅/မရန(နိုင်)၀၈၉၄၅၄**



## စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် လုပ်ငန်းဌာနများအတွက် အောက်ဖော်ပြပါကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | မှတ်ချက် |
|---|---|---|
| (၁) | MOE/LP/COM/T/1 (2015-016)Computer (200 Nos) | Kyats |
| (၂) | MOE/LP/COM/T/2 (2015-016)Accessories (12 Items) | Kyats |
| | Printer၊ Copier၊ Scanner, Fax, Projector, Paper Shredder | |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၃-၂၀၁၆ ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၁-၃-၂၀၁၆ ရက်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၃-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၆)၊ စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်မည့်ရက်မှာ ၂၅-၃-၂၀၁၆ ရက် ၁၂:၀၀ နာရီနှင့် တင်ဒါဖွင့်မည့်ရက်မှာ ၂၅-၃-၂၀၁၆ ရက် ၁၃:၀၀ နာရီတို့ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၁၁၄၈၇၊ ၀၆၇-၄၁၁၃၂၃**

## ဈေးပြိုင်(အိတ်ပိတ်)လေလံခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်(အင်းလေးဒေသ) နိုင်ငံခြားသား ခရီးသွားဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်(အိတ်ပိတ်)လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ လေလံတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မှတ်ချက်** - ယခင်ဘဏ္ဍာရေးနှစ်များတွင် ငွေပေးသွင်းရန် ပျက်ကွက်ခဲ့သောလုပ်ငန်းရှင်များအား လေလံတင်သွင်းခြင်း လုံးဝခွင့်မပြု။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၁-၃-၂၀၁၆ ရက်မှ ၁၅-၃-၂၀၁၆ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူရန်)
**လေလံဖွင့်လှစ်မည့်ရက်** - ၂၀-၃-၂၀၁၆ ရက်
**လေလံဖွင့်မည့်အချိန်** - နံနက် ၁၀:၀၀ နာရီ
**လေလံဖွင့်မည့်နေရာ** - တောင်ကြီးမြို့၊ မြို့တော်ခန်းမ

အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဖုန်း-၀၈၁-၂၀၁၉၀၄ နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံး ဖုန်း-၀၈၁-၂၀၁၈၆၆တို့သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံခေါ်ယူရေးကော်မတီ**

## လေလံတင်ရောင်းချရန် ကြေညာခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ လားရှိုးခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ပါ ပုံစံ (၈)ဝင် သစ်ခွဲသား/တိုင်/မျော၊ အခြားသစ်တောထွက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ရှမ်းပြည်နယ်(လားရှိုး)၊ လားရှိုးခရိုင်၊ သစ်တောဦးစီးဌာန၌ ၁၄-၃-၂၀၁၆ ရက် နံနက် ၁၀:၀၀ နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ထင်းရှူးတိုင် | ၁၃၀ လုံး | |
| (ခ) | ထင်းရှူးတိုင် | ၂၀၈ လုံး | |
| (ဂ) | တမလန်းစားရွေ/တိုင် | ၃၉ တုံး/၁၇၉လုံး | ၁.၉၀၈၂ တန် |
| (ဃ) | တမလန်းစားရွေ | ၆၇ တုံး | ၁.၇၉၅၁ တန် |
| (င) | စကားဝါခွဲသား(ကြောင်အိမ်အပိုင်းအစ) | ၂၁ ချောင်း | ၀.၀၂၅၀ တန် |
| | ကျွန်းခွဲသား | ၁၀ ချောင်း | ၀.၀၂၈၂ တန် |
| | ခုတင်ခေါင်းရင်းပြား(ကျွန်း) | ၁ ချပ် | |
| | လျှပ်စစ်မော်တာ | ၁ လုံး | |
| | ၉" လွှဝိုင်း | ၁ ချပ် | |
| (စ) | ကျွန်းတံခါးရွက်ဆိုဒ်စုံ | ၁၀၇ ချပ် | ၂.၀၁၁၈ တန် |
| (ဆ) | မီးသွေး (၄၅)ပေါင်ဝင် | ၆၃ အိတ် | ၁၀.၀၈ တန် |
| (င) | ကျွန်းတံခါးရွက် | ၄၂ ချပ် | ၀.၄၂၀၀ တန် |

လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ လားရှိုးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၃-၃-၂၀၁၆ ရက်မှစ၍ ဖုန်း-၀၈၂-၂၃၀၂၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## အမှတ်(၁)အထပ်သားစက်ရုံ
## အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၁)အထပ်သားစက်ရုံရှိ သစ်မာအထပ်သားတတိယတန်းစား(ပယ်) ၁၂၁၉ ချပ်၊ ကျွန်းအထပ်သားဘမ်း(အကြမ်း) ၄၂၅ ချပ် နှင့် သစ်မာထင်း (၀၀)တန် ကိုအောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်ပါသည်။

(က)ရောင်းချမည့်နေ့ရက်နှင့်အချိန် -( ၉.၃.၂၀၁၆) နံနက် (၉:၃၀)နာရီ
(ခ)ရောင်းချမည့်နေရာ - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်)ရွှေတိဂုံဘုရားလမ်း

၂။ အသေးစိတ်အချက်အလက်များကို၊အမှတ်(၁) အထပ်သားစက်ရုံ၊ကြည့်မြင်တိုင်မြို့နယ်နှင့် မြန်မာ့သစ်လုပ်ငန်း၏ Web-site ဖြစ်သော www.myanmatimber.com.mmတွင်လည်းဝင်ရောက်ကြည့်ရှုရန် နှင့် ဖုန်း ၀၁-၅၃၄၇၉၅ တွင်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊သစ်အခြေခံစက်မှုလုပ်ငန်းဌာန

## အိမ်ခြံမြေ အမြန်ရောင်းမည်

ပေ 20x60 နှစ် (၆၀)ဂရန်မြေ (ကိုယ်ပိုင်)၊ သဃ်န်းကျွန်းမြို့နယ်
**ဖုန်း-၀၉-၄၉၂၈၁၈၄၀၊ ၀၉-၂၅၄၆၀၈၇၆၉၊ ၀၉-၄၂၀၇၂၀၅၈၁**

သိမ်း/ထုတ်/သွင်း
ဂိုဒေါင်ငှားမည်။
လ/န/မ- 50-20-15
**ဖုန်း-၀၉-၂၆၀၈၁၆၁၆၇၊ ၀၉-၂၅၄၆၀၈၇၆၉၊ သဃ်န်းကျွန်းမြို့နယ်**

## ဖမ်းဆီးရမိ ပုံစံ(၈)ဝင် သစ်လုံး/ခွဲသားများ၊ အခြားသစ်တောထွက်ပစ္စည်းများ၊ သစ်စက်အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများရောင်းချရန် လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင် သစ်လုံး/ခွဲသား၊ အခြားသစ်တောထွက်ပစ္စည်းများ၊ သစ်စက်အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများကို သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ကြီး)၊ ရတနာသစ်ခန်းမ၌ ၁၃-၃-၂၀၁၆ ရက် နံနက် ၁၀:၀၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မြို့နယ် | ကျွန်း | | သစ်မာ | | အခြား | | ဆက်စပ်ပစ္စည်းများ |
|---|---|---|---|---|---|---|---|---|
| | | လုံးတန် | ခွဲသားတန် | လုံးတန် | ခွဲသားတန် | လုံးတန် | ခွဲသားတန် | |
| ၁။ | တောင်ကြီး | - | ၁၉.၀၆၈၆ | ၁.၇၅၄၄ | ၁၃.၂၇၁၉ | - | - | ကျွန်းပြတင်းတံခါး (၃၄၀) ချပ်၊ ထင်းဘေးကာသား (၁၁.၀၈၈) တန်၊ ထင်းရှူးဆီခဲ (၅၃၂)ပိဿာ၊ လွှဝိုင်း (၁၂)ဝိုင်း၊ |
| ၂။ | ကလော | - | - | - | - | ၉၀.၃၆၆၉ | ၂၉.၀၅၉၄ | ချိပ် (၁၅၆၀) ပိဿာ၊ ဂမုန်းဖူး(၃၉၀) ပိဿာ၊ သစ်စက်အင်ဂျင် (၃) လုံး၊ ဆက်စပ်ပစ္စည်း (၄) မျိုး |
| ၃။ | ဆီဆိုင် | - | - | - | - | ၂.၆၆၂၀ | - | ကျွန်းတံခါးရွက် (၀.၁၈၉၈) တန်၊ သစ်စက်အင်ဂျင် (၂)လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ သစ်ယာဘေးကာသား (၀.၂၅) တန်၊ မီးသွေး (၁၁) တန်၊ |
| ၄။ | ရွာင် | - | - | - | - | ၈၈.၁၆၉၀ | ၆၀.၈၇၅၀ | မီးသွေး (၈၂.၄၀) တန် |
| ၅။ | ဖယ်ခုံ | - | - | - | - | - | ၃.၄၅၀၀ | |
| | စုစုပေါင်း | - | ၁၉.၀၆၈၆ | ၁.၇၅၄၄ | ၁၃.၂၇၁၉ | ၁၈၁.၁၉၇၉ | ၉၃.၃၈၄၄ | |

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာနတွင် ၁-၃-၂၀၁၆ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာန ဖုန်း-၀၈၁-၂၁၂၂၈၃၊ ၂၁၂၁၁၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## ပုံမှန်အခွန်ထမ်းဆောင်နေသူများ၊ အခြေခံဝင်ငွေနည်းပါးသူ ပြည်သူများအပေါ် ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ အခွန် ၅ဆတိုးမြှင့်ကျသင့်စေသည်မှာ မဟုတ်မှန်ကြောင်း အသိပေးရှင်းလင်းခြင်း

* ၁-၄-၂၀၁၆ရက်မှ စတင်အကျိုးသက်ရောက်မည့်၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် လစာဝင်ငွေမှ ဝင်ငွေကျပ် ၄၈သိန်းအထိ ရရှိသူများကို ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုထားပါသည်။

* လစာဝင်ငွေမှ ကျပ် ၄၈သိန်းအထက်ရရှိသူ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ဖြစ်သောဆရာဝန်၊ သူနာပြု၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ အနုပညာရှင်၊ စာရင်းကိုင်စသည့် မိမိကျွမ်းကျင်သည့် အတတ်ပညာဖြင့် လုပ်ကိုင်မှုမှ အခကြေးငွေရရှိသူ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၊ အထက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားများမှအပဖြစ်သည့် အခြားဝင်ငွေရလမ်းများမှ ဝင်ငွေရရှိသူ (ဥပမာ-တရားမဝင်ပစ္စည်းများ ဖမ်းဆီးရရှိမှုအတွက်ရရှိသည့်ဆုကြေး ရရှိသူ)၊ အခြေခံသမဝါယမအသင်းတို့အတွက် ကျသင့်မည့်အောက်ဖော်ပြပါ အခွန်နှုန်းများမှာ ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအတိုင်းဖြစ်၍ တိုးမြှင့်သတ်မှတ်ထားခြင်းမရှိပါ-

| ဝင်ငွေအလွှာ | | ငွေပမာဏ | နှုန်း | ကျသင့်အခွန် | အဆင့်ဆင့်ပေါင်း |
|---|---|---|---|---|---|
| မှ | ထိ | | | | |
| ၁ | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ | ၀% | - | - |
| ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၃၀၀၀၀၀၀ | ၅% | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၅၀၀၀၀၀၀ | ၁၀% | ၅၀၀၀၀၀ | ၆၅၀၀၀၀ |
| ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၁၅% | ၁၅၀၀၀၀၀ | ၂၁၅၀၀၀၀ |
| ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၁၀၀၀၀၀၀၀ | ၂၀% | ၂၀၀၀၀၀၀ | ၄၁၅၀၀၀၀ |
| ၃၀၀၀၀၀၀၁နှင့်အထက် | | | ၂၅% | | |

* ဖော်ပြပါအခွန်နှုန်းဖြင့် တွက်ချက်ခြင်းမပြုမီ ရရှိသောစုစုပေါင်းဝင်ငွေမှ နုတ်ပယ်ခွင့်ပြုသည့် အောက်ဖော်ပြပါ သက်သာခွင့်များမှာလည်း ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအတိုင်းပင်ဖြစ်ပါသည်။
  - * အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀%/ကျပ်သိန်း၁၀၀ထက်မပိုစေရ)
  - * အတူနေမိဘ(အတူနေသူ မိဘတစ်ဦးလျှင် ကျပ်၁၀သိန်း)
  - * အိမ်ထောင်ဖက်အတွက် သက်သာခွင့်(အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ်၁၀သိန်း)
  - * သားသမီးများအတွက် သက်သာခွင့်(သားသမီးတစ်ဦးလျှင် ကျပ် ၅သိန်း)

* ဖော်ပြပါ အခွန်နှုန်းများ၊ သက်သာခွင့်များအရ အိမ်ထောင်ဖက်မရှိသူ၊ မိဘများနှင့် အတူမနေသူတစ်ဦးအတွက်ဝင်ငွေနှစ်အတွင်း စုစုပေါင်းဝင်ငွေ ၂၅သိန်းဝင်ငွေရှိစေကာမူ အခြေခံသက်သာခွင့် ၂၀ရာခိုင်နှုန်းအဖြစ် ကျပ်ငါးသိန်းကို စုစုပေါင်းဝင်ငွေမှ နုတ်ပယ်ခွင့်ရရှိပြီး အခွန်နှုန်းတွင် ၁ ကျပ်မှ ကျပ်သိန်း ၂၀အထိ အခွန်နှုန်း သုညရာခိုင်နှုန်းဖြစ်သဖြင့် အခွန်ကျသင့်မည်မဟုတ်ပါ။

* ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ ထမ်းဆောင်ရမည့်အခွန်နှုန်း ၂၅ရာခိုင်နှုန်းမှာလည်း ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအတိုင်းပင်ဖြစ်ပါသည်။

* သို့ဖြစ်ပါ၍ ပုံမှန်အခွန်ထမ်းဆောင်နေသူများ၊ အခြေခံဝင်ငွေနည်းပါးသူ ပြည်သူများအတွက် အခွန်နှုန်းငါးဆတိုးမြှင့်ကောက်ခံမည်ဆိုသည်မှာ လုံးဝ(လုံးဝ)မဟုတ်မမှန်ပါ။

* ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၄တွင် အောက်ဖော်ပြပါအတိုင်း ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများရရှိရန် အသုံးပြုသည့် ငွေကြေးများအတွက် ဝင်ငွေရလမ်းရှင်းလင်းစွာ မတင်ပြနိုင်သူများ ထမ်းဆောင်ရမည့်အခွန်နှုန်းကို သတ်မှတ်ထားပါသည်-

| ဝင်ငွေ(ကျပ်) | | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| ၁ | - | ၃၀၀၀၀၀၀၀ | ၁၅ % |
| ၃၀၀၀၀၀၀၁ | - | ၁၀၀၀၀၀၀၀၀ | ၂၀ % |
| ၁၀၀၀၀၀၀၀၁ နှင့် အထက် | | | ၃၀ % |

* အထက်ဖော်ပြပါ အခွန်နှုန်းသည် ဝင်ငွေခွန်ထမ်းဆောင်ထိုက်သည့်ဝင်ငွေ ရရှိခဲ့ပါလျက် ဝင်ငွေခွန်မထမ်းဆောင်ခဲ့သူများ၊ ဝင်ငွေခွန်ထမ်းဆောင်ရန် ဝင်ငွေကို အပြည့်အဝဖော်ထုတ်ခြင်း မရှိခဲ့သူများ၊ ဝင်ငွေရလမ်းကို ရှင်းလင်းစွာ တင်ပြနိုင်ခြင်းမရှိသူများကို ပုံမှန်အခွန်ထမ်းဆောင်နေသူများ၊ အခွန်တာဝန် ကျေပွန်ပြီးသူများထက် ပိုမိုသော အခွန်နှုန်းဖြင့် ကျသင့်စေရန် သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## CLAIMS DAY NOTICE
## M.V LE MANS EXPRESS VOY:NO (1)

Consignees of cargo carried by M.V. LE MANS EXPRESS VOY:NO (1) are here by notified that the vessel will arrive on about 5-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အမည်မှန်

ဦးသိန်းသန်းထွန်း၏သမီး မိုးကောင်းမြို့၊ အထက(၁)၊ သတ္တမတန်း(E) မှ မရည်ချယ်ခွန်အောင်၏ အမည်မှန်မှာ မရေချယ်ခေါန်အောင် ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မဖန်ယုရီ (ခ) ဖြိုးဖြိုးဝေ ၁/မကန(ဧည့်)၀၀၁၉၁၇၏ ပတ်စ်ပို့အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၁၈၃၇၇၅၄**

## ဖခင်တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားတက္ကသိုလ်၊ နောက်ဆုံးနှစ် (သင်္ချာ)မေဂျာမှ မထုဆိုင်း ၁/မကန(နိုင်) ၂၁၃၀၅၉၏ဖခင် ဦးဒင်ဒွတ်ဂမ်(ခ) ဦးအင်ဒွတ်ဂမ် (MKA ၁၂၈၆၆၄) မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက (၁)၊ နဝမတန်း (C)တွင် (၂၀၁၅-၂၀၁၆) ပညာသင်ကြားနေသော မဆိုင်းထွယ်ရာ၏ ဖခင်အမည်မှန်မှာ ဦးဇိန်ထုံးဘရန်မိုင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်၊ နယ်မြေ(၂)၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ်(၂/၂၀၇) နေ ဒေါ်သန်းသန်းဌေး ၁၃/တကန(နိုင်)၁၇၆၈၁၂၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြည်(ခ) ဦးထွေးညွှန့်ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့၊ ဘုရားဖြူ(၂)ရပ်ကွက်၊ နယ်မြေ(၂)၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ်(၂/၂၀၇) နေ ဒေါ်သန်းသန်းဌေး ၁၃/တကန(နိုင်)၁၇၆၈၁၂ ၏ မွေးသက္ကရာဇ်မှန်မှာ ၁၅-၄-၁၉၆၄) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထကရွှေညောင်၊ နဝမတန်း(H)မှ မောင်အောင်ဌေးနှင့် သတ္တမတန်း(A)မှ မမိမိစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းငွေ ၁၃/ညရန(နိုင်)၀၇၉၁၈၅ ဖြစ်ပါကြောင်း။ **ဦးထွန်းငွေ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-၃၇ဃ/၆၇၉၂၈ ဟွန်ဒါ ဝေ့ဖ်၊ ယာဉ်လက်ဝယ်ရှိသူ မောင်ကြာပန်း ၁၃/ဟပန(နိုင်)၀၂၄၃၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## အမြန်ရောင်းမည်

အင်းစိန်မြို့နယ်၌ရှိသော (75'× 90') အိမ်နှင့်ခြံရောင်းမည်။
**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၇၉၅၂၈၄၃၀၀၊ ၀၉-၇၇၅၁၅၅၅၉၁၊ ၀၉-၅၀၆၁၅၀၇**

မြေညီ (သိန်း ၁၇၀၀) (၁၂½×၅၀)ပေ၊ ထပ်ခိုးပြည့် ၁၆၆၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
**ဖုန်း-၀၉-၇၉၉၆၈၄၇၂၂၊ ၂၉၄၃၉၂၊ ၂၉၄၃၆၄**

## မဟာတမန်တော်မြတ် မိုဟမ္မဒ်သခင်(ဆွ)နေ့ အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံ အဟ်မဒီယာမွတ်စလင်အဖွဲ့ချုပ်မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာတမန်တော်မြတ် မိုဟမ္မဒ်သခင်(ဆွ)နေ့အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**နေ့ရက်** - ၁၃-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် (၉း၀၀-၁၂း၀၀)နာရီ
**နေရာ** - မြန်မာနိုင်ငံဆရာဝန်များ အသင်းခန်းမ

လူဦးရေနှင့်နေရာ အကန့်အသတ်ရှိပါ၍ ဓမ္မမိတ်ဆွေများအနေဖြင့် ယခင်နှစ်များကဲ့သို့ အောက်ဖော်ပြပါလိပ်စာတွင် ဖိတ်စာလာရောက်ထုတ်ယူနိုင်ပါကြောင်း ခင်မင်လေးစားစွာ အသိပေးအပ်ပါသည်။

**အဟ်မဒီယာမွတ်စလင်အဖွဲ့ချုပ် “သတင်းကောင်းစာပေ”**
**အမှတ် ၁၉၁၊ ၂၈လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၅၂၈၉၄၊ ၀၉-၇၃၀၄၇၀၅၄၊ ၀၉-၇၃၀၉၀၀၃၇၊**
**၀၉-၂၅၇၁၂၇၈၂၆၊ ၀၉-၇၉၉၅၅၃၃၆၂**

## ကုန်သည်စက်မှုအသင်းချုပ် လစဉ်ပညာရှင်များ ဟောပြောပွဲကျင်းပခြင်း

ကုန်သည်စက်မှုအသင်းချုပ်၏ လစဉ်ပညာရှင်များဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဟောပြောမည့်ခေါင်းစဉ်** - "Data Revolution for Sustainable Development of Future Myanmar" (အနာဂတ်မြန်မာနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းအင်းပြုပြင်ပြောင်းလဲရေး)
**ဟောပြောမည့်ပုဂ္ဂိုလ်** - ဒေါက်တာလေးကြည် (ဒုတိယပါမောက္ခချုပ်၊ ငြိမ်း)၊ ဥက္ကဋ္ဌ (မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း)၊ ဦးရှုကြိန်၊ ဦးအေးလွင်၊ ဦးစောလှိုင်၊ ဦးရဲမင်းသောင်း
**ကျင်းပမည့်ရက်** - ၅-၃-၂၀၁၆ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂း၀၀နာရီ
**ကျင်းပမည့်နေရာ** - UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။

**ကုန်သည်စက်မှုအသင်းချုပ်**

## ချည်မျှင်နှင့်အထည်အလိပ် အမျိုးသားစီးပွားရေးကဏ္ဍ ဦးဆောင်သူများအသင်း အသင်းဝင်များ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ချည်မျှင်နှင့်အထည်အလိပ် စီးပွားရေးကဏ္ဍကြီးတိုးတက်ဖွံ့ဖြိုးလာရန် “ချည်မျှင်နှင့်အထည်အလိပ် အမျိုးသားစီးပွားရေးကဏ္ဍ ဦးဆောင်သူများအသင်း”ကို ဖွဲ့စည်းမည်ဖြစ်ပါသည်။ ဤအသင်းကြီး၏ ရည်ရွယ်ချက်မှာ-

၁။ တိုင်းပြည်ကိုအသိုက်အဝန်းနှင့်ချီ၍ ကြီးပွားတိုးတက်လာစေရေးအတွက် ပြည်ထောင်စုချစ်စိတ်ဖြင့် အကျိုးပြုသွားရန်။

၂။ ပြည်တွင်းပြည်ပ ဈေးကွက်အသစ်ဖော်ထုတ်ခြင်း၊ သတင်းအချက်အလက်များ မျှဝေခြင်း၊ အသင်းဝင်များ၏ လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ- နည်းပညာဆိုင်ရာ- လူ့စွမ်းအားရင်းမြစ်ဆိုင်ရာ စွမ်းရည်များကို လိုအပ်ချက်အလိုက် လက်တွေ့ကျကျ မြှင့်တင်ပေးသွားရန် ရည်ရွယ်သည်။ သို့ပါ၍ ဤစီးပွားရေးကဏ္ဍကြီးတွင် ကုန်ထုတ်ကဏ္ဍ၊ ကုန်သွယ်ကဏ္ဍ၊ ဝန်ဆောင်ကဏ္ဍ၊ နည်းပညာကဏ္ဍမှ လုပ်ငန်းရှင်များသာမက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ ဦးဆောင်သူများအား မိမိတို့အသီးသီး၏ အသိအမြင်ပညာများဖြင့် အသင်းဝင်ကာ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိသူများနှင့် စိတ်ပါဝင်စားသူများသည် အောက်ပါရုံးအဖွဲ့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လိပ်စာ** ။ ။ အခန်း (၄၀၃)၊ တိုက်(C)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** ။ ။ ၀၉-၄၅၂၄၁၀၃၃၅၊ ၀၉-၄၅၂၄၁၀၃၃၆
**အီးမေးလ်** ။ ။ atce.myan@gmail.com

## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ မိုင်းဆတ်မြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် တရုတ်နိုင်ငံထုတ် GREMAX ကားတာယာ ၁၀-၀၀-၂၀ (၅)လုံးအား အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၇-၃-၂၀၁၆ရက် (တနင်္လာနေ့)
(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀နာရီ
(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ မိုင်းဆတ်မြို့။

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ မိုင်းဆတ်မြို့ ဖုန်း-၀၈၄-၆၀၁၇၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## ၂၀၁၆ခုနှစ် (တတိယအကြိမ်မြောက်)အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ
## အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း မင်္ဂလာဒုံမြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ/ဆရာမများအား ပူဇော်ကန်တော့ပွဲနှင့်ကျောင်းသား/ကျောင်းသူဟောင်းများတွေ့ဆုံပွဲ

အချိန် - နံနက် (၈)နာရီမှ နေ့လည် (၁၂)နာရီထိ
နေ့ရက် - ၃-၄-၂၀၁၆(တနင်္ဂနွေနေ့)
နေရာ - အ. လ. က(၅)မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

၌ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြမည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျောင်းသား/ကျောင်းသူဟောင်းများလည်း စုံညီစွာတက်ရောက်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

ဆက်သွယ်ရန် - ဆရာမဒေါ်ဒေါ်လီ (၀၉-၂၅၄၃၇၆၀၃၆)၊ ဒေါ်မြင့်မြင့်သန်း (၀၉-၃၁၁၂၇၀၉၅)၊ ကိုစည်သူအောင် (၀၉-၄၂၀၇၀၁၁၃၈)၊ ကိုမင်းမော်ဟိန်း (၀၉-၂၅၄၈၈၈၀၀၇)၊ ကိုအောင်ခင်စိုး (၀၉-၄၂၈၂၀၂၄၂၄)၊ ကိုအောင်ကိုကိုဦး (၀၉-၄၂၀၀၀၅၄၂၈)၊ မစိုးစိုးရီ (၀၉-၄၂၀၁၂၁၈၅၄)၊ မခင်နှင်းကြူ (၀၉-၇၈၁၉၃၂၂၄၆)

မှတ်ချက် - ၂၀-၃-၂၀၁၆ နေ့တွင် အစည်းအဝေး Final ပြုလုပ်မည်ဖြစ်ပါ၍ နံနက် (၁၀)နာရီတွင် လ.၅ အစည်းအဝေးခန်းမသို့ ကျောင်းသား/ကျောင်းသူများ မဖြစ်မနေတက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

## တိုက်ခန်း ရောင်းရန်ရှိသည်

-၅၁လမ်း × သုခလမ်းထောင့်၊ လှိုင်မြို့နယ် ၂၈ပေ × ၅၅ပေ၊ ကိုယ်ပိုင်လှေကား၊ ထောင့်ခန်း ထပ်ခိုးပါ 1 MBR, 2 BR, 1 Dining, 1 Living, ပါကေး၊ ကြွေပြားကပ်၊ အသင့်နေနိုင်၊ ခြောက်ထပ်၊ ရွှေတိဂုံဘုရားရှုခင်းကောင်း။

**ဖုန်း-၀၉-၅၁၄၁၉၁၅၊ ၀၉-၃၁၀၄၇၇၁၀**

## ပျောက်ဆုံးကြောင်း

Kabaw Nay Oo Trading Company Limited ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ထ.သ.က အမှတ် - 32126) သည် ပျောက်ဆုံးသွားပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော်ထွန်းဝေ (ဘ)ဦးဟန်တင် ၉/ပမန(နိုင်)၀၈၄၀၁၈ ၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ထွန်းဝေ**
**ဖုန်း-၀၉-၇၉၇၈၉၀၅၀၄**

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)
## အမှတ် ၅၉/၆၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
## နှိုးဆော်စာ

၁။ ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုနှင့် ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသောကုမ္ပဏီများအနက် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)တို့တွင် အခွန်စည်းကြပ်မှုခံယူနေသည့် ကုမ္ပဏီများမှအပ ကျန်ကုမ္ပဏီများ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဖွဲ့စည်းတည်ထောင်သည့် ကုမ္ပဏီအသစ်များအပါအဝင်) အနေဖြင့် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)နှင့် ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)တို့အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ဝင်ငွေရရှိခဲ့သောကုမ္ပဏီများအနေဖြင့် ရရှိသောဝင်ငွေအပေါ်တွင် ကျသင့်သောကြိုတင်ခွန်များကို ၃၁-၃-၂၀၁၆ရက်မတိုင်မီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)သို့ လာရောက်ပေးသွင်းရန်၊

(ခ) ဝင်ငွေခွန် ဥပဒေပုဒ်မ ၅၃နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၄နှင့် ၁၇တို့အရ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂)၌ စည်းကြပ်တောင်းခံထားသောအခွန်ငွေများကို ၃၁-၃-၂၀၁၆ ရက်မတိုင်မီ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂)သို့ လာရောက်ပေးသွင်းရန်၊

(ဂ) ကုမ္ပဏီများ၏ နှစ်အဆက်ဆက် အခွန်ကြွေးကျန်များကို နှိုးဆော်စာများ အကြိမ်ကြိမ် ထုတ်ဆင့်တောင်းခံခဲ့ပြီး ယခုအခါ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ် ကွင်းဆင်းကောက်ခံရေးအဖွဲ့မှ ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အခွန်ကြွေးများကို ကွင်းဆင်းကောက်ခံလျက်ရှိပါ၍ ပေးသွင်းရန်ကျန်ရှိနေသော အခွန်ကြွေးများကို ကွင်းဆင်းကောက်ခံရေးအဖွဲ့ထံ အချိန်မီ ပေးသွင်းကြပါရန်နှင့် လာရောက်ဆက်သွယ်ခြင်းမရှိသေးသော ကုမ္ပဏီများအနေဖြင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)သို့ လာရောက်ဆက်သွယ်ပြီး အခွန်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၂။ သတ်မှတ်ကာလကုန်ဆုံးပြီးနောက် ဖော်ပြပါအခွန်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် ဆက်လက်ပျက်ကွက်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရလည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)တို့အရလည်းကောင်း ဒဏ်တပ်ရိုက်ခြင်းအရ ကောက်ခံမှုဖွင့်လှစ်ခြင်းနှင့် ကုမ္ပဏီပိုင်ပုံသေပိုင်ပစ္စည်းများအား လေလံတင်ရောင်းချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဌာနမှူး**
**အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)**




## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးကိုဝေဖြိုး ၃/မဝတ(နိုင်) ၀၃၁၁၈၈ ပိုင်ဆိုင်သော Greater Delta Force Co.,Ltd. မှုရင်းလိုင်စင် သကြားသွင်းကုန်/ပို့ကုန်လိုင်စင်အမှတ် (WQIL 315-16021) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၇၉၀၆၀၁

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဘိုသန်းနိုင် ၈/တတက(နိုင်)၁၅၁၀၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **မောင်ဘိုသန်းနိုင်**

**ဖုန်း-၀၉-၇၇၇၆၇၃၆၅၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ)၊ မြေကွက်အမှတ် (၁၆၆/ခ)(၂၀'×၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၆၆/ခ)၊ ရွှေဝါ(၂)လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်(ဦးတင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ထံမှ နှစ်ဦးသဘောတူ မြေအပြီးအပိုင် အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဦးမျိုးမင်းအောင် ၁၂/ကမတ(နိုင်)၀၄၇၇၇၈မှ ပါမစ်မူရင်းမှာ ခရီးသွားရာမှ အထားမှားမေ့ကျန်ပြီး ပျောက်ဆုံးသွားပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တင်ပြပြီး ပါမစ်မူရင်းပျောက်ဆုံးဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၅-၂-၂၀၁၆ ရက် ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာပါ ဒေါ်ခင်ချိုဦး၏ရှေ့နေမှ သိရှိစေရန်ကြော်ငြာစာနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းသတိပေးကြော်ငြာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့တွင်နေထိုင်သော ဦးမျိုးသန့်နိုင် ၇/ပတတ(နိုင်) ၀၇၅၈၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းသတိပေး ကြော်ငြာအပ်ပါသည်။

၁။ ဦးမျိုးသန့်နိုင်နှင့်ဒေါ်ခင်ချိုဦးတို့သည် ၁၉-၁-၂၀၁၂ရက်တွင် စင်ကာပူနိုင်ငံ၌ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားပြီးပေါင်းသင်းနေထိုင်ခဲ့သော်လည်း ဒေါ်ခင်ချိုဦးမှ မြန်မာ့ဓလေ့ထုံးတမ်းနှင့်မညီညွတ်သော၊ မသင့်တင့်သောနေထိုင်ပြုမူမှုများ ပြုလုပ်လာပါသဖြင့် ဦးမျိုးသန့်နိုင်မှ သဘောမကျ၍ လင်မယားကွာရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ဒေါ်ခင်ချိုဦးမှ လက်မခံဘဲ ဦးမျိုးသန့်နိုင် မကြိုက်သောအပြုအမူများကို ဆက်လက်ဆောက်ရွက်နေ၍ ဒေါ်ခင်ချိုဦးအပေါ် ဆက်လက်ပေါင်းသင်းရန် စိတ်ကုန်ခဲ့ပါသည်။

၂။ ထို့ကြောင့် ဦးမျိုးသန့်နိုင်သည် ၁၂-၄-၂၀၁၅ ရက်တွင် မြန်မာပြည်သို့ ပြန်ရောက်သောအခါ မမေဇင်မင်းဆိုသူနှင့် ၁၈-၄-၂၀၁၅ရက်တွင် သက်သေလူကြီးများရှေ့မှောက်၌ တရားဝင်ထိမ်းမြားလက်ထပ်စာချုပ်ပြုလုပ်၍ နှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် မမေဇင်မင်းနှင့်သာ ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။

၃။ ၎င်းနောက် ဦးမျိုးသန့်နိုင်သည် စင်ကာပူနိုင်ငံသို့ထပ်မံပြန်သွားရ၍ အကြောင်းအမျိုးမျိုးကြောင့် ၂၅-၁၂-၂၀၁၅ ရက်မှသာ မမေဇင်မင်းနှင့် ပေါင်းသင်းနေထိုင်မှုအတွက် မင်္ဂလာဆွမ်းကျွေးပြုလုပ်ခဲ့ရပါသည်။

၄။ ထို့ကြောင့် ဦးမျိုးသန့်နိုင်သည် မမေဇင်မင်းအား ၁၈-၄-၂၀၁၅ရက်ကတည်းက လူသိရှင်ကြား တရားဝင်လက်ထပ်ယူထားပါသောကြောင့် ၂၀၁၅ခုနှစ် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်း ဥပဒေထုတ်ပြန်ခြင်းမပြုမီကတည်းက ပေါင်းသင်းနေထိုင်လာခြင်းဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ဒေါ်ခင်ချိုဦးသည် ဦးမျိုးသန့်နိုင်အား မမှန်မကန်စွပ်စွဲမှုများ ပြုလုပ်ပြီးကြော်ငြာခြင်းဖြစ်၍ နောက်တစ်ကြိမ်ထပ်မံပြီး ပြုမူဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း သတိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်စင် LL.B အထက်တန်းရှေ့နေ**
**အမှတ်စဉ်(၁၄၃၄၂) ပြည်ရတနာလမ်း၊ ရွာဘဲရပ်၊ ပြည်မြို့၊ ဖုန်း-၀၉-၄၃၀၈၄၇၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် (၄၆၂/က)အကျယ်အဝန်း(၂၀'×၆၀')ဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်နေထိုင်ကြောင်း ထုတ်ဖော်ကြေညာဝန်ခံသူ ဒေါ်အုန်းမြင့် ၁၂/မဂတ(နိုင်)၀၄၁၃၉၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူနိုင်ရန်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဝတ်ရည် LL.B, D.B.L.,D.M.L**
**အထက်တန်းရှေ့နေ**
**အမှတ် ၄၅၇၊ ခြောက်လွှာ (B)၊ ကျိုက္ကဆံလမ်းမကြီး၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၄၂၈၂၅၊ ၀၉-၉၇၅၂၀၅၈၂၈**

**ဦးဇာနည်အောင် ၁၂/မဂတ(နိုင်)၁၀၄၁၉၈ ရတနာအောင်ဆောက်လုပ်ရေး၊ အမှတ် (၇၂)၊ (၁၂၄) လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နှင့်**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့အား အရေးအခွင့်လွှဲအပ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆမားဒူးဝါးရပ်ကွက်၊ ဆမားဒူးဝါးအပိုင်း (၄)၊ အမှတ်(၅၉)နေ ဦးစံသိန်း ၁၂/ဆကခ(နိုင်)၀၁၄၂၇၃၏ ညွှန်ကြားချက်အရ ဦးဇာနည်အောင် ၁၂/မဂတ (နိုင်) ၁၀၄၁၉၈ နှင့် အများသိစေရန်ကြေညာအပ်သည်မှာ လူကြီးမင်း ဦးဇာနည်အောင်သည် မြေတိုင်းရပ်ကွက်အမှတ် (၂)၊ လူနေရပ်ကွက်အမှတ် (နွယ်အေး)၊ မြေကွက်အမှတ် (၃၂)၊ အမှတ် (၃၃၂)၊ ခေမာသွယ် (၅)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂၅×၅၀)ပေအကျယ်ရှိ နှစ်၆၀ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် (၁၂ပေခွဲ×ပေ၅၀)အကျယ်ရှိ နှစ်ခန်းတွဲ၊ (၅)ထပ် (သို့မဟုတ်) (၆)ထပ်တိုက်(အာစီ)အဆောက်အအုံ၏ (၃/၄/၅-လွှာ)(မျက်နှာမူ-ဘယ်)တိုက်ခန်း (၃)ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစံသိန်းထံသို့ ကြိုပွိုင့်စနစ်ဖြင့် ၁၂-၆-၂၀၁၄ ရက်က ကာလတန်ဖိုးငွေကျပ်သိန်း ၅၃၀ဖြင့်ရောင်းချကြောင်း ပဋိညာဉ်ပြုသဘောတူညီခဲ့ကြပြီးလျှင် ကြိုတင်စရန်ငွေအဖြစ် အဆိုပါ ၁၂-၆-၂၀၁၄ရက်မှာပင် စရန်ငွေကျပ်သိန်း ၃၅၀အား ကတိစာချုပ်ပြုလုပ်ပြီး အသိသက်သေများရှေ့တွင် လက်ခံရယူသွားခဲ့ပါသည်။

သို့သော် လူကြီးမင်းသည် အဆိုပါမြေကွက်ပေါ်၌ မည်သည့်တိုက်ခန်းမျှ ယနေ့အချိန်ထိ ဆောက်လုပ်ခြင်းမရှိသည့်အပြင် ဦးစံသိန်းကိုလည်း အတွေ့မခံ တိမ်းရှောင်လျက်ရှိနေပါသည်။ ထို့ကြောင့် လူကြီးမင်းနှင့်ဦးစံသိန်းတို့ နှစ်ဦးသဘောတူ ချုပ်ဆိုထားသော ၁၂-၆-၂၀၁၄ ရက်စွဲပါ စာချုပ်ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် လူကြီးမင်း၌ မလွဲမသွေတာဝန်ရှိနေပါသည်။ သို့ပါ၍ ၁၂-၆-၂၀၁၄ ရက်စွဲပါ ကတိစာချုပ်တွင် ညွှန်ပြပါရှိသည့်အတိုင်း လူကြီးမင်းဘက်မှ စတင်ပျက်ကွက်ခြင်းဖြစ်သည့်အတွက် ကြိုတင်စရန်ငွေနှင့် စရန်ငွေ၏နှစ်ဆဖြစ်သော ငွေကျပ်သိန်း (၁၀၅၀)အား ၁၅-၃-၂၀၁၆ ရက် နောက်ဆုံးထား၍ ဦးစံသိန်းထံသို့ တစ်လုံးတစ်ခဲတည်း မပျက်မကွက်ပေးအပ်စေရန် အသိပေး တောင်းဆိုအပ်ပါသည်။ အကယ်၍ ပျက်ကွက်ပါက တည်ဆဲဥပဒေများဖြင့် တရားစွဲဆိုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း လူကြီးမင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ယုံမှတ်လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိန်လှထွန်း** | **ဦးသန်းဆွေ** |
| **H.G.P, LL.B, D.B.L, D.M.L** | **LL.B (ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၂၁)** | **အထက်တန်းရှေ့နေ (စဉ်-၂၉၂၈၃)** |
| **ဖုန်း-၀၉-၄၂၀၀၃၇၅၃၁** | **ဖုန်း-၀၉-၇၈၈၆၂၉၀၆၇** |

**အမှတ် (၁၃၆/၁၃၈)၊ အခန်း (၄၀၁)၊ ငါးလွှာ (ဝဲ)၊ (၃၉)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၈)ရပ်ကွက်၊ စေတနာလမ်း၊ ပထမထပ်၊ အမှတ် (၁)တွင် တည်ရှိသော HENGJI INTERNATIONAL (Manmar) Co.,Ltd. သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၄၉၂/၂၀၁၅-၂၀၁၆(ရက)ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီဖြစ်ပြီး အောက်ဖော်ပြပါ လုပ်ငန်းတံဆိပ်ကို ၁၄-၁-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ် ၄၄၆/၂၀၁၆ အရ ကုမ္ပဏီလုပ်ငန်းတံဆိပ်အဖြစ် မှတ်ပုံတင်ပြီးဖြစ်ပါသည်။

HENGJI INTERNATIONAL (Myanmar) Co.,Ltd

**စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် -၄၄၆/၂၀၁၆**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် သယ်သူပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းများ၊ လုပ်ငန်းစီမံခန့်ခွဲခြင်း၊ လုပ်ငန်းအုပ်ချုပ်ခြင်း၊ ရုံးလုပ်ငန်းဖွဲ့စည်းခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများအသီးသီးတွင် အသုံးပြုသွားမည့်အပြင် ယင်းတံဆိပ်အမှတ်အသားဖြင့် စက္ကူအိတ်/ကြိုးဆွဲအိတ်၊ Guarantee Seal၊ ပါကင်တိပ်၊ ပလတ်စတစ်အိတ်၊ လည်သာအိတ်အမျိုးမျိုးတို့ပေါ်တွင် အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး ပြုလုပ်ပြီး ဖိနှိပ်၍သော်လည်းကောင်း၊ ရိုက်နှိပ်၍သော်လည်းကောင်း၊ ကပ်နှိပ်၍သော်လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍သော်လည်းကောင်း၊ ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုသွားမည့်အပြင် တုပပြုလုပ်ထားသည့် လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတိုးဝေမြင့် (အထက်တန်းရှေ့နေ) (စဉ်-၃၁၀၉၉)**
**ရုံး-အမှတ် (၅၁၂)၊ ငါးလွှာ၊ MGW Tower၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၇၀၅၇၁**

## ဒေါ်ခိုင်ပွင့်ပွင့်ခိုင်နှင့် အများသိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၂၉၇/၃၀၁)ရှိ Yadana Shwe Pyi Co.,Ltd. ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံပတ်လမ်း၊ အမှတ် ၁၅၇နေ ဒေါ်ခိုင်ပွင့်ပွင့်ခိုင် ၁၂/မရက(နိုင်) ၁၃၇၈၅၇ ကိုင်ဆောင်သူက ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၄ရက်စွဲဖြင့် (5G/9607) Saloon Nissan Tidalatio (Chassis No-SC11-106508) အဖြူရောင်မော်တော်ယာဉ်အား ယုံကြည်စိတ်ချစွာဖြင့် ငှားရမ်းသွားပြီး ယနေ့အထိလာရောက်ဆက်သွယ်ခြင်းမရှိပါသဖြင့် အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်၍ ငှားရမ်းသူဒေါ်ခိုင်ပွင့်ပွင့်ခိုင်နှင့် လက်ဝယ်တွင်ထားရှိသူတို့မှ အမြန်ဆုံးလာရောက်ဆက်သွယ်ရန် အကြောင်းကြားအပ်ပါသည်။ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို**
**အထက်တန်းရှေ့နေ (စဉ်-၃၂၆၆၀)**
**အမှတ် (၂၉၅/၃၀၁)၊ အနော်ရထာလမ်း၊**
**(၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၀၂၁၆၃၇၊ ၀၁-၂၅၃၉၈၁၊ ၀၁-၂၅၃၆၂၉၊ ၀၁-၂၅၄၀၈၇**

၂၀၁၆ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက် . . .

"ဖြေဆိုချိန် (၃) နာရီအတွင်း မေးခွန်းတစ်ပုဒ်ချင်းစီကို အချိန်မှန်ကန်စွာ ခွဲဝေသတ်မှတ်ပြီး အောင်ပန်းတွေဆွတ်ခူးနိုင်ဖို့ လက်ပတ်နာရီတစ်လုံးတော့ လိုအပ်တယ်"

Exam Discount
All Watches [15%] Off
FEB 23 - MAR 8

မှတ်ချက်။ ။ စာမေးပွဲဖြေဆိုခွင့်ကဒ်မိတ္တူ (သို့) ကျောင်းသားကဒ်မိတ္တူ ဖြင့် ဝယ်ယူနိုင်ပါသည်။

နာရီဆိုလျှင် ချယ်ရီဦး
https://www.facebook.com/cherryoowatchgallery/
CONTACT : 09-73022248

သာသနာ့အမွေခံယူဖို့
မြတ်စေတနာ သင်္ကန်းပရိက္ခရာ ဝယ်ယူလှူဒါန်းကြပါစို့။
ပင်ရင်း–လောကာနန္ဒာ လမ်းဆုံအနီး၊စစ်တွေမြို့၊
ဖုန်း–၀၉–၃၆၁၇၃၄၆၈

23 မဆလာ (ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ကဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ဝါးတပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆




ညှော့ဝတ်ပျူငှာ တို့ မြန်မာ

ရွှေကျီးသာရင် ရွှေညှော့သည်တွေလာတယ်လို့ ယုံကြည်တတ်တာက မြန်မာလူမျိုးများရဲ့ဓလေ့ပါ။
ညှော့သည်လာရင် ညှော့ဝတ်ကျေတတ်တာလည်း မြန်မာ့ဓလေ့တစ်ခုပါပဲ။
ကျွန်မတို့ရဲ့ညှော့ကောင်းဆောင်ကောင်း တွေကို မြန်မာ့လက်ဖက်ရည် ရသာစစ်
**Royal Myanmar Tea Mix** နဲ့ညှော့ခံလိုက်ပါ။

www.facebook.com/RoyalMyanmarTea

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း (၂)လမ်း၊ ဧရိယာ ၀ဒသမ၀၅၅ကေရှိ မြေကွက်အမှတ် ၁၄၅၅ကို ဦးမိုးပိုင်စိုး (ဘ)ဦးစိုးလွင် ၉/ပမန(နိုင်)၁၂၂၆၁၉ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ၃၁-၈-၂၀၁၂ရက်စွဲပါ စာအမှတ် ၅၄၂/၁၈-၁/နပတ မြို့မြေ ဖြင့် မြေကွက်အမည်ပြောင်းခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ဦးမိုးပိုင်စိုး(ဘ)ဦးစိုးလွင် ၉/ပမန(နိုင်)၁၂၂၆၁၉မှ အဆိုပါမြေကွက်အမည်ပြောင်းခွင့်ပြုမိန့်မူရင်းမှာ ပျောက်ဆုံးကြောင်းနှင့် မြေကွက်အမည်ပြောင်းခွင့်ပြုမိန့်မိတ္တူမှန် ထုတ်ယူခွင့်ပြုရန် တင်ပြ လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ယနေ့မှစ၍ ၁၅ရက်အတွင်း တရားဝင် မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက ဦးမိုးပိုင်စိုး အမည်ပေါက်မြေကွက်အမည် ပြောင်းခွင့်ပြုမိန့်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေကွက်အမည်ပြောင်း ခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီတာလမ်း၊ အမှတ် ၇/၁နေ ကျွန်တော် ဦးကျော်ဇေယျ၊ ကျွန်မ ဒေါ်ခင်ဌေးရည်တို့၏သားကြီး မောင်ခွန်ကံကောင်း ၁၃/တကန(နိုင်)၁၅၂၄၂၈သည် မိဘဆိုဆုံးမမှုကို မနာခံသဖြင့် ၂၈-၂-၂၀၁၆ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်မယူတော့ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်ဇေယျ-ဒေါ်ခင်ဌေးရည်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေညောင်မြို့၊ သုခချမ်းသာ(၁)၊ အိမ်အမှတ် ၁၃/၄၆နေ (ဦးကျော်ဝင်းစိန်)-ဒေါ်ကြည်ဌေးတို့၏သား မောင်ဇော်လင်းထူး ၁၃/တကန(နိုင်)၂၉၀၆၂၀သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင် ဒေါ်ကြည်ဌေး ၁၂/အစန(နိုင်)၁၁၅၂၅၁**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း

မိုးကုတ်မြို့၊ အရှေ့ရွာရပ်ကွက်၊ အိမ်အမှတ် ဃ/၁၄နေ ကျွန်တော် ဦးယုတီပရာဆပ် ၉/မကန(နိုင်)၀၇၉၀၂၁နှင့် ဘန့်ကွေးကျေးရွာအုပ်စု၊ နမ့်ဟူးရွာနေ ဒေါ်မဆွေ ၉/မကန(နိုင်)၀၆၃၂၂၁တို့သည် ၂၄-၁၁-၂၀၁၄ ရက်က အထက်တန်းရှေ့နေ ဒေါ်မေသဥ္ဇာသင်းနှင့် အသိသက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါကြောင်း ကြေညာပါသည်။ **ဦးယုတီပရာဆပ် ၉/မကန(နိုင်)၀၇၉၀၂၁**

## ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၂၀/၇၁၇၅ ၏ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၁၆၇/အေ)၊ ဧရိယာ စတုရန်းပေ ၁၈၀၀၊ မြေအမျိုးအစား ပါမစ်မြေကွက်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနရှိ မှတ်ပုံတင်စာရင်း ၀၀၇၈၄/၂၀၁၅၊ အမှတ်စဉ် တ၃/၀၁၄/၂၀၁၅တို့ဖြင့် ဦးသိန်းကျော်အောင် ၁၂/ဒဂဆ(နိုင်)၀၀၀၄၉၈မှ အမည်ပေါက် ပိုင်ဆိုင်ပြီး၊ ၎င်းမှအရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှိုင် LL.B (စဉ်-၇၃၈၁)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၃/ခ) ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် (၅၇) နေ ဒေါ်ကြူ [၇/သနပ(နိုင်) ၀၆၃၈၁၉] ၏ သားဖြစ်သူ မောင်မင်းဇော်လင်း [၇/သနပ(နိုင်)၀၈၁၆၇၈] သည် မိခင်နှင့် အစ်ကို၊ အစ်မများ၏ ဆိုဆုံးမှုများအား နားမထောင်သည့်အပြင် မိခင် စိတ်ဆင်းရဲအောင်ပြုမူနေထိုင်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် ဒေါ်ကြူ

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကောက် (ချောက်မြို့)
**အသက်(၈၇)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်အေးအေးသင်းတို့၏ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးကောက် အသက်(၈၇)နှစ်သည် ၁-၃-၂၀၁၆ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့်မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် ဇနီး ဒေါ်တင်တင်အေး**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကောက် (ချောက်မြို့)
**အသက်(၈၇)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်အေးအေးသင်းတို့၏ဖခင်ကြီး ဦးကောက် အသက်(၈၇)နှစ်သည် ၁-၃-၂၀၁၆ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် ဇနီး ဒေါ်တင်မြတ်သူ မိသားစု**
**ပညာရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကောက် (ချောက်မြို့)
**အသက်(၈၇)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်အေးအေးသင်းတို့၏ဖခင်ကြီး ဦးကောက် အသက်(၈၇)နှစ်သည် ၁-၃-၂၀၁၆ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် ဇနီး ဒေါ်ခင်ခင်ကြီး**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကောက် (ချောက်မြို့)
**အသက်(၈၇)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်အေးအေးသင်းတို့၏ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးကောက် အသက်(၈၇)နှစ်သည် ၁-၃-၂၀၁၆ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့်**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဝန်ထမ်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကောက် (ချောက်မြို့)
**အသက်(၈၇)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်အေးအေးသင်းတို့၏ဖခင်ကြီး ဦးကောက် အသက်(၈၇)နှစ်သည် ၁-၃-၂၀၁၆ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း/အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်သန်းညွန့် (ဇီးကုန်းမြို့)
**အသက်(၇၈)နှစ်**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အပတ်စဉ်(၁၅)မှ သူငယ်ချင်း ကိုအောင်သိန်းထွန်း (မြို့နယ်အုပ်ချုပ်ရေးမှူး၊ အုတ်တွင်းမြို့)၏မိခင် ဒေါ်သန်းညွန့်သည် ၁-၃-၂၀၁၆ရက် နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် အမေကြီး ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ထွေ/အုပ် အပတ်စဉ်(၁၅)မှ သူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ရဲ-၃၇၅၅၊ ဒုတိယရဲမှူးကြီးသန့်ဇင်အောင်
**အသက်(၄၁)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၂၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ရဲ-၃၇၅၅ ဒုတိယရဲမှူးကြီးသန့်ဇင်အောင်သည် ၂-၃-၂၀၁၆ရက် နံနက် ၅း၅၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒုတိယရဲမှူးကြီးသန့်ဇင်အောင်
**D.S.A (40) Intake**
**အသက်(၄၁)နှစ်**

၂၀၁၆ခုနှစ် မတ် ၂ရက်တွင် ရုတ်တရက် နှုတ်မဆက်ဘဲ သွားနှင့်လေသူ နောင်တော် (Guardian) ဒုတိယရဲမှူးကြီးသန့်ဇင်အောင်အတွက် ညီငယ် D.S.A-41,42 Intake Guardian)များမှ မိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

**AWT, AN, TTL, SLW**
**KMA, MMS, TN, TWN**

---

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ခင်နွဲ့ရီ (ရာ-၁၆၀၃)
**အသက်(၆၄)နှစ်**

မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ (၄)ရပ်ကွက်၊ အမှတ်(ဘီ-၁၅/ခ)၊ ဆည်မြောင်းစက်မှုဝင်းနေ (ဦးမင်းအောင်)၏ဇနီးသည် ၁-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်တင်ရည် (ရီလေး)
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၉၇၃နေ (ဦးညိမ်းမောင်-ဒေါ်သိန်းခင်)တို့၏သမီး၊ ဗိုလ်မှူးထိန်ဝင်း(ငြိမ်း) [(သူရဲကောင်းမှတ်တမ်းဝင်)၊ (ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ (မီးသတ်ဦးစီးဌာန)]၏ဇနီး၊ ဦးတင်အောင်-ဒေါ်သန်းသန်းမြင့်၊ ဦးကျော်ကျော်-ဒေါ်မြမြသန်းတို့၏အစ်မ၊ ဦးတင်ဇော်ဝင်း-ဒေါ်ခိုင်သီတာ၊ ဗိုလ်မှူးကြီးထွန်းထွန်း(ငြိမ်း)(အထွေထွေမန်နေဂျာ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်တင်သီတာဝင်း၊ ဗိုလ်ကြီးတင်ကျော်ဝင်း(ငြိမ်း)[(ဒုတိယညွှန်ကြားရေးမှူး)၊(ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)] - ဒေါက်တာဒေါ်နှင်းလဲ့ရည် (တွဲဖက်ပါမောက္ခ၊ သချာ်၊ ပြည် တက္ကသိုလ်)၊ ဦးတင်ကိုကိုဝင်း-ဒေါ်တင်မြတ်ဝေထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃-၃-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၆ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကျင်နု (ဒေါ်နုနု)
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၈၁၊ ပထမထပ်၊ ၉၂လမ်း၊ ကန်တော်ကလေးနေ(ဦးဘိုးမြ-ဒေါ်လှသင်)တို့၏သမီး၊ (ဦးထွန်းရင်-ဒေါ်အေး)တို့၏ချွေးမ၊ (ဦးထွန်းငြိမ်း)၏ဇနီး၊ ဦးအောင်ဇော်ထွေး-ဒေါ်သီတာငြိမ်း(အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့)၊ ဦးထင်ကျော်(ခေတ္တဂျပန်)-ဒေါ်နီနီခင်၊ (ဦးခင်ဇော်)တို့၏မိခင်၊ မအေးချမ်းမြင့်မိုရ်၊ မောင်ထက်အောင်လွှမ်းတို့၏အဘွားသည် ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၆ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဝင်း(ခ)ဦးကျော်ဝင်းကြည်
**(အနန္တစွမ်းအားရှင်)**
**မြန်မာနိုင်ငံဒိုင်လူကြီးဟောင်း**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗဟိုစည်အိမ်ရာ၊ တိုက် ၃၇၊ အခန်း ၃နေ ဒေါ်ရွှေကြည်၏ခင်ပွန်း၊ (ဦးခင်ညွန့်-ဒေါ်သန်းမြင့်)တို့၏သား၊ (ဦးလင်း-ဒေါ်ကြင်)တို့၏ သားသမက်၊ ဒေါ်သက်စုဝင်း၊ ဦးအောင်ကျော်ထက်(MDG Co.,Ltd)-ဒေါ်ဇင်သိန်းဦးတို့၏ဖခင်၊ မောင်ကျော်လင်းသန့်၊ မဖြိုးကေဇင်ကျော်တို့၏အဘိုးသည် ၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးပေါက်စ(ခ)ဦးစိန်ဝင်း
**(မြန်မာ့ဆက်သွယ်ရေး၊ ငြိမ်း)**
**အသက်(၆၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ရေကြည်မြို့နယ်၊ငါးသိုင်းချောင်းမြို့နေ(ဦးထွန်းခင်-ဒေါ်လှစိန်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလောက်ချိုက်ကျေးရွာနေ (ဦးစိန်သိန်း-ဒေါ်စောကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀/မြောက်)ရပ်ကွက်၊ တိုက် A၊ အခန်း ၀၀၂၊ ကွေ့မအိမ်ရာနေ ဒေါ်အေးသန်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးလှထွန်း-ဒေါ်ဝင်းကြည်)၊ ဒေါ်လှရီတို့၏မောင်၊ ဦးမြဝင်း-ဒေါ်သန်းသန်းမြင့်၊ ဦးလှနိုင်-ဒေါ်ကြည်ကြည်မိုး(ဒုတိယညွှန်ကြားရေးမှူး) နတလ၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းအေး(ဦးစီးအရာရှိ၊ ကျောက်တန်းကျေးလက်ဦးစီးဌာန)တို့၏အစ်ကို၊ ဦးကျော်လင်းထိုက်(ဒု-ဦးစီးမှူး) နတလ-ဒေါ်ခင်ပြည့်အောင်စိန်ဝင်း(ဒု-ဦးစီးမှူး) နတလ၊ ဦးမင်းဇော်ဦး(မြန်မာ့ဆက်သွယ်ရေး) - ဒေါ်ခင်ပြည့်သူစိန်ဝင်း၊ ဒေါ်ခင်ပြည့်လှိုင်စိန်ဝင်း၊ ဦးဇေယျာထွန်း(HNN Shipping Co.,Ltd)-ဒေါ်စုစုစံစိန်ဝင်း(ဒု-ဦးစီးမှူး၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ)၊ မအိသန္တာစိန်ဝင်း (Amigos International Co.,Ltd)၊ မောင်အောင်ချိုအေး(မြန်မာ့လျှပ်စစ်)၊ မအိအိမွန်၊ မရွှေရည်ဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မမေမင်းပြည့်သခင် (Grade-4၊ အထက-၂၊ ဒဂုံ)၊ မောင်ရှိုင်းပြည့်ဘုန်းဦး၊ မောင်စွမ်းလင်းထိုက်တို့၏အဘိုး၊ တူ/တူမ ၁၁ယောက်တို့၏ဘကြီးသည် ၃-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးချင်စိန်(ခ) ဦးမောင်မောင်ကျင်
**အသက်(၆၆)နှစ်**

(ဦးရွှေမြင့်-ဒေါ်လွှမ်း)တို့၏ သား၊ (ဦးညွန့်)-ဒေါ်ခင်စီတို့၏ သားသမက်၊ ဦးထွန်းရီ-ဒေါ်မေစီ၊ (ဦးဝင်းမောင်)-ဒေါ်အေးအေးဝင်း၊ ဦးခင်မောင်-ဒေါ်စန်းစန်းနွဲ့၊ ဒေါ်ဝင်း၊ ဦးအေးသောင်း-ဒေါ်ခင်သီတာ၊ ဒေါ်ချို၊ ဦးမင်းစိန်(ခ) ဦးအေးမြင့်တို့၏ညီ/အစ်ကို၊ တူ/တူမ ၁၁ယောက်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ ပထမထပ်၊ အမှတ် ၃၃နေ ဒေါ်ရှုကျင် (မင်္ဂလာတောင်ညွန့်မြို့နယ်၊ စာရင်းစစ်ရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ မအိအိအောင်(အလုပ်သင်ဆရာဝန်၊ သဃ်န်းကျွန်းစံပြဆေးရုံ)၏ ချစ်လှစွာသောဖခင်သည် ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၆ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ နံနက် ၁၁နာရီနှင့်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသာဌေး (ချောင်းဦး)
**အသက်(၄၈)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ ဦးလှမောင်-ဒေါ်တင်ပုတို့၏ သား၊ ဦးစိန်ပေါ (ဒု-ထွေဂျာ၊ ငြိမ်း-စိုက်ပျိုးရေး)၊ ဦးမြစော(အထက်တန်းပြ၊ ငြိမ်း)၊ ဦးမြပေါ [အထက်တန်းကျောင်းအုပ် (အထက၊ ကျောက္ကာ)၊ ဦးဌေးပေါ(မန္တလေး)တို့၏ညီငယ်သည် ၂၆-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဌေးလင်းထွန်း(ခ) ထွန်းထွန်း (W.Y.G.H)
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အနောက်ပိုင်းဆေးရုံဝင်း၊ လိုင်း ၁၊ အခန်း ၆နေ ဦးညွန့်ရွှေ-ဒေါ်ညိုညိုအေးတို့၏သား၊ ဒေါ်ဥမ္မာဦး၏ချစ်လှစွာသောခင်ပွန်း၊ မစန္ဒာထွန်း၊ မရွှေယမင်းဦးတို့၏ ဖခင်သည် ၃-၃-၂၀၁၆ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၆ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်ဒါယကာကြီး**
## ဦးလှမောင် (ချောင်းဦး)
**အသက်(၉၆)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ (ဒေါ်တင်ပု)၏ခင်ပွန်း၊ ဒေါ်ဝင်းကြည်၊ (ဒေါ်ဝင်းရီ)၊ ဦးစိန်ပေါ(စိုက်ပျိုးရေးငြိမ်း)၊ ဒေါ်မြကြွယ်၊ ဦးမြစော၊ ဦးမြပေါ၊ ဦးဌေးပေါ၊ ဒေါ်ခင်သန်းကြွယ်၊ (ဦးသာဌေး)တို့၏ဖခင်သည် ၃-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၆ရက်တွင် မြို့သစ်ရပ်သုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သိန်းမေ(ခ)ကြီးသိန်း
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၂၀/၃၉၇နေ(ဗိုလ်မှူးချစ်တင်)၏ဇနီး၊ (ဦးအောင်တင်-ဒေါ်အေးကြည်)၊ (ဦးသိန်းဇံ)-ဒေါ်သန်းတို့၏အစ်မ၊ (ဦးသိန်းထွန်း)-ဒေါ်တင်တင်ဝေ၊ အရာခံဗိုလ် ဉာဏ်ထွန်း-ဒေါ်ခင်အုန်းမြင့်၊ ဦးဝင်းအောင်၊ ဦးဌေးအောင်-ဒေါ်နီနီဝင်း၊ ဗိုလ်မှူးတင်ထွဋ်-ဒေါ်ထားထားခိုင်တို့၏မိခင်၊ ဦးမြင့်ဌေး-ဒေါ်မြင့်မြင့်သန်း၊ (ဦးမြင့်ထွန်း)-ဒေါ်မိမိအောင်၊ (ဦးသက်လွင်-ဒေါ်တင်တင်အေး)၊ ဦးကျော်မင်း-ဒေါ်တင်တင်ဌေး၊ ဦးမင်းမောင်မောင်-ဒေါ်မာမာဦး၊ ဒေါ်တင်တင်ထွေးတို့၏ကြီးတော်၊ မြေး ၁၈ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည်၃-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇း၄၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၃-၂၀၁၆ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်မြင့်(အလပြ)
**ကော့ကရိတ်မြို့**
**အသက်(၈၇)နှစ်**

ကော့ကရိတ်မြို့နေ (ဦးစံဝင်း-ဒေါ်ညို)တို့၏သမီး၊ သာယာဝတီမြို့နေ (ဦးမြဒင် - ဒေါ်အေးတင်)တို့၏ သမီးချွေးမ၊ အမှတ် ၂၇၅၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီးရဲအောင်-ငြိမ်း)၏ဇနီး၊ ဒေါက်တာကိုကိုအောင် (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်) - ဒေါ်စမ်းစမ်းရှိန်၊ ဦးညီညီအောင်(Director of Green Golden Land Car Rental & Travel)-ဒေါ်သူဇာလွင်ကြည်၊ဦးကျော်ကျော်လင်း - ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်ကျော်ဝင်းတို့၏မိခင်၊ မောင်သတိုးဇာနည်၊ မောင်အောင်ထွဋ်သီဟရှိန်၊ မသီရိမေစံပယ်၊မချိုဇင်သက်တို့၏အဘွား၊ မပြည့်မှူးသခင်၏ ဘွားဘွားကြီးသည် ၃-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**
## ဦးအောင်ကျော်စိုး (Alice)
**(Bosun)UNITEAM MARINE**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်မောင်စိုး-ဒေါ်သန်းသန်းမြင့်)တို့၏သား၊ မြောင်းမြမြို့နေ (ဦးတင်အောင်-ဒေါ်ဝင်းကျင်)တို့၏သားသမက်၊ ဒေါ်သင်းသန္တာစိုး၏အစ်ကို၊ မသင်းသရဖီစိုး (ပူးပူး) (တတိယနှစ်၊ Physics၊ ဒဂုံတက္ကသိုလ်)၏ဖခင်၊ ရန်ကုန်မြို့၊ အလုံလမ်း၊ အမှတ် ၁၆၄၊ လေးလွှာ၊ B နေ ဒေါ်နန့်မြမြသန်း(မွှေးမွှေး)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၂-၂၀၁၆ရက် (အင်္ဂါနေ့) မြန်မာစံတော်ချိန် ည ၇း၀၅နာရီတွင် အီတလီနိုင်ငံ၊နေပယ်မြို့အနီးပင်လယ်ပြင်ရှိ ALICE RICKMERS သင်္ဘောပေါ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၁၆ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တစိန္တိတ မဟာထေရ် (မြို့နယ်သြဝါဒါစရိယ)
**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ (၃)ရပ်ကွက်၊ သီတာလမ်း၊ စည်သာမဟာဝိသုတာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တစိန္တိတ မဟာထေရ်သည် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) ၇-၃-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် စံကျောင်းချမည်ဖြစ်၍ ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇော်ပွဲ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များ ဒါယကာ၊ ဒါယိကာမများ

---

## ဦးစောမောင် (မော်လမြိုင်မြို့)
**အသက်(၈၅)နှစ်**

မော်လမြိုင်မြို့၊ ထားဝယ်စုရပ်နေ (ဦးဖိုးကြွယ်-ဒေါ်လှတင်)တို့၏သား၊ (ဒေါ်ခင်ပု)၏ခင်ပွန်း၊ ဦးသိန်းမြင့်(ရော်ဘာသုတေသန၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ခင်ခင်ဦး(အထက-၂၊ ဗဟန်း)၊ ဦးသိန်းစိုး (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး)-ဒေါ်သင်းသင်းဝင်း (မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး)တို့၏ဖခင်၊ မောင်အေးမင်းထွဋ်၊ မောင်မျိုးမင်းထွဋ်၊ မောင်အောင်မြတ်သူ-မအိဖြူဖြူခိုင်၊ မောင်ဉာဏ်ဟိန်းထက်တို့၏အဘိုး၊ မပြည့်ရတီခင်၏ဘိုးဘိုးကြီးသည် ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ည ၈နာရီတွင် အင်းစိန်မြို့နယ်၊ တညင်းကုန်းဝန်ထမ်းအိမ်ရာ၊ တိုက် ၉/၃၀၃ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (တညင်းကုန်းဝန်ထမ်းအိမ်ရာ တိုက် ၉/၃၀၃ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ တညင်းကုန်းဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမောင် B.Sc (Chem)
**မန်နေဂျာ(ငြိမ်း)၊ စား/ဖျော် (ပြည်သူ့မုန့်တိုက်)**
**စိန်ပေါလ်ကျောင်းသားဟောင်း၊ ဖောင်ကြီးဇေယျ (Zero Batch)**
**(ယခင်မြစ်သားမြို့နယ်ကုန်သွယ်ရေးမန်နေဂျာ၊မြိတ်ခရိုင်စား/ဖျော်မန်နေဂျာ)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ စင်ကာပူရပ်နေ [ဦးဘရင် (အထက်တန်းအရာရှိ(ငြိမ်း) I.W.T- ဒေါ်သိန်းတင် ]တို့၏သား၊ ဒေါ်သန်းသန်းမေ- (ဦးမောင်တိုး)တို့၏အစ်ကို၊[ဒေါ်မြင့်မြင့်သွင်(ခ)ဒေါ်သိန်းမြင့်၊ ဌာနစိတ်မှူး(ငြိမ်း)၊ စက်မှု(၁) အိမ်သုံးဆေးဝါး]၏ခင်ပွန်း၊ ဦးသန်းဦး-ဒေါ်ဝင်းသန္တာ၊ ဦးအောင်သန်းဝင်း (Ex. Advisor to ED, IMF, USA,Ex.Central Bank of Myanmar)တို့၏ဖခင်သည် ၃-၃-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၀၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အမှတ် ၁၁၁၂၊ ရာဇသူရလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုဏ္ဏားနက္ခတ်ဗေဒင်လက္ခဏာကျမ်းပြုပညာရှင်**
## ဆရာကြီး ဒေါက်တာဒဂုန်
**အမျိုးသားစာပေဆုရှင်**
**ARP နက္ခတ်ဗေဒင်တက္ကသိုလ်(မြန်မာနိုင်ငံဆိုင်ရာကျောင်းအုပ်ကြီး)**
**ဇောတိကစာပေ (ထုတ်ဝေ/ဖြန့်ချိရေး)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မအူကုန်းရပ်ကွက်၊ လမ်း ၁၄၀၊ အမှတ် ၂၅ (မြေညီထပ်)နေ ဒေါ်မိမိလေး၏ချစ်လှစွာသောခင်ပွန်း၊ မောင်ပိုင်စိုးဦး-မယမင်းသူဇာ၊ မဇော်ဂီမြင့်မြတ်တို့၏ဖခင်သည် ၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန် ဟိန္ဒူရိုးရာဓလေ့အတိုင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ ရတနာလမ်းရှိ ရာဇဂြိုလ်ကျောင်းပရိယတ္တိစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## မိုဟာမဒ်နာစရုံးခါန်း(ခ) ဦးခင်မောင်ထွန်း
**Myanmar National Airways**
**စက်မှုကျွမ်းကျင်အဆင့်(၄)**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖို့မြေရပ်ကွက်၊ ၁၀၁လမ်း၊အမှတ် ၁၀၅၊ သုံးလွှာနေ (ဦးစတ္တားရုံခါန်း-ဒေါ်အေးတင်)၊ (ဦးမောင်လေး-ဒေါ်လှတင်)တို့၏မြေး၊ (ဦးမောင်မောင်-ဒေါ်အေးကြွယ်)တို့၏သား၊ (ဦးကျော်သာ) - ဒေါ်ခင်ညိုတို့၏သားသမက်၊ (ဦးထွန်းတင်) - ဒေါ်နှင်းနှင်းအေးတို့၏မောင်၊ (ဦးခင်မောင်ဝင်း) - ဒေါ်နန်းသန္တာ၊ ဦးသိမ်းထူး-ဒေါ်ခင်နှင်းဝေ၊ ဦးခင်မောင်နိုင်-ဒေါ်ဝင်းဝင်းရီ၊ ဒေါ်အေးအေးသန့်တို့၏အစ်ကို၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ မောင်ဝေယံထွန်း (Final year-Eng) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မောင်မင်းခန့်ကို[Grade-10၊ အထက(၁) မင်္ဂလာတောင်ညွန့်]တို့၏ဖခင်၊ တူ/တူမ ငါးယောက်တို့၏ဦးလေးသည် ၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်ဆွလာသ်အပြီးတွင် သန်လျင်မြို့ ငါးပါးသခင်ဒါရ်ဂါ ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းဝင်းမော်
**(ဆောင်းဟေမန်ကုမ္ပဏီ)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၀)ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက် ၃၊ အခန်း ၉နေ [ဦးထွန်းတင့်(ခ)ဦးနိုင်ဝင်း-ဒေါ်တင်ကြည်]တို့၏သမီး၊(ဦးစိန်မောင် - ဒေါ်စိန်ထွေး)တို့၏ သမီးချွေးမ၊ ဦးအေးလွင်၏ ချစ်လှစွာသောဇနီး၊ မောင်ဖြိုးလွင်ကို၏ချစ်လှစွာသောမိခင်၊ ဦးမင်းဇော်ဦး (မြန်မာ့ကြယ်ငါးပွင့်)-ဒေါ်လှိုင်လှိုင်နု၊ ဦးတင်မောင်လှ (ဗဟိုဘဏ်) - ဒေါ်အေးအေးမော် (စီးပွား/ကူးသန်း)တို့၏ညီမ၊ ဦးမြအေး-ဒေါ်ဌေးဌေးမော်၊ ဦးစိုးနိုင်-ဒေါ်ခင်သီမော်တို့၏အစ်မ၊ တူ၊ တူမ ၁၀ယောက်တို့၏အဒေါ်သည်၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နိုင်ငံ၏အနာဂတ်ကို လှပစွာပုံဖော်ရန် အစဉ်အသင့်ရှိနေသည့် ကင်းထောက်မောင်မယ်များတွေ့ဆုံရာ ပုပ္ပားစခန်းသာ

သတင်းဆောင်းပါး
ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

"သမီးတို့လူငယ်တွေရဲ့ စုပေါင်းအင်အားကနေ နိုင်ငံအတွက်၊ လူမျိုးအတွက် အားသစ်တွေဖြစ်လာမယ်လို့ သမီးယုံကြည်တယ်။ ကင်းထောက်စိတ်ဓာတ် ပြည့်ဝတဲ့ လူငယ်တွေများလာလေလေ လူ့တန်ဖိုးအနှစ်သာရတွေမြင့်မားပြီး နိုင်ငံပိုတိုးတက်လာမှာပါ။ သမီးတို့အခု ပုပ္ပားတောင်ကလပ်က ပြန်ဆင်းလာတာ။ မောပေမယ့် တအားကိုပျော်ခဲ့တယ်။ အားလုံးက ကင်းထောက်လူငယ်မောင်နှမတွေမို့ပါ"ဟု ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ သတ္တမတန်း ဖြေဆိုထားသူ မသီရိရည်မွန်က သူ့အတွေ့အကြုံကို ပျော်ရွှင်စွာ ပြောကြားသည်။



အထကပုပ္ပား စခန်းချတွေ့ဆုံပွဲရောက် ကင်းထောက်မောင်မယ်များ။

မသီရိရည်မွန်နှင့်အတူ ၆၁၉ ဦးသော ကင်းထောက်လူငယ်များသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ အထကပုပ္ပားတွင် စခန်းချတွေ့ဆုံပွဲကို တက်ရောက်နေကြပြီး ကင်းထောက်စခန်းချတွေ့ဆုံမှုများကို ပျော်ရွှင်လွတ်လပ်စွာ ပြုလုပ်နေကြခြင်းဖြစ်သည်။

၁၉၁၀ ပြည့်နှစ်ဝန်းကျင် မြန်မာနိုင်ငံ အင်္ဂလိပ်တို့ လက်အောက်ရှိနေစဉ်ကာလကတည်းက ကင်းထောက်လုပ်ငန်း စာမျက်နှာ ၈ ကော်လံ ၁ ●



ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ မသီရိရည်မွန်။

## ပြည်၊ ဆိပ်သာ၊ ဟင်္သာတနှင့် ဇလွန်မြို့တို့တွင် ရေဝတီမြစ်ရေတက်နိုင်

**နေပြည်တော် မတ် ၃**

မတ် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခုနစ်ရက်မှ ၁၀ ရက်အတွင်း ခုနစ်ပေမှ ၁၁ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့ တွင် နှစ်ရက်မှ လေးရက်အတွင်း တစ်ပေမှ သုံးပေခွဲခန့်၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေများသည် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ရက်မှ သုံးရက်အတွင်း တစ်ပေမှ လေးပေခွဲခန့် မြင့်တက်ခဲ့သည်။ စာမျက်နှာ ၅ ကော်လံ ၁ ❁

# လက်ရှိချန်ပီယံရန်ကုန် အဝေးကွင်း၌ ဇေယျာရွှေမြေကိုအနိုင်ရ

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်



ရန်ကုန်တိုက်စစ်မှူး ကျော်ကိုကို ဇေယျာရွှေမြေအသင်းဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းနေစဉ်။

**မုံရွာ မတ် ၃**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိ ချန်ပီယံရန်ကုန်အသင်း အဝေးကွင်း၌ နိုင်ပွဲရရှိခဲ့သည်။

မုံရွာကွင်း၌ ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းက ဇေယျာရွှေမြေအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တစ်ပွဲထက်တစ်ပွဲခြေမှန်ပြန်ရပြီး နိုင်ပွဲဆက်နေသည့် ရန်ကုန်အသင်းသည် ငါးပွဲဆက်နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယားထိပ်ပိုင်းသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သည်။ ဇေယျာရွှေမြေအသင်းသည် အိမ်ကွင်း၌ ပုံမှန်ခြေစွမ်းပျောက်ဆုံးနေပြီး ယခုရာသီ၏ ပထမဆုံးအိမ်ကွင်းရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သလို နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းလည်း ဖြစ်သည်။

ဇေယျာရွှေမြေအသင်းသည် အိမ်ကွင်း၌ အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး လက်ရှိချန်ပီယံရန်ကုန်အသင်း၏ စာမျက်နှာ ၁၄ ကော်လံ ၁ ○




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

မြန်မာ့အလင်း
ဂျာနယ်ကြီးပွားအကြားကြား


၂၀၁၆ ခုနှစ်၊ မတ် ၄ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေး ရေတိမ်ဒေသဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ စဉ်ဆက်မပြတ်ထိန်းသိမ်းပေး**

စာ - ၃



လူမှုစီးပွား

**ခိုင်မာတည်ငြိမ်သော နိုင်ငံတကာ ဈေးကွက်ရရှိသည့် အတွက်လွှတ်အာလူး တပ်ကုန်း၌အောင်မြင်**

စာ - ၄



# စောင့်ကြည့်ရဦးမယ့် အိုးထရက်ဖို့ဒ်ကွင်းပေါ်က မန်ချက်စတာမြို့သား မားကပ်စ်ရက်ရှ်ဖို့ဒ်




လက်တလောပရီမီယာလိဂ်ရဲ့ ရေပန်းအစားဆုံး ကစားသမားကို ပြောပါဆိုရင်တော့ မန်ယူအသင်းရဲ့ လူငယ်ကစားသမား မားကပ်စ်ရက်ရှ်ဖို့ဒ်ကို ပြရမှာဖြစ်ပါတယ်။ သူဟာ မန်ယူအသင်းနဲ့ပထမဦးဆုံး ပွဲဦးထွက်ပါဝင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာတော့ အသင်းအတွက် နှစ်ဂိုး စတင်သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် အသင်းရဲ့အဓိက ပြိုင်ဘက်ဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်မှာလည်း အသင်းအနိုင်ရရှိဖို့အတွက် နှစ်ဂိုးတောင်သွင်းယူပေးခဲ့ပါတယ်။ ဒါကြောင့် လက်တလောမှာတော့ ရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းအတွက် သူရဲကောင်းတစ်ဦးသဖွယ် ဖြစ်နေခဲ့ပါတယ်။

ဒါကြောင့်လည်း မန်ယူအသင်းရဲ့လူငယ်ကစားသမား မားကပ်စ်ရက်ရှ်ဖို့ဒ်ဟာ အသင်းရဲ့အနာဂတ်မှာ တောက်ပလာမယ့် ကစားသမားတစ်ဦးလို့တောင် လူတိုင်းက ထင်ကြေးပေးရတဲ့ အဆင့်အထိ ရောက်ရှိလာခဲ့ပါတယ်။ မန်ချက်စတာမြို့သားလူငယ်ကစားသမား ရက်ရှ်ဖို့ဒ်ဟာ ပြီးခဲ့တဲ့ ယူရိုပါလိဂ် ၃၂သင်းအဆင့်ကတည်းက အသင်းရဲ့ လူစာရင်းမှာ ထည့်သွင်းခံခဲ့ရတာဖြစ်ပြီး ၁၆သင်းအဆင့်မှာ အသင်း၌ ပထမဦးဆုံး ပါဝင်ကစားပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ **စာမျက်နှာ ၇**

တိုက်စစ်ပိုင်းနဲ့ပတ်သက်ပြီး စွမ်းရည်မြင့်တဲ့ကစားသမားတစ်ဦးဖြစ်ပြီး အားပါလှတဲ့ ကန်ချက်တွေနဲ့အတူ နေရာယူမှန်တဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ နံပါတ် ၁၀ နေရာနဲ့ ပိုမိုသင့်တော်တဲ့ ကစားသမားတစ်ဦးလို့လည်း ပြောရမှာဖြစ်ပါတယ်။ သူ့ရဲ့ လက်ရှိသွင်းယူခဲ့တဲ့ဂိုးတွေကို ကြည့်တာနဲ့ သူ့ရဲ့ဂိုးသွင်းစွမ်းရည်နဲ့ အလွတ်တည်ကန်ဘောတွေမှာ ပါရမီရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။

WEST BROMWICH

| | | |
|---|---|---|
| Date | - | 6 March |
| Gameweek | - | 29 |
| Kick-off | - | 22:30 |

MANCHESTER UNITED

မြန်မာ့အလင်း
၄-၃-၂၀၁၆ (သောကြာနေ့)

# ပြုပြင်ပြောင်းလဲမှုနှံ့အောက်က စောင့်ကြည့်ရမယ့် နယူးကာဆယ်၏ အနာဂတ်





■ ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် (၂၇) မှာတော့ နော့ဝှစ်ချ်က လက်စတာကို ၁-၀ နဲ့ ရှုံးတယ်။ ဆန်းဒါးလန်းကလည်း ဝက်စ်ဟမ်းကို ၁-၀ နဲ့ပဲရှုံးခဲ့တယ်။ ဒါ့အပြင် ဗီလာကလည်း စတုတ်ကို ၂-၁ နဲ့ ရှုံးခဲ့တယ်။ ဒီတော့ ပွဲစဉ် (၂၇)အပြီးမှာ ပရီမီယာလိဂ်တန်းဆင်းဇုန် တိုက်ပွဲက ပိုပြီးစိတ်ဝင်စားစရာကောင်းလာတယ်။

အထူးသဖြင့် နော့ဝှစ်ချ်က ၂၇ ပွဲမှာ ၂၄ မှတ်နဲ့ အဆင့် ၁၇၊ ဆန်းဒါးလန်းကလည်း ၂၇ ပွဲမှာ ၂၃ မှတ်နဲ့အဆင့် ၁၉၊ ဗီလာက ၂၇ ပွဲမှာ ၁၆ မှတ်နဲ့ အဆင့် ၂၀။ အဲဒီလို အချိန်မှာ ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲကြောင့် မန်စီးတီးနဲ့ပွဲကို မကစားခဲ့ရတဲ့ နယူးကာဆယ်က ၂၆ ပွဲသာ ကစားခဲ့ရပေမယ့် ၂၄ မှတ်နဲ့ အဆင့် ၁၈။ ဒီတော့ နယူးကာဆယ်ရဲ့ တန်းမဆင်းရရေးမျှော်လင့်ချက်က ပြိုင်ဘက်တွေရဲ့ ရှုံးပွဲတွေနဲ့အတူ အသက်ပြန်ဝင်သလိုဖြစ်လာကာ ဒီရာသီမှာ နယူးကာဆယ်အနေနဲ့ ရာသီကုန်ရင် ပရီမီယာလိဂ်မှာ ဆက်လက်ရပ်တည်သွားနိုင်မလားဆိုတာက မေးခွန်းတစ်ခုလို ဖြစ်လာရတယ်။

ပြောမယ်ဆိုရင်ပေါ့။ နယူးကာဆယ်ဟာ ပြီးခဲ့တဲ့ပထမရာသီဝက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုလုံးဝမရှိခဲ့ဘူး။ နွေရာသီဈေးကွက်အတွင်း ဝိလ်နယ်ဒန်၊ မီထရိုဗစ်၊ အမ်ဘမ်ဘာ၊ အိုင်ဗန်တိုနေးလ်၊ တူဗင်စတဲ့ကစားသမားတွေကို ပေါင် သန်း ၄၀ နီးပါးအကုန်အကျခံကာ ခေါ်ယူခဲ့ပေမယ့်လည်း ပထမရာသီဝက်ရဲ့ ၁၉ ပွဲမှာ လေးပွဲသာအနိုင်ရမှုနဲ့အတူ ပွဲစဉ် (၁၉)အပြီး အဆင့် ၁၈ နေရာမှာသာ ရပ်တည်နိုင်ခဲ့တယ်။

ဒါကြောင့်ပဲ နယူးကာဆယ်ဟာ ဇန်နဝါရီဈေးကွက်ကာလအတွင်း အသင်းကို အားဖြည့်မှုတွေ ထပ်မံပြုလုပ်ကာ ရိုးမား တိုက်စစ်မှူး ဒွန်ဘီယာကို ရာသီအကုန်အထိ အငှားနဲ့ခေါ်ယူခဲ့သလို ဘော်ဒိုး ကွင်းလယ်ကစားသမား ဆိုင်ဗတ်၊ ဆွမ်ဆီးကွင်းလယ်ကစားသမား ရှယ်လ်ဗေး၊ စပါးကွင်းလယ်ကစားသမား တောင်းဆန့်တို့ကိုလည်း ပေါင် သန်း ၃၀ နီးပါး သုံးကာထပ်မံခေါ်ယူခဲ့တာဖြစ်ပါတယ်။

အဆိုပါ ကစားသမားတွေဟာ ဇန်နဝါရီဈေးကွက်ကာလအတွင်း အသင်းကိုရောက်ရှိလာခဲ့ပြီးတဲ့နောက်မှာ နယူးကာဆယ်ဟာ ချယ်လ်ဆီး၊ အဲဗာတန်တို့လို အသင်းကောင်းတွေကို ဂိုးပြတ်တွေနဲ့ အရေးနိမ့်ခဲ့ရပေမယ့်လည်း ခြေရည်တူဖြစ်တဲ့ ဝက်စ်ဘရွန်းနဲ့ပွဲမှာတော့ ကစားသမားသစ် ရှယ်လ်ဗေးရဲ့ ပေးပို့မှုကနေ မီထရိုဗစ်သွင်းယူခဲ့တဲ့ တစ်ဂိုးတည်းနဲ့ ကပ်နိုင်ခဲ့တဲ့အခါ နယူးကာဆယ်ရဲ့ ဇန်နဝါရီအားဖြည့်မှုဟာ မှန်ကန်တဲ့အားဖြည့်မှုတစ်ခုဖြစ်ပြီး အသင်းကိုတန်းတင်ကျန်ရစ်အောင် ကူညီမှုပေးနိုင်မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းလာပါတယ်။

ပြောရရင် ရိုးမားကနေ အငှားနဲ့ခေါ်ယူခဲ့တဲ့ တိုက်စစ်မှူးဒွန်ဘီယာဟာ ရိုးမားမှာ ထင်သလောက် ခြေစွမ်းပြသနိုင်မှုမရှိခဲ့ပေမယ့် စီအက်စ်ကေအေမှာ ကစားခဲ့တုန်းက ၉၅ ပွဲမှာ ၆၁ ဂိုးအထိ သွင်းယူခဲ့တဲ့တိုက်စစ်မှူးတစ်ဦးဖြစ်သလို ပြီးခဲ့တဲ့နှစ်ဝက်အတွင်း စီအက်စ်ကေအေမှာပဲ အငှားနဲ့ ပြန်ကစားခဲ့ရာမှာလည်း ၂၁ ပွဲမှာ ၁၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ဒါကြောင့် ဒွန်ဘီယာဟာ အရည်အသွေးပြည့်မီတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တယ်ဆိုတာ ထင်ရှားသလို ထပ်မံခေါ်ယူခဲ့တဲ့ ရှယ်လ်ဗေး၊ တောင်းဆန့်တို့ဟာလည်း ပရီမီယာလိဂ်ရဲ့ ကစားသမားကောင်းတွေဖြစ်ကာ ဆွမ်ဆီး၊ စပါးတို့မှာ ကောင်းမွန်တဲ့ အရည်အသွေးတွေကို ပြသခဲ့သူတွေဖြစ်ကြပါတယ်။ ဒါ့အပြင် ဘော်ဒိုးကွင်းလယ်ကစားသမား ဆိုင်ဗတ်ဟာလည်း ဆီနီဂေါလက်ရွေးစင်တစ်ဦးဖြစ်ပြီး ပရီမီယာလိဂ်နဲ့ လိုက်ဖက်တဲ့ကစားဟန်ကို ပိုင်ဆိုင်ထားတဲ့ ကစားသမားဖြစ်ပါတယ်။

ဒါကြောင့် နယူးကာဆယ်အနေနဲ့ ဇန်နဝါရီဈေးကွက်ကာလအတွင်းမှာ ခေါ်ယူအားဖြည့်ခဲ့တဲ့ ကစားသမားတွေဟာ အရည်

## နယူးကာဆယ်ရဲ့ အသင်းကိုပြုပြင်တည်ဆောက်မှုတွေဟာ တန်းမဆင်းရရေးအတွက် လုံလောက်တဲ့တည်ငြိမ်မှုကို အထောက်အကူဖြစ်စေမှာလားဆိုတာ စောင့်ကြည့်သွားရဖို့သာရှိ။

အသွေးပိုင်းအရ ကောင်းမွန်တဲ့သူတွေချည်းသာဖြစ်နေတာကြောင့် အဆိုပါကစားသမားတွေအနေနဲ့ နယူးကာဆယ်ကို တန်းတင်ကျန်ရစ်အောင် ကူညီပေးနိုင်မလားဆိုတာဟာ စောင့်ကြည့်စရာဖြစ်လာပါတယ်။ ဒါပေမယ့် တချို့ကတော့ နယူးကာဆယ်ရဲ့အပြောင်းအလဲများပြားမှုကို ထောက်ပြကြပါတယ်။

ပြောရရင် နယူးကာဆယ်ဟာ ပထမရာသီဝက်မှာ ခြေစွမ်းပိုင်းယိမ်းယိုင်ခဲ့မှုရဲ့ နောက်ကွယ်အတွင်း အသင်းကိုအပြောင်းအလဲ အများအပြားပြုလုပ်ခဲ့မှုက အခြေခံနေပါတယ်။ နယူးကာဆယ်ဟာ နွေရာသီဈေးကွက်အတွင်း ဝိလ်နယ်ဒန်၊ မီထရိုဗစ်၊ အမ်ဘမ်ဘာ၊ တိုနေး၊ သူဗင်တို့လို ကစားသမားတွေကို ခေါ်ယူခဲ့ပြီး အသင်းကနေ ကစားသမား ရှစ်ဦးအထိ ထွက်ခွာခွင့်ပြုခဲ့ကာ အသင်းကိုအပြောင်းအလဲ ကြီးကြီးမားမားပြုလုပ်ခဲ့တာကြောင့်လည်း နယူးကာဆယ်ဟာ တည်ငြိမ်မှုမရဘဲ ပျက်ယွင်းခဲ့တာဖြစ်ပါတယ်။

အထူးသဖြင့် ဇန်နဝါရီဈေးကွက် ကာလဆိုတာက ရာသီဝက်မှာ ဖြစ်တည်တဲ့အပြောင်းအရွှေ့ကာလတစ်ခုသာဖြစ်တယ်။ အဆိုပါ အပြောင်းအရွှေ့ကာလဟာ ပထမရာသီဝက်မှာ လိုအပ်ချက်ပြင်းထန်ခဲ့မှုတွေနဲ့ ဒဏ်ရာရကစားသမားတွေ များပြားနေခဲ့မှုတွေ ဖြစ်ပေါ်ခဲ့မယ်ဆိုရင် အားဖြည့်ပြုပြင်နိုင်တဲ့ကာလဖြစ်လို့ အသုံးချတတ်မယ်ဆိုရင် အဖိုးတန်တဲ့ အပြောင်းအရွှေ့ကာလတစ်ခုဖြစ်ပေမယ့် အသုံးမချတတ်ဘူးဆိုရင်တော့ အဲ့ဒီ ဇန်နဝါရီအပြောင်းအရွှေ့ ကာလဟာ အသင်းကို ပိုမိုယိမ်းယိုင် သွားတတ်စေတဲ့ ကာလတစ်ခုလည်းဖြစ်တယ်။

ဘာကြောင့်လဲဆိုရင် အဆိုပါ ဈေးကွက်အတွင်း လိုအပ်တာထက်ပိုမိုအားဖြည့်မှုဟာ အသင်းရဲ့ရှိရင်းစွဲအထိုင်ကျမှုကို ထိခိုက်စေနိုင်တာကြောင့်ပဲ ဖြစ်တယ်။ အရှင်းဆုံးပြောရရင် အဲဒီလိုရာသီဝက်မှာ ကစားသမား အများအပြားခေါ်ယူခြင်းနဲ့အတူ အဆိုပါ ကစားသမားသစ်တွေနဲ့ ရှိရင်းစွဲကစားသမားတွေကြား နားလည်မှုတစ်ခုကို ပြန်လည်တည်ဆောက်ယူရဖို့ရှိလာသလို အဲဒီအချက်ကိုသာ အချိန်မီမတည်ဆောက်နိုင်ရင် ပြိုင်ဆိုင်မှုပိုပြင်းထန်တဲ့ ဒုတိယရာသီဝက်မှာ အသင်းဟာ အသင်းလိုက်ဟန်ချက်ပိုမိုပြီး ပျောက်ဆုံးကာ ပထမရာသီဝက်ကထက် တောင် ရလဒ်တွေ ပိုမိုဆိုးရွားတတ်တာကြောင့်ပဲဖြစ်တယ်။

ထပ်ပြောရရင် နယူးကာဆယ်ဟာ ဆိုခဲ့ပြီးတဲ့အတိုင်း ရာသီအစ နွေရာသီဈေးကွက်မှာကတည်းက ကစားသမား အများအပြားခေါ်ယူကာ အသင်းကိုအပြောင်းအလဲကြီးကြီးမားမားပြုလုပ်ခဲ့တဲ့အသင်းဖြစ်တယ်။ ဒါကြောင့် မန်နေဂျာ မက္ကလာရင်ဟာ အသင်းကို နားလည်ညီညွတ်မှုရှိအောင် ခက်ခက်ခဲခဲကြိုးစားတည်ဆောက်ခဲ့ရသလို အဆိုပါ ကြိုးစားမှုဟာ ကာလကြာရှည်ခဲ့တာနဲ့အမျှ နယူးကာဆယ်ရဲ့ ခြေစွမ်းလည်း ပထမရာသီဝက်မှာ ပျက်ယွင်းခဲ့ရတာတောင် အခုလို ဇန်နဝါရီဈေးကွက်မှာ ကစားသမားအများအပြားထပ်ခေါ်ခဲ့တာကြောင့် မက္ကလာရင်အနေနဲ့ အသင်းကို ဒုတိယရာသီဝက်မှာ အစကနေပြန်အထိုင်ချရမယ့် အခြေအနေနဲ့ ကြုံတွေ့ရနိုင်တာကြောင့် ဒီဒုတိယအကျော့မှာလည်း နယူးကာဆယ်အနေနဲ့ တည်ငြိမ်မှုအမြန်ပြန်ရကာ တန်းတင်ကျန်ရစ်အောင် စွမ်းဆောင်နိုင်ပါ့မလားဆိုတာကို သံသယရှိလာကြတာပဲဖြစ်ပါတယ်။

ပြောရရင် နယူးကာဆယ်ဟာ ပထမရာသီဝက် ၁၉ ပွဲမှာ ပြီးဆုံးခါနီးဖြစ်တဲ့ ပွဲစဉ် ၁၅ ကနေ ၁၉ အထိ ငါးပွဲမှာ လီဗာပူးနဲ့ စပါးကိုအနိုင်ကစားကာ ဗီလာကို သရေကစားပြီး အဲဗာတန်နဲ့ ဝက်စ်ဘရွန်းတို့ကို တစ်ဂိုးတည်းနဲ့သာ ကပ်ရှုံးခဲ့တဲ့အနေအထားအရ မက္ကလာရင်ရဲ့ အထိုင်ချမှုဟာ ပထမရာသီဝက်နောက်ဆုံးပိုင်းမှာ အရာထင်စပြုလာပြီလို့ဆိုနိုင်ပေမယ့် အခုတော့ ကစားသမားသစ်တွေ အများအပြား ထပ်ရောက်လာမှုနဲ့အတူ မက္ကလာရင်အနေနဲ့ အသင်းကို အစကပြန်အထိုင်ချရတော့မယ့် အခြေအနေဖြစ်လာခြင်းက ကောင်းကွက်တစ်ခုလို့ မဆိုနိုင်ဘူးဆိုပြီး သုံးသပ်ကြတယ်။

ဒါကြောင့်လည်း ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်ကာလမှာ ကစားသမားသစ် အများအပြားထပ်မံအားဖြည့်ခဲ့ပြီး အသင်းကို တည်ဆောက်ခဲ့ပေမယ့်လည်း အသင်းအနေနဲ့ တန်းမဆင်းရဖို့ဆိုရင် အချိန်တိုအတွင်း အထိုင်ကျဖို့ လိုအပ်နေသလို ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်တွေ အတွင်းမှာလည်း နယူးကာဆယ်ဟာ လက်စတာ၊ ဆောက်သမ်တန်၊ လီဗာပူး၊ စပါး စတဲ့အသင်းကောင်းတွေနဲ့ ကစားဖို့လည်း ကျန်ရှိနေပါသေးတယ်။ ဒါ့အပြင် ရွှေ့ဆိုင်းခဲ့ရတဲ့ပွဲကလည်း ဆိုခဲ့ပြီးတဲ့အတိုင်း မန်စီးတီးလို အသင်းကြီးနဲ့ဖြစ်နေပြန်တဲ့အခါ နယူးကာဆယ်ရဲ့ အသင်းကိုပြုပြင်တည်ဆောက်မှုတွေဟာ တန်းမဆင်းရရေးအတွက် လုံလောက်တဲ့တည်ငြိမ်မှုကို အထောက်အကူဖြစ်စေမှာလားဆိုတာ စောင့်ကြည့်သွားရဖို့သာရှိပါတယ်။

■■■

ရှမ်းပြည်နယ်

# အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေး ရေတိမ်ဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ စဉ်ဆက်မပြတ်ထိန်းသိမ်းပေး



အင်းလေးကန် ရေရှည်တည်တံ့ရေး လေ့လာသုတေသနပြုနေသည့်အဖွဲ့ကို တွေ့ရစဉ်။



သာယာဝတီဗျိုင်း (Intermedit Egret)

အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် အရှေ့တောင်အာရှ၏ အကြီးဆုံး ကုန်းတွင်းရေတိမ်ဒေသများတွင် တစ်ခု အပါအဝင်ဖြစ်သည့်အပြင် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) တစ်ခုလည်းဖြစ်သည်။ အင်းလေးကန်သည် ဇီဝနယ်မြေတစ်ခုဖြစ်သောကြောင့် ဘူမိရုပ်သွင် ထူးခြားမှုရှိခြင်း၊ သက်ရှိ သက်မဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝပြီး နိုင်ငံခြားသားများနှင့် သုတေသနပညာရှင်များ အထူးစိတ်ဝင်စားသော သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုအဖြစ် ယနေ့တိုင်တည်ရှိနေခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။



ခရုတုတ်ငှက်များ (Asian Openbill)

အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံ၏အမွေအနှစ်ဥယျာဉ်အဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၉ ရက်တွင် အင်းလေးကန်ဇီဝအဝန်းနယ်မြေအဖြစ် လည်းကောင်း တည်ထောင်သတ်မှတ်ခဲ့သည့်အတွက် အင်းလေးကန်သည် မြန်မာနိုင်ငံ၏ရတနာတစ်ပါးအဖြစ် ဝင့်ကြွားလျက်ရှိသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်၊ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့၌ တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ စတင်တည်ထောင်ခါစတွင် ၂၄၈ စတုရန်းမိုင် ကျယ်ဝန်းခဲ့သည်။ လက်ရှိတွင် ၂၀၆ ဒသမ ၀၇ မိုင်ကျန်ရှိသည်။

အင်းလေးကန်ဘေးမဲ့တော၌ နို့တိုက်သတ္တဝါကိုးမျိုး၊ ရေပျော်ငှက် ၉၁ မျိုးနှင့် ကုန်းနေငှက် ၂၅၉ မျိုး၊ ဒေသရင်းမျိုး၁၆ မျိုး အပါအဝင် ငါးမျိုးစိတ် ၆၁ မျိုး၊ လိပ်ပြာ ၉၄ မျိုး၊ ကုန်းနေ/ရေနေသတ္တဝါ ၂၅ မျိုး၊ လိပ်သုံးမျိုးတို့ နေထိုင်ကျက်စားလျက်ရှိပြီး သစ်ခွ ၁၈၄ မျိုး၊ ဆေးဖက်ဝင်အပင် ၅၂၇ မျိုး၊ ဝါးပင် ၁၁ မျိုးနှင့် ရေညှိရေမှော် ၁၂ မျိုး၊ ပေါက်ရောက်ပင်ဖြစ်သော သစ်မျိုးသစ်ပင် ၈၆ မျိုးတို့ ရှင်သန်ပေါက်ရောက်လျက်ရှိကြောင်း မှတ်တမ်းတင်ထားပြီးဖြစ်သည်။

အင်းလေးကန်ရေတိမ်ဒေသ ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ စဉ်ဆက်မပြတ် ထိန်းသိမ်းရေးနှင့် ရေရှည်အသုံးချနိုင်ရေး၊ ဒေသခံတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ တိမ်ကောပပျောက်မှုမရှိစေရေးနှင့် ဒေသခံတို့၏ စီးပွားရေးအခွင့်အလမ်းနှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် အင်းလေးကန်သာယာလှပရေး၊ ရေနေ၊ ကုန်းနေသတ္တဝါနှင့် ဇီဝမျိုးစိတ်များ ရှင်သန်ရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် တိုင်းရင်းသားလူငယ်များ အင်းလေးကန်ရေရှည်တည်တံ့လှပရေးကို စိတ်ဝင်တစားဆောင်ရွက်လာခြင်းသည် အင်းလေးကန်အနာဂတ်အတွက် အလင်းရောင်များဖြင့် လမ်းပြခြင်းပင်ဖြစ်သည်။

ကမ္ဘာတွင်ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း ကိုးကြောင်းရှိပြီး မြန်မာနိုင်ငံသည် ထူးခြားစွာ လမ်းကြောင်းနှစ်ကြောင်း ပျံသန်းသည့်အတွက် ဆောင်းခိုငှက်ဝင်ရောက်မှုများပြားခြင်းဖြစ်ကြောင်း၊ အင်းလေးကန်၌ ငှက်မျိုးစိတ် ၃၄၇ မျိုးရှိရာမှ ယခု ဆောင်းရာသီတွင် ငှက်မျိုးစိတ်သုံးမျိုး တိုးလာသည့်အတွက် မျိုးစိတ်ပေါင်း ၃၅၀ ထိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း။

ငှက်ကြည့်သော နိုင်ငံခြားသားများ ဝင်ရောက်လေ့လာမှု တစ်နှစ်ထက်တစ်နှစ် များပြားလာစေရန် အင်းလေးကန်ထိန်းသိမ်းစောင့်ရှောက်မှုကို ရေတိုရေရှည်စီမံကိန်းနည်းတူ တိကျခိုင်မာသောလုပ်ငန်းစဉ်များ ဆက်လက်လိုအပ်နေဆဲဖြစ်ကြောင်း၊ ဆောင်းရာသီတွင် အင်းလေးသို့ ဝင်ရောက်နားခိုလာမည့် ဆောင်းခိုငှက်တို့ကို လေ့လာလိုသော နိုင်ငံခြားသားများဖြင့် ညောင်ရွှေမြို့သည် စည်ကားနေကြောင်း၊ ငှက်တစ်မျိုးတည်း၏ မျိုးစိတ်ကိုလေ့လာသူနှင့် မျိုးစိတ်အသစ်လေ့လာသူဟူ၍ ငှက်လေ့လာသူနှစ်မျိုးရှိပြီး အောက်တိုဘာလလယ်တွင် ဆောင်းခိုငှက်များ စတင်ဝင်ရောက်ကာ မတ်လတွင် ပြောင်းရွှေ့ပြီးဖြစ်၍ ဒီဇင်ဘာလနှင့် ဇန်နဝါရီလသည် ငှက်များကို စောင့်ကြည့်လေ့လာသော နိုင်ငံခြားသား အများဆုံးဝင်ရောက်သည့် အချိန်အခါ ဖြစ်ကြောင်း။

သို့ဖြစ်၍ ကမ္ဘာတွင်မရှိသော ငါးမျိုးစိတ် ၁၆ မျိုး အင်းလေးကန်၌ရှိနေပြီး အပင်၊ တောရိုင်းတိရစ္ဆာန်နှင့် ရေကန်ရှိ ဇီဝမျိုးစိတ်များ မပျောက်ကွယ်စေရန် အင်းလေးကန် သာယာလှပတည်တံ့မှုပေါ်တွင် မူတည်သည့်အတွက် ရည်ရှည်ထိန်းသိမ်းရာ၌ ဟန်ချက်ညီမှု လိုအပ်ကြောင်း၊ ရွာပေါင်း ၄၄၅ ရွာမှာ အင်းလေးကန်ကိုအမှီပြု၍ နေထိုင်နေသည့်အတွက် အင်းလေးကန်နယ်နိမိတ် ရေဝေရေလဲနှင့် ထိစပ်နေသည့်မြို့နယ်ပေါင်း ၁၀ မြို့နယ်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အင်းလေးကန် သာယာလှပစိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း ညောင်ရွှေမြို့ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၏ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောကြားသည်။

လက်ရှိတွင် အင်းလေးကန်၏ ရေနေ၊ ကုန်းနေ မျိုးစိတ်များမပျက်စီးစေရန် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ကင်းလှည့်စစ်ဆေးခြင်း၊ လူထုပညာပေးအသွင်ဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အင်းလေးကန်ရေတိမ်အနက်ကို လစဉ်တိုင်းတာမှတ်တမ်းတင်ခြင်း၊ ဥယျာဉ်နယ်နိမိတ်စစ်ဆေးကာ အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ မြေအသုံးချမှုမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် သဘာဝအခြေခံခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ကန်အတွင်း ဓာတုမြေသြဇာနှင့် ပိုးသတ်ဆေးများလျှော့ချသုံးစွဲခြင်းနှင့် ဇီဝအဝန်းနယ်မြေဆိုင်ရာ လူထုအသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းဖြင့် အင်းလေးကန်ရေရှည်တည်တံ့ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငှက်မျိုးစိတ်သုံးမျိုးကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အဆိုပါဆောင်းခိုငှက်တို့မှာ ဆက်ရက်၊ ပလိုဗာနှင့် ဖယ်ကွန်ငှက်တို့ဖြစ်သည်။ အင်းလေးကန်ဘေးမဲ့တောအတွင်းရှိ ရေတိမ်ဒေသဂေဟစနစ်ကိုထိန်းသိမ်းခြင်း၊ ရေပျော်ငှက်များနှင့် ရေတိမ်ဒေသရေနေသတ္တဝါများ၊ ရေနေအပင်များ၏ နေထိုင်ကျက်စားမျိုးပွားရာနေရာများကို သုတေသနပြုဆောင်ရွက်ခြင်း၊ သဘာဝဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များ ဒေသခံပြည်သူလူထုအတွင်း ပျံ့နှံ့စိမ့်ဝင်ခြင်း၊ လောပိတ ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် လိုအပ်သောရေအရင်းအမြစ်ကို စဉ်ဆက်မပြတ် ထောက်ပံ့နိုင်ခြင်းတို့ဖြင့် အင်းလေးကန် ရေရှည်တည်တံ့စေမည့်အပြင် သဘာဝဇီဝမျိုးစိတ်များကို ထိန်းသိမ်းနိုင်ခြင်းကြောင့် ပထမဆုံးသဘာဝဇီဝထိန်းသိမ်းနယ်မြေအဖြစ် ယူနက်စကိုက အတည်ပြုခဲ့ခြင်းတို့သည်အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ဆက်လက်ထိန်းသိမ်းသွားရန် နိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ပေသည်။

ဆောင်းပါး-မြင့်မြတ်သစ္စာ
ဓာတ်ပုံ-ဇွဲမာန်



ရေကြက်ဒုံ (Blacek Coot)

နေပြည်တော်ကောင်စီနယ်မြေ

# ခိုင်မာတည်ငြိမ်သော နိုင်ငံတကာဈေးကွက်ရရှိသည့်အတ္တလန္တစ်အာလူး တပ်ကုန်း၌ အောင်မြင်

သတင်းဆောင်းပါး
ကျော်သူဝင်း (မြန်မာ့အလင်း)
ဓာတ်ပုံ - သက်ထက်

အာလူးစိုက်တောင်သူများအတွက် ဈေးကွက်ခိုင်မာတည်ငြိမ်သည့် နိုင်ငံတကာဈေးကွက်ဝင် အတ္တလန္တစ် (နယ်သာလန်) အာလူးမျိုးများကို တပ်ကုန်းမြို့နယ်ရှိ ကျေးရွာများ၌ စတင်စမ်းသပ်စိုက်ပျိုးအောင်မြင်နေကြောင်း သိရသည်။

အတ္တလန္တစ်အာလူးမျိုးသည် နယ်သာလန်မျိုးဖြစ်ပြီး ဈေးကွက်ခိုင်မာမှုရှိကာ စိုက်ပျိုးသူတောင်သူများအတွက် တွက်ခြေကိုက်သောသီးနှံဖြစ်သည်။ အဆိုပါအာလူးများကို ထိုင်းနိုင်ငံရှိ အာလူးကြော်စက်ရုံသို့ တင်ပို့ရောင်းချကာ နိုင်ငံတကာအဆင့်မီ အာလူးကြော်များကို နိုင်ငံအနှံ့သို့ ထုပ်ပိုးရောင်းချနေသော ကုမ္ပဏီဖြစ်သည်။ အဆိုပါအာလူးမျိုးများကို အာဗင်တင်းကုမ္ပဏီကထုတ်ပေးပြီးတပ်ကုန်းမြို့နယ်ရှိအာလူးစိုက် တောင်သူများအား စတင်စိုက်ပျိုးစေခဲ့ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကုမ္ပဏီက ကမ္ဘာ့ဈေးကွက်ဝင် အတ္တလန္တစ်အာလူးမျိုးကို တပ်ကုန်းမြို့နယ်မှာရှိတဲ့ တောင်သူများအား ယခုနှစ်မှ စတင်စိုက်ပျိုးတာဖြစ်ပါတယ်။ မျိုးတွေ၊ မြေဩဇာနဲ့ ပိုးသတ်ဆေးတွေနဲ့ နည်းပညာတွေကို ကူညီထောက်ပံ့ပေးပါတယ်။ အဲဒီအရင်းအနှီးတွေကိုတော့ အာလူးရောင်းတဲ့အချိန်မှာ ပြန်လည်ခုနှိမ်မှာဖြစ်ပါတယ်။ ထွက်ရှိတဲ့ အားလူးတွေကိုလည်း ကျွန်တော်တို့ ကုမ္ပဏီကပဲ ပြန်လည်ဝယ်ယူမှာ ဖြစ်ကာ ဈေးနှုန်းလည်း သတ်မှတ်ပေးထားပါတယ်။ အခုအပြင်မှာ ဝယ်နေတာက တစ်ပိဿာ ငွေကျပ် ၄၀၀၊ ကျွန်တော်တို့က တစ်ပိဿာ ငွေကျပ် ၆၀၀ ဝယ်ယူပေးနေတာပါ။ ဒါပေမယ့် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်း ပြည့်မီဖို့တော့လိုပါတယ်။ ကျွန်တော်တို့ သတ်မှတ်ထားတာကတော့ အာလူးက အလုံးဝိုင်းပြီး ၄၀ စင်တီမီတာအောက် မသေးဘဲ ၉၀ စင်တီမီတာထက် မကြီးစေရပါဘူး။ အမည်းကွက်တွေ၊ အပြစ်အနာဆာတွေပါရင်တော့ ပယ်ပါတယ်။ လက်တွေ့အာလူးကြော်အဖြစ်စမ်းသပ်စစ်ဆေးပြီးမှ ဝယ်ယူတာဖြစ်ပါတယ်။ ဒီတပ်ကုန်းမှာ ဒေသမျိုးတွေထက် နှစ်ဆပိုထွက်တာကိုတွေ့ရပါတယ်။ ဒီအတ္တလန္တစ် အာလူးတွေကို ထိုင်းနဲ့ အင်ဒိုနီးရှားနိုင်ငံတွေကို အဓိကတင်ပို့ပါတယ်။ ဒီမျိုးတွေကို ရှမ်းပြည်နယ် ဟဲဟိုး၊ အောင်ပန်းနဲ့ မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမှာ အများကြီးစိုက်ပျိုးအောင်မြင်နေပါတယ်။ တပ်ကုန်းမြို့နယ် ငွေးပင်ရွာနဲ့ ခရမ်းစပ်ကုန်းကျေးရွာတွေမှာ ဧက ၂၀ လောက်စမ်းသပ်စိုက်ပျိုးတာ အောင်မြင်နေပါတယ်။ လာမယ့်နှစ်မှာ ဧက ၁၀၀ လောက် တိုးချဲ့စိုက်ပျိုးဖို့ရှိပါတယ်။ စိုက်ပျိုးသူတောင်သူတွေ အထွက်လည်းတိုး ဈေးကွက်လည်း ခိုင်မာမှုရှိတာကြောင့် တိုးချဲ့စိုက်ဖို့ လာပြောတာတွေရှိနေပါတယ်" အာဗင်တင်းကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဦးမျိုးညွှန့်က ပြောပြသည်။

အာဗင်တင်းနှင့် ပက်စီကုမ္ပဏီတို့ ပူးပေါင်းကာ မြန်မာနိုင်ငံမှ ထွက်ရှိသော အတ္တလန္တစ် အာလူးကုန်ကြမ်းများကို ထိုင်းနိုင်ငံ၌ အာလူးကြော်အဖြစ် ကုန်ချောထုတ်လုပ်ကာ နိုင်ငံတကာသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ကျွန်တော်က အာလူးစိုက်တောင်သူတစ်ဦးပါ၊ အခုအတ္တလန္တစ်မျိုးကို တစ်ဧကခွဲစိုက်ထားခဲ့တာပါ။ မျိုး၊ အရင်းအနှီးနဲ့ နည်းပညာတွေ ကူညီထောက်ပံ့ပေးတာကြောင့် ပိုအဆင်ပြေပါတယ်။ အာလူးက ကုန်းရော၊ ချောင်းထဲမှာပါ စိုက်လို့ရပါတယ်။ စတင်စိုက်ချိန်မှ တူးဖော်တဲ့ အချိန်အထိ သုံးလကြာပါတယ်။ တစ်ဧကကို ကုန်ချိန်ပိဿာ ၄၀၀၀ ကျော်ထွက်ပါတယ်။ အခုနည်းပညာတွေကြောင့် အထွက်နှုန်းလည်း နှစ်ဆပိုတဲ့အပြင် ဈေးနှုန်းက ပုံသေရှိတာကြောင့် တွက်ခြေကိုက်ပါတယ်။ အလုံးမလှလို့ ပယ်တဲ့ အာလူးတွေကို အပြင်မှာ ပြန်လည်ရောင်းချပါတယ်။ ဒီဒေသမှာ အခုမှ စတင်စမ်းသပ်စိုက်တာပါ။ အောင်မြင်လာတော့ လာမယ့်နှစ်မှာ စိုက်မယ့်သူများလာမှာပါ။ အခုကျွန်တော်တို့ တောင်သူတွေမှာ အခက်အခဲဖြစ်နေတာက အောင်မြင်ဖြစ်ထွန်းတဲ့ သီးနှံတွေ စုပုံလာရင် ဝယ်လက်က ဈေးကစားပြီး ဈေးနှိမ့်တာတို့၊ ဈေးကျတာတို့ အမြဲလုပ်တာကြောင့် ဒီလိုဈေးကွက်တည်ငြိမ်ပြီး အာမခံနိုင်မယ့် သီးနှံမျိုးကို ရွေးချယ်စိုက်ချင်ကြပါတယ်။ အာမခံပေးနိုင်မယ့် သီးနှံမျိုးကိုပဲ စိုက်မှာပါ"ဟု တပ်ကုန်းမြို့နယ် ငွေးပင်ရွာမှ အာလူးစိုက်တောင်သူတစ်ဦးက ပြောပြသည်။

တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပေးနေသော လုပ်ငန်းရှင်များသည် ခိုင်မာတည်ငြိမ်သည့် နိုင်ငံတကာဈေးကွက်ရရှိစေရေး၊ ၎င်းတို့ ထုတ်ကုန်ပစ္စည်းများကို တောင်သူများအကျိုးရှိစွာ သုံးစွဲတတ်စေရန်နှင့် ကျေးလက်နေတောင်သူများ၏ ဆင်းရဲမှုလျှော့ချရေးအတွက် ရည်ရွယ်လုပ်ဆောင်နေကြောင်း သိရသည်။





## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်**<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊<br>ဖုန်း-၀၆၇-၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)**<br>ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။<br>ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**<br>အမှတ်(၇၇) ၊ ၅၂ လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**<br>အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊<br>အလယ်ဘလောက်၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)**<br>အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**<br>လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊<br>မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)**<br>ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။<br>ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)**<br>နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။<br>ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)**<br>မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊<br>ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)**<br>အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊<br>ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)**<br>အမှတ်(၄၁) ဧရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။<br>ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)**<br>ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊<br>မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)**<br>ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊<br>မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**<br>မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။<br>ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)**<br>ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။<br>ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**<br>နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။<br>ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

**ရှမ်းပြည်နယ်(မြောက်ပိုင်း)**

# ရှေးဟောင်းသမိုင်းဝင်ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်

စိုင်းသာလှိုင်(လိမ္မော်မြေ)
ဓာတ်ပုံ - စိုင်း(သီပေါ)



မုခ်လေးမုခ်၌ စံပယ်နေသည့် ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာစျာန်အောင် မြတ်ဘုရားလေးဆူ။

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့သည် ရှေးဟောင်း ဘုရားပုထိုးစေတီအများအပြား တည်ထားကိုးကွယ်သည့် ဒေသဖြစ်သကဲ့သို့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘော်ကြိုဘုရားကြီးတည်ရှိရာ ဌာနေလည်းဖြစ်သည်။ ဘော်ကြိုဘုရားကြီး (မုဋ္ဌောစေတီ)သည် သီပေါမြို့၏အနောက်ဘက်ခြမ်း မန္တလေး၊ လားရှိုးပြည်ထောင်စုလမ်းမကြီး၏ မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ်မြောက်ဘက် အရပ်၌ တည်ရှိသည်။ မြန်မာနိုင်ငံ၌ တန်ခိုးကြီး ရုပ်ပွားဆင်းတုတော်၊ ပုထိုးတော်၊ စေတီတော်များအနက် လူသိများလှသော ရှေးဟောင်းသမိုင်းဝင်ဘုရားကြီး တစ်ဆူ ဖြစ်ပေသည်။

ဘော်ကြိုဘုရားကြီးတွင် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များ ပေါင်း၍ ဘော်ကြိုဘုရားဟု သိရှိကြသော်လည်း စေတီတော်၏ ဒါယကာနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ ဒါယကာများမှာ တစ်ဦးစီဖြစ်ကြပြီး တည်ထားကိုးကွယ် ထုလုပ်လှူဒါန်းခဲ့သော နှစ်များမှာလည်း ကွာခြားလျက်ရှိသည်။

ဘော်ကြိုဘုရား(မုဋ္ဌောစေတီတော်)၏ ဒါယကာမှာ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၃၄ ခုနှစ် ကြာသောအခါ ပါဋလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောကမင်းကြီးဖြစ်သည်။ တတိယ သင်္ဂါယနာတင်ပြီး သာသနာသက္ကရာဇ် ၂၀၀ နှင့် ၃၀၀ ကြားတွင် မုဋ္ဌောစေတီတော်အား တည်ထားခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ လုပ်အားဒါနဖြင့်တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော်၏ ဘွဲ့တော်မှာ မုဋ္ဌောစေတီဖြစ်သည်။ မုဋ္ဌိသဒ္ဒါမှာ လက်တစ်ဆုပ်သုံးပေ စသည်ဖြင့် ပါဠိအဘိဓာန်၌ ဖွင့်ဆိုထားသဖြင့် ယင်းအတိုင်းအတာရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ဌာပနာထားသည့် စေတီတော်ဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် စေတီတော်ကို ရေကန်အလယ်တွင် ရွှေ၊ ငွေ၊ ကြေး၊ အုတ်တို့ဖြင့် မြေစိုက် ပန္နက်တော်ချ၍ မွေတော်စစ်ကို ဌာပနာလျက် တည်ဆောက်ခဲ့ပြီး ဘွဲ့တော်ကိုလည်း မုဋ္ဌောစေတီဟု သမုတ်ခဲ့ပေသည်။

ဘော်ကြိုဘုရားကြီး စေတီတော်အား တည်ထားရာနေရာသည် ဘုရားအလောင်း နစဉ်ဘဝ ဝက်ဖြူမင်းဖြစ်စဉ် ရေအိုင်နေရာ၌ စေတီတော်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး ဘုရားကြီး၏ မုခ်လေးမုခ်၌ ကိုးကွယ်ထားသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ဒါယကာမှာ ခရစ်နှစ် ၁၁၇၄ ခုနှစ် မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံပြည့်ရှင်မင်းယဉ်နရသိခ်၏ ညီတော်နရသူ၏ သားတော် နရပတိစည်သူမင်းကြီးဖြစ်သည်။

ဘုရားကြီး၏ မုခ်လေးမုခ်၌ တိုင်းရင်းသားများဆည်းကပ်ကိုးကွယ်နိုင်ရန် ရှမ်းပြည်နယ်တစ်ခွင်သို့ နရပတိစည်သူမင်းကြီးက ဗုဒ္ဓလက်ဆောင်အဖြစ် သာသနာတော်ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ စံကားကိုးပိုင်း ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းခဲ့ရာ ဘော်ကြိုဘုရားကြီး၌ ကိုးကွယ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်များလည်း အပါအဝင်ဖြစ်ပေသည်။

ဘော်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်မှာ ယခင်က နှစ်စဉ် တပေါင်းလဆန်း ၇ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ဘုရားပွဲတော်အဖြစ် ကျင်းပခဲ့ပေသည်။ ထို့နောက် ပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ နှစ်စဉ် စည်ကားစွာကျင်းပခဲ့ရာ ယနေ့ထိတိုင်ဖြစ်သည်။


ခေါင်းသုံးလုံးပါ ဧရာဝဏ်ဆင်၊ ကြေးရုပ်လူသားနှင့်ကြေးခေါင်းလောင်းများ။

ဘော်ကြိုဘုရားကြီး၏ ပရိဝုဏ်အတွင်း အနောက်မြောက်ထောင့်၌ ပေါက်လျက်ရှိသော စံကားပင်မှာ ဘုရားစေတီတော်၏ အုတ်၊ ပြာသာဒ်၊ ထီးတော်၏အမြင့်ထက်သို့ မည်သည့်အခါမျှ မြင့်တက်မသွားခြင်း၊ ဘုရားကြီး၏ အနောက်တောင်ထောင့်အရပ်တွင် စေတီတော်၏ အောက်မှ ရေစီးဆင်းနေပြီး ဆယ့်နှစ်လရာသီရေထွက်နေခြင်း၊ ယင်းမှ တစ်ဆင့် ပေ ၂၀၀ အကွာတွင် အုတ်ရေကန်လေးတစ်ခုတည်ဆောက်ထားပြီး ယားယံဝေဒနာရှင်များ၊ မျက်စိဝေဒနာရှင်များ ရေကိုချိုးခြင်း၊ မျက်စဉ်းခတ်ခြင်းဖြင့် ဝေဒနာများပျောက်ကင်းခြင်း၊ ရေစင်ကို ဆောင်ထားပါက လာဘ်လာဘ ကောင်းမွန်ခြင်း၊ အန္တရာယ်ကင်းခြင်း၊ စေတီတော်၏ မုခ်များထွင် ကိန်းဝပ်စံပယ်နေသော ရုပ်ပွားတော်များသည် သီတင်းသုံးသည့် မုခ်များတွင်သာ အစဉ်အမြဲကိန်းဝပ်စံပယ်စေရခြင်း၊ ပင့်ဆောင်သည့်အခါ၌လည်း ရှေ့နောက်ဘွဲ့စဉ်များအတိုင်း ပင့်ဆောင်ရခြင်း၊ ဘုရားကြီးတောင်ဘက်မုခ်၌ မြတ်စွာဘုရား၏ ခြေတော်ရာရှိခြင်း၊ မုခ်လေးမုခ်၌ ဘုရားအား မျက်နှာမူ၍ စောင့်ရှောက်နေသော ဘီလူးရုပ်တုငါးခုရှိခြင်း၊ ရှေးယခင်က ၎င်းတို့အား အမဲသားအစိမ်းများကို အပတ်စဉ်ကျွေးမွေးရခြင်း၊ ခေါင်းသုံးလုံးပါ ဧရာဝဏ်ဆင်နှင့် ကြေးရုပ်လူသား စသည့် ဘုရားကြီးနှင့်ပတ်သက်၍ ထူးခြားဖွယ်ရာအများအပြားရှိပေသည်။

ဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၇ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ(မတ် ၁၈ ရက်မှ ၂၃ရက်) ခြောက်ရက်တိုင်တိုင် အငြိမ့်၊ ရှမ်းပြဇာတ်၊ ရိုးရာယဉ်ကျေးမှုရှမ်း၊ ပလောင် ပဒေသာကပွဲများ၊ စင်တင်တေးဂီတနှင့် အခြားပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ရှေးဟောင်း သမိုင်းဝင်ဘော်ကြိုဘုရားကြီး အထွေထွေဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် ရွှေပြား၊ ရွှေသက်န်း၊ လှူပ်စစ်မီးနှင့် အလှူငွေများ လှူဒါန်းလိုကြသော ရဟန်း ရှင်လူ စေတနာရှင်များ စိတ်ချမ်းမြေ့စွာလှူဒါန်းနိုင်ရေးအတွက် ဘော်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်၌ အလှူခံဌာနများ ဖွင့်လှစ်ထားကြောင်း သိရသည်။

သို့ဖြစ်၍ ဗုဒ္ဓနွယ်ဝင် တိုင်းရင်းသားပြည်သူများအနေဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့ရှိ သမိုင်းဝင်ဘော်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်သို့ လာရောက်ကြည်ညိုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။


ဘော်ကြိုဘုရားကြီးနှင့် စေတီတော်အထက်မြင့်တက်သွားခြင်းမရှိသော စံကားပင်။

**မန္တလေးတိုင်းဒေသကြီး**

# အယ်နီညိုအကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဆွေးနွေး

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဆီမီးကန်ကျေးရွာအုပ်စုရှိ ပြည်သူများကို အယ်နီညိုဖြစ်စဉ်နှင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရန် အဆိုပါကျေးရွာရှိ ရောင်နီဦးစာကြည့်တိုက်၌ မတ် ၃ ရက်က အသိပညာပေး ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်က အပူလွန်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်း၊ မီးဘေး၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ပြုလုပ်ထားကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး၊ သွေးလွန်တုပ်ကွေး၊ ဇီကာဗိုင်းရပ် စသည့်ရောဂါများကို ကြိုတင်ကာကွယ်နိုင်ရေး ဆွေးနွေးပြောကြားသည်။

ထို့အပြင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စက်မှုသီးနှံဦးစီးမှူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးတို့က အယ်နီညိုဖြစ်စဉ်နှင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရန် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

တောင်သာမြို့နယ်တွင် အယ်နီညိုဖြစ်စဉ်နှင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် အဖွဲ့သုံးဖွဲ့ခွဲကာ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိကျေးရွာပေါင်း ၄၂ ရွာအထိ ကွင်းဆင်းဆွေးနွေးခဲ့ကြောင်း၊ တောင်သာမြို့နယ်၌ ကျေးရွာအုပ်စုပေါင်း ၈၃ အုပ်စုနှင့် ကျေးရွာပေါင်း ၂၄၃ ရွာရှိကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)

**စစ်ကိုင်းတိုင်းဒေသကြီး**

# နွေရာသီတွင် လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်

နွေရာသီတွင် အယ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုအပေါ် လိုက်နာဆောင် ရွက်ရမည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ နှိုးဆော်ချက်များကို စစ်ကိုင်း တိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မတ် ၁ ရက်က စတင်ကာ ဂန့်ဂေါ မြို့ပေါ်ရပ်ကွက်များ၌ ကြေညာထားသည်။

ကြေညာချက်တွင် သောက်သုံးရေနှင့်စိုက်ပျိုးရေကို စနစ်တကျချွေတာသုံးစွဲရန်၊ နွေစပါးကို ရေလိုအပ်ချက်နည်းသည့် သက်တမ်းတို အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရန်၊ နွေစပါးစိုက်ပျိုးရာတွင် GAP ၁၄ ချက်ကို လိုက်နာကျင့်သုံးရန်၊ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိအောင် လယ်ကြားမြောင်းစနစ်တကျကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ လယ်ကန်သင်းများ သွင်းရေလုံအောင်ထိန်းသိမ်းရန်၊ ရေရရှိနိုင်မှုနည်းသောဧရိယာများ၌ နွေနှမ်း၊ ပဲတီစိမ်း သီးနှံပြောင်းလဲစိုက်ပျိုးရန်၊ အကူအညီလိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့သို့ ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရန်တို့ ဖော်ပြပါရှိသည်။

အဆိုပါကြေညာချက်များကို ဗီနိုင်းဖြင့် မြို့ပေါ်ရှိ လူစည်ကားရာနေရာများ၊ လမ်းဆုံများ၌ စိုက်ထူကပ်ထားကြောင်းနှင့် ကျေးရွာများ၌လည်း ကြေညာချက်များကို ဆက်လက်ထားရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

**မကွေးတိုင်းဒေသကြီး**

# နတ်မောက် မြို့မဈေးကြီးသို့ ငှက်ပျောမျိုးစုံဝင်ရောက်လာ



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသများမှ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ငှက်ပျောမျိုးများနှင့် ပျဉ်းမနား၊ တောင်တွင်း၊ ကျောက်ပန်းတောင်း၊ ပွင့်ဖြူမြို့တို့မှ တင်သွင်းလာသည့် ဖီးကြမ်း၊ ရခိုင်ငှက်ပျော၊ ငှက်ပျောချဉ်၊ ရွှေနီငှက်ပျောများ နတ်မောက်မြို့၊ မြို့မဈေးကြီးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည်။

ယင်းငှက်ပျောမျိုးများတွင် ဖီးကြမ်းငှက်ပျောမျိုးမှာ အလုံးအရေအတွက် တစ်ဖီးလျှင် ၁၂ လုံး ၁၃ ရှိ အရည်အသွေးအပေါ်မူတည်ပြီး တစ်ဖီးလျှင် ငွေကျပ် ၉၀၀မှ ၁၃၀၀အထိ ဈေးနှုန်းများရရှိသည်။ မြို့မဈေးကွက်တွင် ရာသီအလိုက် ငှက်ပျောမျိုးစုံ ရောင်းအားအနည်းအများကွာခြားပြီး ယခုနွေရာသီတွင် မြို့တွင်းရှိအအေးဆိုင်များကလည်း အများဆုံးဝယ်ယူလာသောကြောင့် ရောင်းအားကောင်းကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

**ရှမ်းပြည်နယ်**

# နတလ(ပင်လုံ)ကျောင်း၌ ယဉ်ကျေးလိမ္မာအခြေပြုသင်တန်းဖွင့်



နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လုံ)၌ ယဉ်ကျေးလိမ္မာအခြေပြုသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း ဖွင့်ပွဲကို မတ် ၂ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲသို့ ရတနာစည်ဆရာတော် (လွိုင်လင်)နှင့် ပဲခူးမြို့ ကဝမဟာစည်သာသနာ့ရိပ်သာ ကဝဆရာတော် ဝဏ္ဏိတသ၊ ပင်လုံမြို့ပေါ်ရှိ ဆရာတော်များ၊ လွိုင်လင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သင်တန်းသားများတက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ကဝဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကာ ရတနာစည်ဆရာတော် (လွိုင်လင်)ထံမှ အနုမောဒနာတရားနာယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာအခြေပြုသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းကို သာသနာတော်ကြီး နှစ်ပေါင်းရှည်ကြာတည်တံ့စေရန်၊ ထေရဝါဒ ဗုဒ္ဓသာသနာဝင် မျိုးဆက်သစ်များ ပေါ်ထွန်းစည်ပင်ပြန့်ပွားစေရန်၊ နိုင်ငံတော်၏အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်မောင်မယ်များ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ယဉ်ကျေးလိမ္မာစွာဖြင့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို ယခုတစ်ကြိမ်အပါအဝင် ဆဋ္ဌမအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လုံ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မိုးလွင်ဦး(လွိုင်လင်)**

**ရှမ်းပြည်နယ်**

# တိုင်းရင်းသားစာပေများ ထားရှိမည့် စာကြည့်တိုက် မိုင်းပျဉ်းမြို့နယ် ဝမ်ယမ်းကျေးရွာ၌ ဖွင့်

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ် ဝမ်ယမ်းကျေးရွာဒေသခံပြည်သူများ အသိပညာဗဟုသုတ တိုးပွားလာစေရေးအတွက် ဝမ်ယမ်းကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်ကကျင်းပခဲ့ပြီး မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက စာကြည့်တိုက်အတွက် ရေဒီယိုနှစ်လုံးပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမိုးကျော်ကလည်းကောင်း၊ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက သုတ/ရသ စာအုပ်များ၊ ဒို့ကျေးရွာဂျာနယ်နှင့် ဂျာနယ်စုံတစ်နှစ်စာကိုပေးအပ်ရာ စာကြည့်တိုက်မှူးကလည်းကောင်း လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့်ပြည်သူများထည့်ဝင်ငွေကျပ် ၂၆ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စာကြည့်တိုက်၌ ဂုံရှမ်းစာပေ၊ အာခါစာပေ၊ လားဟူစာပေ၊ လီဆူစာပေနှင့် အဲန်တိုင်းရင်းသားစာပေများ ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းလျှံဖြိုး(ကျိုင်းတုံ)**

**မန္တလေးတိုင်းဒေသကြီး**

# ထူးထူးခြားခြား တစ်လတွင်တစ်ကြိမ်သာ ဖွင့်လှစ်ရောင်းချသော မြစ်ငယ်မြို့လခချဈေးကြီး



ထူးခြားစွာ တစ်လလျှင် တစ်ကြိမ်သာဖွင့်လှစ်ရောင်းချသော လခချဈေးကြီးတစ်ခုရှိသည်။ ယင်းလခချဈေးကြီးမှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)စက်ရုံလမ်း အထက်တန်းကျောင်းလမ်းပေါ်၌ ဖွင့်လှစ်ရောင်းချသောမြစ်ငယ်လခချဈေးကြီးဖြစ်၍ လစဉ်လကုန်ရက်တိုင်း အထူးစည်ကားစွာ ရောင်းဝယ်ဖောက်ကားလျက်ရှိသော လခချဈေးကြီးဖြစ်သည်။

အဆိုပါလခချဈေးကြီးသည် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)ဝန်ထမ်းများ လစာထုတ်ပေးသည့်နေ့တွင် ဝန်ထမ်းမိသားစုများအတွက် အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ ဝယ်ယူရောင်းချနိုင်ရန် အဓိကအားထားရောင်းချပေးသည့် ဈေးနေ့ကြီးဖြစ်ပြီး ယင်းဈေးနေ့တွင်လာရောက်ရောင်းချပေးသည့် အဝေးဈေးသည် (ဒေသခံများအခေါ်)များက အရောင်းအဝယ်ကောင်းသည့်အတွက် တဖြည်းဖြည်းလူသိများလာကာ အနယ်နယ်အရပ်ရပ်မှ ဈေးသည်များ လာရောက်ရောင်းချကြသည့်အတွက် ဒေသခံများသာမက အနီးအနားကျေးရွာများကပါ ဝယ်ယူရောင်းချမှုကြောင့် လခချဈေးကြီးမှာ တစ်လထက်တစ်လပိုမိုစည်ကားလာကြောင်း သိရသည်။

"ကျွန်မက ပခုက္ကူမြို့ကနေ ရှင်မတောင်သနပ်ခါးလာရောင်းတာပါ။ လစဉ်လတိုင်း လာရောင်းပါတယ်။ တစ်လမှာ တစ်ရက်သာရောင်းတဲ့ လခချဈေးနေ့ကြီးမို့ ပါသမျှပစ္စည်းအကုန်ရောင်းရပါတယ်။ ပစ္စည်းမှန် ဈေးမှန်ရောင်းပါတယ်"ဟု ပခုက္ကူမြို့မှ သနပ်ခါးလာရောက်ရောင်းချသူ တစ်ဦးက ပြောသည်။

မြစ်ငယ်စက်ရုံအငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူ အသက် ၈၀ အရွယ် ဦးဘသွယ်က "ဒီဈေးကြီးပေါ်ပေါက်လာတာက အင်္ဂလိပ်မင်းလက်ထက်ကပါ။ ဘဘ မြစ်ငယ်ရထားစက်ရုံမှာ အလုပ်ဝင်တာကတော့ ၁၉၅၁ ခုနှစ်ကပါ။ အဲဒီတုန်းက ဒီလောက် မစည်ကားသေးပါဘူး။ အခုတော့ တဖြည်းဖြည်းနဲ့တစ်လထက်တစ်လ ပိုမိုစည်ကားလာတာ တွေ့ရတယ်"ဟု ပြောပြသည်။

အဆိုပါမြစ်ငယ်မြို့ လခချဈေးကြီး၌ အသားငါး၊ အဝတ်အထည်၊ လက်ဖက်ခြောက်၊ သစ်သီးဆိုင်၊ ထမင်းဆိုင်၊ ဖျာဆိုင်၊ သနပ်ခါး၊ စောင် အစရှိသော လူသုံးအိမ်သုံးဈေးသည်များ လာရောက် ရောင်းဝယ်လျက်ရှိပြီး မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)စက်ရုံ၌ ကာယ ဉာဏဝန်ထမ်း ၁၅၀၀ နီးပါး အလုပ်လုပ်လျက်ရှိပြီး အလုပ်သမားမြို့တော်ဟုခေါ်ဆိုကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# နိုင်ငံတကာအားကစား ၇

ပရီမီယာလိဂ်ပွဲစဉ် (၂၉) မှာ စပါးနဲ့ အာဆင်နယ်ဆုံတွေ့တဲ့ပွဲပါဝင်နေသလို အဲဗာတန်နဲ့ဝက်စ်ဟမ်းဆုံတွေ့တဲ့ပွဲပါ ပါဝင်နေပါတယ်။ ဒါကြောင့် မတ် ၅ ရက်၊ ၆ ရက်မှာ ကျင်းပမယ့် အဆိုပါပွဲစဉ် (၂၉)ဟာ စိတ်ဝင်စားဖို့ကောင်းနေသလို မန်ယူ၊ လီဗာပူး၊ ချယ်လ်ဆီးတို့ နိုင်ပွဲရမရကိုပါ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။



## SPURS vs ARSENAL

**စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲတစ်ပွဲပါ။ လန်ဒန်မြို့ခံခါးသီးတဲ့ပြိုင်ဘက်တွေဖြစ်တာကြောင့်လည်း နိုင်ပွဲရယူနိုင်ရေးအတွက် အားစိုက်ကစားလာကြဖို့ရှိနေပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းဟာ ရာသီကုန်တိုင်း တစ်သင်းရဲ့အထက်မှာ တစ်သင်းက ရပ်တည်ချင်ကြသလို အဆိုပါအတွက်ကြောင့်လည်း ဒီနှစ်သင်းရဲ့ ပြိုင်ဆိုင်မှုက ပိုမိုပြင်းထန်လေ့ရှိတတ်ပါတယ်။ ဒီနောက်ပိုင်းနှစ်တွေမှာတော့ စပါးဟာ အာဆင်နယ်ရဲ့အထက်မှာ ရပ်တည်နိုင်တဲ့ဘောလုံးရာသီက ရှားပါးပြီး အများစုမှာတော့ အာဆင်နယ်ကသာ စပါးရဲ့အထက်မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိရာသီမှာတော့ စပါးအနေနဲ့ အာဆင်နယ်ရဲ့အထက်မှာရပ်တည်နိုင်ဖို့ အခွင့်အရေးတွေရှိနေသလို ဒီပွဲစဉ်မှာလည်း စပါးတို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ အထူးသဖြင့် စပါးဟာ အခုအချိန်မှာ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေပြီး တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေထက်မြက်နေပါတယ်။ ဒါ့အပြင် စပါးဟာ အိမ်ကွင်းပွဲစဉ်တွေမှာတော့ ကစားပုံပိုမိုကောင်းမွန်မှုရှိတတ်လို့ ဒီပွဲမှာ အာဆင်နယ်ကိုဖိအားပေးကစားနိုင်ဖို့လည်းရှိနေပါတယ်။ အာဆင်နယ်ကတော့လက်ရှိ ခြေစွမ်းပိုင်းအရ မဆိုးဘူးလို့ဆိုနိုင်ပေမယ့်လည်း ကွင်းလယ်ကစားပုံကစားတာ အနည်းငယ်လိုအပ်ချက်တွေရှိနေတယ်။ အထူးသဖြင့် အာဆင်နယ်မှာ ရမ်ဆေး၊ ဖလာမီနီတို့ရဲ့ခြေက သာမန်သာရှိတာကြောင့် ဒီပွဲစဉ်မှာ စပါးကို ကွင်းလယ်ကစားကွက်အသာရဖို့ဆိုတာ အာဆင်နယ်အတွက် အခက်အခဲတွေဖြစ်လာနိုင်ပါတယ်။ အာဆင်နယ်တို့ရလဒ်ကောင်းရဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် စပါးကို အသာရရှိရေးရုန်းကန်ရနိုင်သလို အမြင့်ဆုံးသရေလောက်သာ ကစားနိုင်ဖို့ရှိတယ်။**

## မန်စီးတီး vs ဗီလာ

ဗီလာက တန်းမဆင်းရဖို့အတွက်အားစိုက်ကစားနေသလို အသင်းလိုက်ကစားပုံကလည်း ကောင်းမွန်လာတာတွေ့ရတယ်။ ဒါပေမယ့် ဗီလာဟာ ခံစစ်ပိုင်းကတော့ ကျစ်လျစ်မှုမရှိတာကြောင့် အိမ်ကွင်းမှာ တိုက်စစ်ဖွင့်ကစားလာမယ့် မန်စီးတီးရဲ့ကစားအားကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ မလွယ်ပါဘူး။ မန်စီးတီးကသာ အိမ်ကွင်းမှာ ထိုးဖောက်မှုအသာနဲ့ကစားပြီး နိုင်ပွဲယူသွားမှာပါ။

## ချယ်လ်ဆီး vs စတုတ်

ချယ်လ်ဆီးခြေက ဟစ်ဒင့်လက်ထက်မှာ အကောင်းဆုံးပုံစံကို ရရှိနေပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေသလို အမှတ်လိုအပ်မှုများတာကြောင့်လည်း ပွဲတိုင်း အားစိုက်ကစားနေပြီး ဒီပွဲကလည်း အိမ်ကွင်းပွဲစဉ်ဖြစ်နေလို့ ချယ်လ်ဆီးတို့ ခြေကုန်ထုတ်ကစားလာမှာပါ။ စတုတ်ခြေကလည်း ဒီနောက်ပိုင်းမှာ တည်ငြိမ်မှုမရှိလို့ ချယ်လ်ဆီးပဲ အနိုင်ရမယ်။

## ဝက်ဖို့ဒ် vs လက်စတာ

ချန်ပီယံဆုမျှော်လင့်လာနိုင်တဲ့ လက်စတာဟာ ဒီလိုပွဲစဉ်မျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ ဝက်ဖို့ဒ်ရဲ့ခြေက မဆိုးသလို အိမ်ကွင်းအားနဲ့ ဖိအားပေးမှာဖြစ်ပေမယ့် လက်စတာခြေကကောင်းမွန်နေပါတယ်။ အထူးသဖြင့် လက်စတာကွင်းလယ်က ဝက်ဖို့ဒ်ကွင်းလယ်ထက် ပိုကောင်းတာကြောင့် လက်စတာကသာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

## အဲဗာတန် vs ဝက်စ်ဟမ်း

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အဲဗာတန်ဟာ အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေရှိနေပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့်လည်း အဲဗာတန်တို့ ပိုမိုပြီးအားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းကလည်း ခြေစွမ်းကောင်းမွန်နေတာကြောင့် အဲဗာတန်ကပ်ပြီး အနိုင်ရမယ်။

## ပဲလေ့စ် vs လီဗာပူး

ပဲလေ့စ်ဟာ အခုနောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပျက်ယွင်းလာနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကျစ်လျစ်မှုတွေ ကျဆင်းလာပါတယ်။ ဒါပေမယ့် ပဲလေ့စ်ဟာ အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲမှာ အားစိုက်ကစားလာမှာဖြစ်သလို လီဗာပူးခြေကလည်း တည်ငြိမ်မှုသိပ်မရှိပါဘူး။ ပဲလေ့စ်သရေလောက်ပဲ ကစားသွားနိုင်မှာပါ။

## ဆောက်သမ်တန် vs ဆန်းဒါးလန်း

ဆန်းဒါးလန်းက အခုနောက်ပိုင်းပွဲတွေမှာ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း တိုးတက်လာပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ခြေကလည်း အကောင်းဆုံးပုံစံမှာရှိနေကာ ခံစစ်ကစားပုံကျစ်လျစ်မှုရှိပြီး အိမ်ကွင်းလည်းဖြစ်တဲ့အတွက် ဆန်းဒါးလန်းကို ထိန်းချုပ်ကစားသွားနိုင်မှာပါ။ ဆောက်သမ်တန်ကသာ ကပ်နိုင်သွားဖို့ရှိတယ်။

## ကာဆယ် vs ဘုန်းမောက်

နယူးကာဆယ်ဟာ တိုက်စစ်ကစားပုံအားနည်းတယ်ဆိုပေမယ့် တန်းမဆင်းရဖို့အတွက် အခုနောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို အသင်းလိုက်ကစားပုံလည်း ကောင်းလာပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းပွဲစဉ် ဖြစ်တာကြောင့် နယူးကာဆယ်တို့ပိုမိုအားစိုက်ကစားလာမှာဖြစ်သလို ဘုန်းမောက်ခြေကလည်း သာမန်သာရှိတယ်။ ကာဆယ်ပဲ ကပ်နိုင်မယ်။

## ဝက်စ်ဘရွန်း vs မန်ယူ

ရလဒ်ပိုင်းအချို့ ပြန်လည်ကောင်းမွန်လာပေမယ့် မန်ယူရဲ့ခြေစွမ်းကတော့ ထက်မြက်မှုရှိလာပြီလို့ မဆိုနိုင်သေးပါဘူး။ ဝက်စ်ဘရွန်းကလည်း အသင်းလိုက်ကစားပုံကောင်းသလို အိမ်ကွင်းခံကစားအားကလည်း ကောင်းမွန်တာကြောင့် မန်ယူနိုင်ရင်တောင်မှ ပြတ်သားဖို့ ခက်မယ်။

***ရှေ့ဖုံးမှ***

တိုက်စစ်မှူးရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းနဲ့တော့ ယခုနှစ်ရာသီအစောပိုင်းကစားခဲ့တဲ့ ဝက်ဖို့ဒ်နဲ့လက်စတာအသင်းတို့ပွဲစဉ်မှာလည်း အသင်းမှာပါဝင်ကစားခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာတော့ အသင်းမှာ ခြေစွမ်းပြကစားပြီး မိနစ်ပိုင်းအတွင်းမှာပဲ နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒါဟာ ရက်ရှ်ဖို့ဒ်အတွက်တော့ ယခုအပတ်အတွင်း မန်ယူအသင်းနဲ့ ပါဝင်ကစားခဲ့တဲ့ နှစ်ပွဲစလုံးမှာ လေးဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းကို ၃-၂ နဲ့ နိုင်ခဲ့တဲ့ပွဲမှာလည်း နောက်ဆုံးအနိုင်ဂိုးကို ရရှိဖို့ကိုလည်း သူကပဲ ပံ့ပိုးပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ကစားသမား ၁၃ ဦးထက်မနည်း ဒဏ်ရာရနေခဲ့ပါတယ်။ အဲ့ဒီထဲမှာတော့ အသင်းရဲ့ကပ္ပတိန် ရွန်နေးအပါအဝင်လို့ဆိုရမှာပါ။ ဒါကြောင့်လည်း မန်ယူအသင်း မန်နေဂျာဗန်ဟားလ်ဟာ အသင်းရဲ့ လူငယ်အကယ်ဒမီကျောင်းက ကစားသမားတွေကို အသင်းမှာအရန်အဖြစ်နဲ့ ခေါ်ယူထားခဲ့တာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဗန်ဟားလ်ရဲ့လူငယ်ကစားသမားတွေကို အသင်းမှာ ခေါ်ယူအသုံးပြုမှုဟာ အသင်းအတွက်တော့ အပေါင်းလက္ခဏာဆန်တဲ့ အောင်မြင်မှုတွေရရှိခဲ့တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

တကယ့်တော့ မားကပ်စ်ရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်းကို ဖလက်ချာမေ့လူငယ်အကယ်ဒမီကနေ အသက် ခုနစ်နှစ်သားအရွယ်က ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ ရက်ရှ်ဖို့ဒ်လိုပဲ ဖလက်ချာမေ့အသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့ကစားခဲ့တဲ့ သူတွေကတော့ ဝက်စ်ဘရောင်း၊ ဝဲလ်ဘတ်၊ မောရစ်ဆင်နဲ့ အခြားနာမည်ကြီးကစားသမားတွေလည်း အများကြီးရှိနေပါသေးတယ်။

ဒါကြောင့်လည်း သူတို့နှစ်ဦးကို နည်းပြအဖြစ်ကိုင်တွယ်ခဲ့ဖူးတဲ့ ဖလက်ချာမေ့လူငယ်အကယ်ဒမီရဲ့ နည်းပြဖြစ်သူ ဒေးဗစ်ဟိုရော့ခ်ကတောင် မကြာခင် ရက်ရှ်ဖို့ဒ်ဟာ ဝဲလ်ဘတ်ကိုတောင် ကျော်တက်သွားနိုင်တယ်လို့ ပြောဆိုထားခဲ့ပါတယ်။ မန်ယူအသင်းဟာ ရက်ရှ်ဖို့ဒ်ကို ၂၀၁၄ ခုနှစ်မှာ အသင်းမှာ ဆက်လက်ရှိနေဖို့အတွက် မန်စီးတီးအသင်းနဲ့ အပြိုင်ကြိုးစားခဲ့ရတာလည်း ဖြစ်ပါတယ်။ အခုအချိန်မှာတော့ အဲ့ဒီကြိုးစားမှုရဲ့ အသီးအပွင့်ကို စားသုံးရတယ်လို့တောင်ဆိုရမလို ဖြစ်နေပါတယ်။ ဒါ့အပြင် အခုအချိန်မှာတော့ မန်ယူအသင်းဟာ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို တစ်ပတ်ပေါင် ၁၅၀၀၀ ပေးပြီး စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့တောင် ဆွေးနွေးမှုတွေပြုလုပ်နေပြီ ဖြစ်ပါတယ်။

ရက်ရှ်ဖို့ဒ်ဟာ အသက်ငယ်ရွယ်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တာနဲ့အညီ အင်တိုက်အားတိုက်ကစားနိုင်တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ တိုက်စစ်ပိုင်းနဲ့ပတ်သက်ပြီး စွမ်းရည်မြင့်တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အားပါလှတဲ့ကန်ချက်တွေနဲ့အတူ နေရာယူမှန်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ နံပါတ် 10 role နေရာနဲ့ ပိုမိုသင့်တော်တဲ့ ကစားသမားတစ်ဦးလို့လည်း ပြောရမှာဖြစ်ပါတယ်။ သူ့ရဲ့ လက်ရှိသွင်းယူခဲ့တဲ့ဂိုးတွေကို ကြည့်တာနဲ့ သူ့ရဲ့ ဂိုးသွင်းစွမ်းရည်နဲ့ အလွတ်တည်ကန်ဘောတွေမှာ ပါရမီရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ လက်ရှိကစားပုံကို ကြည့်မယ်ဆိုရင်တော့ အတွေ့အကြုံနုနယ်သေးတာကိုတော့ တွေ့ရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မန်ချက်စတာမြို့သား ရက်ရှ်ဖို့ဟာ ပြီးခဲ့တဲ့နှစ်တွေကထက်တော့ ပိုမိုတိုးတက်မှုရှိလာခဲ့တာဟာ အမှန်လို့ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း သူနဲ့ပတ်သက်ပြီး ဘောလုံးလောကမှာကတော့ ပြောဆိုမှုတွေ မျိုးစုံကြားနေရတာလည်း ဖြစ်ပါတယ်။ မန်ယူအသင်းရဲ့ လူငယ်အကယ်ဒမီအသင်းဒါရိုက်တာ နီကီဘတ်ကတော့ “ရက်ရှ်ဖို့ဒ်ဟာ တိုးတက်မှုရှိတဲ့သူပါ။ သူဟာ ပါရမီရှိသလို လေ့ကျင့်ခန်းတွေကိုလည်း ကြိုးစားပြီးလုပ်ကိုင်တဲ့သူတစ်ဦးပါ”ဟုလည်း ပြောဆိုခဲ့ပါတယ်။ နီကီဘတ်ကတော့ ယူ ၁၉ အသင်းနဲ့အတူ ပြီးခဲ့တဲ့ ယူအီးအက်ဖ်အေ လူငယ်လိဂ်ပြိုင်ပွဲမှာကတည်းက ရက်ရှ်ဖို့ဒ်ရဲ့ခြေစွမ်းကို နှစ်သက်မှုရှိခဲ့တဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မကြာသေးခင်ကပင် အသင်းကနေ ထွက်ခွာသွားခဲ့တဲ့ ယူ ၁၈ နည်းပြ မက်ဂင်းနက်စ်ကလည်း “ရက်ရှ်ဖို့ဟာ သူ့ရဲ့ ခန္ဓာကိုယ်ကြီးထွားလာမှုနဲ့အတူ ဘောလုံးပညာပိုင်းမှာလည်း တိုးတက်မှုရှိလာခဲ့တဲ့သူဖြစ်ပါတယ်။ သူပါတဲ့ပွဲတွေဆိုရင် စိတ်လှုပ်ရှားဖွယ်ဖြစ်အောင်ဖန်တီးနိုင်သလို ကျွန်တော်တို့အတွက်လည်း စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် ဖန်တီးထားနိုင်တဲ့သူဖြစ်ပါတယ်”လို့လည်း ချီးကျူးပြောဆိုခဲ့ပါတယ်။

ဒါကတော့ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်နဲ့ပတ်သက်ပြီး နည်းပြတွေနဲ့ ဒါရိုက်တာတွေရဲ့ ပြောဆိုမှုလည်းဖြစ်ပါတယ်။ လက်ရှိကစားခဲ့တဲ့ပွဲတွေမှာ ရက်ရှ်ဖို့ဒ်ရဲ့ ကစားခဲ့မှုတွေကို ကြည့်မယ်ဆိုရင်လည်း နေရာယူတတ်မှု၊ အခွင့်အရေးဖန်တီးနိုင်မှုတွေနဲ့အတူ အကွက်မြင်မြင် ကစားနိုင်တဲ့ ကစားသမားတစ်ဦးလို့လည်း ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့် ပရီမီယာလိဂ် ဒုတိယရာသီဝက်ရောက်မှသာ မန်ယူအသင်းမှာ ပထမဦးဆုံးအကြိမ် ပွဲထွက်ပါဝင်ကစားခွင့်ရရှိထားတဲ့ အသက် ၁၈ နှစ်အရွယ် လူငယ်တိုက်စစ်မှူးလေး မာကပ်စ်ရက်ရှ်ဖို့ဒ်ဟာ မန်ချက်စတာယူနိုက်တက်အသင်းနဲ့အတူ အနာဂတ်မှာ ဘယ်လောက်အထိ တောက်ပလာမလဲဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**အောင်က**

**ရက်ရှ်ဖို့ဒ်ရဲ့ ကစားခဲ့မှုတွေကို ကြည့်မယ်ဆိုရင်လည်း နေရာယူတတ်မှု၊ အခွင့်အရေးဖန်တီးနိုင်မှုတွေနဲ့အတူ အကွက်မြင်မြင်ကစားနိုင်တဲ့ ကစားသမားတစ်ဦးလို့လည်း ပြောရမှာဖြစ်။**

**မာကပ်စ်ရက်ရှ်ဖို့ဒ်ဟာ မန်ချက်စတာယူနိုက်တက်အသင်းနဲ့အတူ အနာဂတ်မှာ ဘယ်လောက်အထိ တောက်ပလာမလဲဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်**

မြန်မာ့အလင်း
၄-၃-၂၀၁၆ (သောကြာနေ့)

# ရော်နယ်ဒိုကဲ့သို့ အသင်းဖော်များကို ပြစ်တင်တတ်သူမျိုးအသင်းတွင်မရှိဟု

## ဘာစီလိုနာဒုဥက္ကဋ္ဌပြောဆို

ရီးရဲမက်ဒရစ်အသင်းက အိမ်ကွင်း ဘာနေဗျူး၌ မြို့ခံပြိုင်ဘက် အက်သလက်တီကို မက်ဒရစ်အသင်းအား ၁-၀ ဖြင့် အရေးနိမ့်ခဲ့သော စပိန်လီဂါပွဲအပြီးတွင် ရီးရဲအသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒို၏ပြောဆိုမှုအပေါ် ဘာစီလိုနာအသင်း ဒုဥက္ကဋ္ဌ ဂျော်ဒီမီ စထရီက ဝေဖန်ပြောဆိုလိုက်သည်။



ဆက်လက်၍ ဒုဥက္ကဋ္ဌ မီစထရီက ဘာစီလိုနာ အသင်းတွင် အသင်းရှုံးပွဲကြုံတွေ့ခဲ့ပါက ရော်နယ်ဒိုကဲ့သို့ အသင်းဖော်များကို ပြစ်တင်ဝေဖန်စကား ပြောဆိုတတ်သည့် ကစားသမားမျိုးမရှိကြောင်း ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းဒုဥက္ကဋ္ဌ မီစထရီက "ဘာစီလိုနာအသင်းမှာ အသင်းရှုံးပွဲကြုံတဲ့အခါ ရော်နယ်ဒိုလို အသင်းဖော်တွေကို ဝေဖန် ပြောဆိုတတ်တဲ့ ကစားသမားမျိုး မရှိပါဘူး။ ဘာစီလိုနာအသင်းဟာ ကစားသမားတွေကို ခေါ်ယူခြင်းမပြုမီမှာ စောင့်ကြည့်စစ်ဆေးမှု အများကြီး ပြုလုပ်ပြီးမှ ခေါ်ယူလေ့ရှိတဲ့အသင်းပါ။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် ဘာစီလိုနာအသင်းမှာ ရော်နယ်ဒိုလို အသင်းဖော်တွေကို ဝေဖန်ပြောဆိုတဲ့ကစားသမားမျိုးကို ကျွန်တော်စဉ်းစားလို့မရသေးပါဘူး"ဟု ပြောဆိုခဲ့သည်။ ဘာစီလိုနာအသင်းသည် စပိန်လီဂါပွဲစဉ်၂၆ ကစားပြီးချိန်တွင် ရမှတ် ၆၆ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ရပ်တည်နေပြီး ဒုတိယနေရာမှ အက်သလက်တီကို အသင်းထက်ရှစ်မှတ်၊ တတိယနေရာမှ ရီးရဲမက်ဒရစ် အသင်းထက် ၁၂ မှတ် အသာရရှိထားသည်။

ဒုတိယနေရာမှ အက်သလက်တီကိုအား ရှစ်မှတ်အသာဖြင့် ဦးဆောင်ထားနိုင်ခြင်းနှင့်ပတ်သက်၍ ဒုဥက္ကဋ္ဌ မီစထရီက "လာလီဂါပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို ဖေဖော်ဝါရီလမှာ ရရှိတာမဟုတ်ပါဘူး။ လက်ကျန်ပွဲတွေမှာ ဘာစီလိုနာအသင်း အမှတ်ဆုံးရှုံးတာမျိုးဖြစ်လာနိုင်သလို ရီးရဲမက်ဒရစ်အသင်းကလည်း ရလဒ်ကောင်းတွေ ပြန်လည်ရရှိလာနိုင်တယ်။ လက်ရှိအချိန်မှာ ချန်ပီယံဆုအတွက် ဘာမှမပြောနိုင်သေးပါဘူး" ဟု ဆက်လက်ပြောဆိုခဲ့သည်။ ■

# ခြေစွမ်းတိုးတက်မှုမရှိသည့် ချိန်ဘာလိန်ကို ရောင်းချရန် အာဆင်နယ် အသင့်ရှိနေ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ချိန်ဘာလိန်အား ရောင်းချသွားရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာဆင်နယ်အသင်း တာဝန်ရှိသူများသည် အင်္ဂလန်ကစားသမား ချိန်ဘာလိန် (၂၂နှစ်)၏ အာဆင်နယ် ကစားသမားဘဝ ငါးနှစ်တာ ကာလအတွင်း မျှော်မှန်းထားသကဲ့သို့ ခြေစွမ်းပိုင်းတိုးတက်လာမှု မရှိခြင်းအပေါ် စိုးရိမ်ပူပန်မှုများ ရှိနေခြင်းကြောင့် လာမည့်နွေရာသီဈေးကွက်ကာလ အတွင်း ချိန်ဘာလိန်အား ရောင်းချသွားရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။





ကွင်းလယ်ကစားသမား ချိန်ဘာလိန်သည် ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းတွင် ဆောက်သမ်တန်အသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး အာဆင်နယ်အတွက် စုစုပေါင်း ၁၄၉ ပွဲ ပါဝင်ကစားထားပြီးချိန်၌ ၁၄ ဂိုး သွင်းယူပေးထားသူဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ကွင်းလယ်ကစားသမား ချိန်ဘာလိန်တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ နှစ်နှစ်ကျန်ရှိနေသေးပြီး အာဆင်နယ်အသင်းအနေဖြင့် ချိန်ဘာလိန်၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၁၅သန်း တောင်းဆိုဖွယ်ရှိနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ကွင်းလယ်ကစားသမား ချိန်ဘာလိန်သည် အာဆင်နယ် ကစားသမားသက်တမ်းအတွင်း ဒဏ်ရာပြဿနာများနှင့် မကြာခဏ ကြုံတွေ့ခဲ့ရသူဖြစ်ပြီး လက်ရှိအချိန်တွင်လည်း အာဆင်နယ်က အိမ်ကွင်း၌ ဘာစီလိုနာ အသင်းကို ၂-၀ ဖြင့် အရေးနိမ့်ခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်တွင် ရရှိခဲ့သည့် ဘယ်ဘက် ဒူးဒဏ်ရာကြောင့် လာမည့် ဧပြီလကုန်ခန့်အထိ အနားယူရဖွယ်ရှိနေသူဖြစ်သည်။

ချိန်ဘာလိန်၏ ဒဏ်ရာမှာ ခွဲစိတ်ကုသရန် မလိုအပ်ကြောင်း အသင်းဆေးအဖွဲ့ ဆရာဝန်များက ပြောဆိုခဲ့ခြင်းကြောင့် ချိန်ဘာလိန်အနေဖြင့် လာမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခွင့်ရရန် မျှော်လင့်ချက်ရှိနေသည်။ ■

# မလေးရှားနိုင်ငံမှာ ကိုယ်ဟန်ပြခဲ့တဲ့ ကနေဒါတင်းနစ်မယ် ဘော်ချက်

ကနေဒါနိုင်ငံသူ နာမည်ကျော် တင်းနစ်မယ် အူဂျီနစ်ဘော်ချက်ဟာ ကိုယ်ဟန်ပြနေတဲ့ သူ့ရဲ့ ဓာတ်ပုံတစ်ပုံကို စာမျက်နှာမှာ ဖော်ပြလိုက်ပါတယ်။

ဘော်ချက်က ဒီဓာတ်ပုံကို ရှော့ပင်းစင်တာတစ်ခုမှာရှိတဲ့ သူ့ရဲ့ အားကစားဝတ်စုံကြော်ငြာရှေ့မှာ ရိုက်ကူးခဲ့တာဖြစ်ပြီး ဓာတ်ပုံထဲက ကိုယ်ဟန်အတိုင်း သရုပ်ဆောင်ပြရင်း ဓာတ်ပုံရိုက်ကူးခံခဲ့တာဖြစ်ပါတယ်။ အသက် ၂၂ နှစ်သာ ရှိသေးတဲ့ ဘော်ချက်က အခုသီတင်းပတ်အတွင်း မလေးရှားနိုင်ငံကို ရောက်ရှိနေခိုက် သွားရောက်ခဲ့တဲ့ ရှော့ပင်းစင်တာတစ်ခုမှာ အခုလို ကိုယ်ဟန်ပြဓာတ်ပုံရိုက်ကူးခံခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၉ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ အမျိုးသမီးတင်းနစ်အဖွဲ့ချုပ်ရဲ့ အဆင့် သတ်မှတ်ချက်မှာ ဘော်ချက်ဟာ ယခင်အဆင့် ၆၁ ကနေ ၅၂ အထိ တက်ရောက်လာနိုင်ခဲ့တယ်။ သူဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှာတော့ ကမ္ဘာ့အဆင့် ၅ နေရာအထိ တက်ရောက်နိုင်ခဲ့သူလည်းဖြစ်တယ်။ ၂၀၁၄ ခုနှစ်ဟာ ဘော်ချက်အတွက် အမှတ်ရစရာ နှစ်တစ်နှစ်ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ဘော်ချက်ဟာ ဂရင်ဆလမ်ပြိုင်ပွဲတွေဖြစ်တဲ့ ဩစတြေးလျအိုးပင်းနဲ့ ပြင်သစ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွေမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့သလို ဝင်ဘယ်ဒန်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှာလည်း ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တယ်။ ဒီလိုစွမ်းဆောင်နိုင်မှုကြောင့် ဘော်ချက်ဟာ ၂၀၀၉ ခုနှစ် နောက်ပိုင်းမှာ တင်းနစ်ရာသီတစ်ရာသီအတွင်း ပထမဆုံးဂရင်းဆလမ်းပြိုင်ပွဲ သုံးခုမှာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့ ပထမဆုံးအမျိုးသမီးတင်းနစ်မယ်ဖြစ်လာခဲ့သလို ၂၀၁၄ ခုနှစ် တင်းနစ်ရာသီပြီးဆုံးချိန်မှာ ၂၀၁၄ ခုနှစ်အတွက် WTA Most Improved Player ဆုကို ရရှိခဲ့တယ်။

၂၀၁၅ ခုနှစ် တင်းနစ်ရာသီမှာတော့ ဘော်ချက်ဟာ ဂရင်းဆလမ်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲဝင်မှုအဖြစ် တင်းနစ်ရာသီတစ်ရာသီအတွင်း နောက်ဆုံးဂရင်းဆလမ်းပြိုင်ပွဲဖြစ်တဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး အဲဒီပြိုင်ပွဲမှာ စတုတ္ထအဆင့်ကတင် ထွက်ခဲ့ရတယ်။ ၂၀၁၆ ခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့် ရခဲ့ပေမယ့် ဘော်ချက်ဟာ ဒုတိယအဆင့်မှာတင် ရက်ဝမ်စကာကို ၆-၄၊ ၆-၂ နဲ့ အရေးနိမ့်ခဲ့ရတယ်။

ဘော်ချက်ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့မှာ ကျင်းပခဲ့တဲ့ Qatar Total Open ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် အောင်မြင်မှုမရခဲ့ဘဲ တတိယအဆင့်မှာတင် ပြိုင်ပွဲက ထွက်ခဲ့ရတယ်။

၂၀၁၆ ခုနှစ်အတွင်းမှာ အောင်မြင်မှု မရသေးတဲ့ ဘော်ချက်ဟာ ဝေါ့ဇ်နီယာစကီ၊ ရှာရာပိုဗာ၊ လီနာတို့ရဲ့ နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူ ဆွစ်ဇာလန် တင်းနစ်သမားဟောင်း သောမတ်စ်ဟော့စတက်ကို နည်းပြအဖြစ် ငှားရမ်းထားတာကြောင့် ၂၀၁၆ ခုနှစ်အတွင်းမှာ အောင်မြင်မှုတွေရရှိပြီး ကမ္ဘာ့အဆင့် ပြန်လည်မြင့်တက်လာမလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

**တင်းနစ်ရာသီတစ်ရာသီအတွင်း ပထမဆုံးဂရင်းဆလမ်ပြိုင်ပွဲသုံးခုမှာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့ ပထမဆုံးအမျိုးသမီးတင်းနစ်မယ်ဖြစ်လာခဲ့သလို ၂၀၁၄ ခုနစ် တင်းနစ်ရာသီပြီးဆုံးချိန်မှာ ၂၀၁၄ ခုနစ်အတွက် WTA Most Improved Player ဆုကို ရရှိခဲ့တယ်။**





PREMIER LEAGUE

### ပရီမီယာလိဂ်ပွဲစဉ်(၂၉)

စနေနေ့ (၅-၃-၁၆)

| | | |
|---|---|---|
| ည ၇း၁၅ | စပါး | - အာဆင်နယ် |
| ည ၉း၃၀ | မန်စီးတီး | - ဗီလာ |
| ည ၉း၃၀ | ကာဆယ် | - ဘုန်းမောက် |
| ည ၉း၃၀ | ဆွမ်ဆီး | - နော့ဝှစ်ချ် |
| ည ၉း၃၀ | ချယ်လ်ဆီး | - စတုတ် |
| ည ၉း၃၀ | ဆောက်သမ်တန် | - ဆန်းဒါးလန်း |
| ည ၉း၃၀ | အဲဗာတန် | - ဝက်စ်ဟမ်း |
| နံနက် ၀၀း၀၀ | ဝက်ဖို့ဒ် | - လက်စတာ |

တနင်္ဂနွေနေ့ (၆-၃-၁၆)

| | | |
|---|---|---|
| ည ၈း၀၀ | ပဲလေ့စ် | - လီဗာပူး |
| ည ၁၀း၃၀ | ဝက်စ်ဘရွန်း | - မန်ယူ |

LIGA BBVA

### စပိန်လီဂါပွဲစဉ်(၂၇)

စနေနေ့ (၅-၃-၁၆)

| | | |
|---|---|---|
| ည ၉း၃၀ | ရီးရဲ | - ဆယ်တာဗီဂို |
| ည ၁၁း၄၅ | ဗီလာရီးရဲ | - လက်ပဲလ်မတ် |
| နံနက် ၂း၀၀ | ဂီတာဖေး | - ဆီဗီလာ |
| နံနက် ၃း၃၅ | ဒီပို့တီဗို | - မာလာဂါ |

တနင်္ဂနွေနေ့ (၆-၃-၁၆)

| | | |
|---|---|---|
| ညနေ ၅း၃၀ ဘက်တစ် | | -ဂရန်နာဒါ |
| ည ၉း၃၀ | အီဘာ | - ဘာစီလိုနာ |
| ည ၁၁း၄၅ | ဆိုစီဒက် | - လီဗန်တေး |
| ည ၁၁း၄၅ | ဂီဂျွန် | - ဘီလ်ဘာအို |
| နံနက် ၂း၀၀ | ဗလင်စီယာ | - အက်သလက် |

တနင်္လာနေ့ (၇-၃-၁၆)

| | | |
|---|---|---|
| နံနက် ၂း၀၀ အက်စ်ပန်ညို | | -ဗယ်လက်ကာနို |

SERIE A TIM

### စီးရီးအေပွဲစဉ်(၂၇)

သောကြာနေ့ (၄-၃-၁၆)

| | | |
|---|---|---|
| နံနက် ၂းရိုမား | | -ဖီအိုရင်တီးနား |

စနေနေ့ (၅-၃-၁၆)

| | | |
|---|---|---|
| ည ၁၁း၃၀ဗီရိုနာ | | -ဆမ်ဒိုးရီးယား |
| နံနက် ၂း၁၅ | နာပိုလီ | - ချီယေဗို |

တနင်္ဂနွေနေ့ (၆-၃-၁၆)

| | | |
|---|---|---|
| ည ၆း၀၀ | တိုရီနို | -လာဇီယို |
| ည ၈း၃၀ | ဘိုလော့ဂ်နာ | - ကာပီ |
| ည ၈း၃၀ | ဂျီနိုအာ | - အမ်ပိုလီ |
| ည ၈း၃၀ | အတ္တလန္တာ | - ဂျူဗင်တပ်စ် |
| ည ၈း၃၀ | ဆက်ဆူအိုလို | - အေစီမီလန် |
| ည ၈း၃၀ | ဖရိုစီနိုနီ | - အူဒီးနိစ် |
| နံနက် ၂း၁၅ | အင်တာမီလန် | - ပါလာမို |

BUNDESLIGA

### ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၅)

စနေနေ့ (၅-၃-၁၆)

| | | |
|---|---|---|
| ည ၉း၀၀ | ဝုဖ်ဘတ် | -ဂလာဘတ် |
| ည ၉း၀၀ | စတုဂတ် | - ဟော့ဖန်ဟိမ်း |
| ည ၉း၀၀ | အော့စ်ဘတ် | - လေဗာကူဆင် |
| ည ၉း၀၀ | ဝါဒါဘရီမင် | - ဟန်နိုဗာ |
| ည ၉း၀၀ | ဖရန့်ဖတ် | - အင်ဂိုစတက် |
| ည ၉း၀၀ | ကိုလုံး | - ရှော့လ်ကေး |
| နံနက် ၀၀း၀၀ | ဒေါ့မွန် | - ဘိုင်ယန် |

တနင်္ဂနွေနေ့ (၆-၃-၁၆)

| | | |
|---|---|---|
| ည ၉း၀၀ | မိန့်ဇ် | - ဒရန်စတက် |
| ည ၁၁း၀၀ | ဟမ်းဘတ် | - ဟာသာဘာလင် |

UEFA CHAMPIONS LEAGUE

### ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒု-ကျော့

အင်္ဂါနေ့ (၈-၃-၁၆)

| | | |
|---|---|---|
| နံနက် ၂း၁၅ | ဝုဖ်ဘတ် | - ဂျင့် |
| နံနက် ၂း၁၅ | ရီးရဲ | - ရိုးမား |

ဗုဒ္ဓဟူးနေ့ (၉-၃-၁၆)

| | | |
|---|---|---|
| ည ၁၁း၃၀ | ဇင်းနစ်ဘင်ဖီကာ | |
| နံနက် ၂း၁၅ | ချယ်လ်ဆီး | - ပီအက်စ်ဂျီ |